# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၃၆၂)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)

Coronavirus Disease 2019 (COVID –19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း

ဒီနေ့မှာ ကျွန်မတို့နိုင်ငံရဲ့ ကိုဗစ်ရောဂါအခြေအနေကို ပြည်သူလူထုကို တင်ပြဖို့ဖြစ်ပါတယ်။ အများကတော့ သိပြီးသားဖြစ်မှာပါ။ အခုဆိုရင် ရောဂါပိုးကူးစက်နေတဲ့၊ ကူးစက်ခဲ့တဲ့၊ အခုလက်ရှိရော ကူးစက်နေဆဲ အားလုံးပေါင်းလိုက်ရင် တစ်သောင်းကျော်သွားပါပြီ။ နောက်ပြီးတော့ သေပျောက်မှုနှုန်းကလည်း (၂၀၀)ကျော်သွားပါပြီ။ အဲဒီအခါကျတော့ ကျွန်မတို့ ပြည်သူတွေတချို့မှာ စိုးရိမ်ကြောင့်ကြမှုတွေ ရှိမယ်ဆိုတာ သဘာဝကျပါတယ်။ ဒါပေမယ့် ဒီဟာကို စိုးရိမ်ကြောင့်ကြစရာလို့ မမြင်ဘဲနဲ့ အလေးအနက်ထားစရာလို့ မြင်စေချင်ပါတယ်။ အလေးအနက်ထားစရာ၊ သတိထားစရာလို့ မြင်စေချင်ပါတယ်။

နောက်ပြီးတော့ အထူးသဖြင့် အခုရောဂါပိုးတွေ့ရှိနေပြီဆိုပြီး သိရတဲ့ ကျွန်မတို့ ပြည်သူတွေကို အားပေးစကား ပြောချင်ပါတယ်။ ဘယ်တော့မှ တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုဗစ်ရောဂါရဲ့ ပြဿနာကဘာလဲဆိုတော့ ရောဂါရှိပြီဆိုရင် တခြားရောဂါတွေဖြစ်တဲ့ အခါမှာလို ဘေးကနေပြီးတော့ မိသားစုတွေ၊ မိတ်ဆွေတွေက ဝန်းရံပေးလို့မရပါဘူး။ သတ်သတ်စီနေရတယ်။ နေရတဲ့အခါကျတော့ တစ်ယောက်တည်းနေရလို့ဆိုပြီးတော့ စိတ်ဓာတ်ကျတာတို့၊ စိတ်အားငယ်တာတို့ ဖြစ်တယ်ဆိုတာလည်း ဒါလည်း သဘာဝကျပါတယ်။ အဲဒီတော့ ကျွန်မပြောချင်တာက ကျွန်မတို့ရဲ့ နိုင်ငံတော်အနေနဲ့ကတော့ ရောဂါဖြစ်နေတဲ့ ပြည်သူအားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်ဖိုးထားပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်




မြန်မာ့အလင်း

# အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်ကြ

လူ့သဘာဝအရ အခက်အခဲအကျပ်အတည်းများနှင့် ကြုံရသည့်အခါ၊ စိုးရိမ်ကြောင့်ကြစရာများနှင့် ဒက်ထိရင်ဆိုင်ရသည့်အခါ စိတ်ရှုပ်ထွေးမှု ပူပန်မှုများ ဖြစ်ရသည်။ အထူးသဖြင့် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ကိုယ်နိုင်နင်းစွာ ကျော်လွှားဖြတ်သန်းရန် အလွန်ခက်ခဲသည့် ပြဿနာများနှင့် ကြုံတွေ့ရသည့်အခါတွင် စိတ်ခံစားချက်ကျကာ လက်လျှော့ငိုကြွေးခြင်း သို့မဟုတ် မဆိုင်သည့်နေရာများတွင်ပါ ပြင်းပြင်းထန်ထန်ဖောက်ခွဲထွက်ပေါက်ပေးခြင်းစသည့် လွဲမှားသော တုံ့ပြန်မှုမျိုး ဖြစ်လေ့ရှိသည်။

သည်လိုအခါများတွင် မိမိကိုယ်ကိုယ် နာကျင်ထိခိုက်အောင် လုပ်ခြင်းသည်လည်းကောင်း၊ အိမ်တွင်းအကြမ်းဖက်ခြင်း၊ အားနည်းသူများပေါ် အနိုင်ကျင့်နှိပ်စက်ခြင်းသည်လည်းကောင်း စသည်တို့ ဖြစ်တတ်၏။ ထိုအခါများတွင် အဖြေမှန်မှန်ကန်ကန် မထွက်ဘဲ၊ ပြဿနာကို မဖြေရှင်းနိုင်ဘဲ မိသားစုတွင်း၌ နာကျင်ခံစားရမှုများဖြင့် အဆုံးသတ်လေ့ရှိ၏။

အချို့မိသားစုများတွင် အမျိုးသမီးများ၊ ကလေးငယ်များကို စိတ်ခံစားရေးရာအရဖြစ်စေ၊ ကိုယ်ကာယကို နာကျင်အောင်ဖြစ်စေ အကြမ်းဖက်မှုများ ဖြစ်တတ်၏။ အရက်မူးလို့၊ ငွေရေးကြေးရေးနှင့် စီးပွားရေးအခက်အခဲများက ပိုပိုဆိုးဆိုးလာ၍၊ အချို့မမျှော်လင့်သော အခြေအနေများ ဥပမာအားဖြင့် ယခုကာလတွင် ကြုံရသော ဗိုင်းရပ်စ်ရောဂါပိုးပြန့်ပွားမှုမျိုးကို စိုးရိမ်ပူပန်လွန်ကာ စိတ်ဖိစီးတင်းကျပ်လွန်း၍၊ အကန့်အသတ်များ၍၊ လူမှုဆက်ဆံရေး ကျဲပါးပြတ်တောက်ခြင်းကြောင့် အထီးကျန်သည့် စိတ်ခံစားမှုများက လွှမ်းမိုးလာ၍၊ မူးယစ်ဆေးဝါးများသုံးစွဲ၍ အစရှိသည့် အကြောင်းများကို အခြေခံကာ အကြမ်းဖက်မှုကို ကျူးလွန်ကြလေ့ရှိ၏။

ဤနေရာတွင် အချို့သောအစဉ်အလာနှင့် အရိုးစွဲလာသည့် လိင်ခွဲခြားသတ်မှတ် တန်ဖိုးထားမှုသည်လည်း အကျုံးဝင်လေ့ရှိ၏။ အမျိုးသမီးများ၊ ကလေးများဟူသည် ထားရာနေ စေရာသွားဖြစ်ရမည်ဟူသည့် အယူအစွဲအမှားတို့ကလည်း အကြမ်းဖက်မှုများကို အားပေးလေ့၊ ဖန်တီးပေးလေ့ရှိ၏။

မူအရ ဆိုရပါလျှင် မည်သို့သော အကြောင်းကြောင့်နှင့် ဖြစ်စေ၊ မည်သူ တစ်ဦးတစ်ယောက်ကိုမှ နာကျင်ထိခိုက်အောင် မလုပ်ရ။ ဒါက လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းနှင့် ဥပဒေပဲဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ဟုဆိုရာတွင် မိမိကိုယ်ကိုယ်ပင်လျှင်လည်း နာကျင်အောင် မပြုလုပ်ရဟု ဆိုလို၏။

လူတစ်ဦးတစ်ယောက်ကို နာကျင်အောင်ပြုခြင်းကို တရားဥပဒေက လက်မခံသလို လူ့အဖွဲ့အစည်းကလည်း သည်းမခံနိုင်ပါ။ သည်လို အိမ်တွင်းအကြမ်းဖက်မှုများကို လူမှုအဖွဲ့အစည်းတွင်းရှိ လူတိုင်းက ဆန့်ကျင်ကြောင်း ဖော်ပြရန်လိုပါ၏။

မိမိပတ်ဝန်းကျင်တွင် အိမ်တွင်းအကြမ်းဖက်မှု တစ်စုံတစ်ရာရှိသည်ကို မြင်ရ၊ ကြားရလျှင် မသိကျိုးကျွန်မပြုဘဲ၊ ငြိမ်ဆိတ်မနေဘဲ ပူးပေါင်းကူညီခြင်းဖြင့် ဆန့်ကျင်ကြသင့်ပါသည်။ သည်လိုအကြမ်းဖက်မှုများကို ကိုယ်တိုင်တွေ့ကြုံ ခံစားရသူများကလည်း ငြိမ်ဆိတ်မနေသင့်ပါ။ မိမိနှင့် နီးစပ်ရာ သို့မဟုတ် မိမိယုံကြည်ရသူ တစ်ဦးဦးနှင့် ဖွင့်ဟတိုင်ပင်သင့်ပါသည်။ လောကကြီးထဲတွင် သည်လိုအကြမ်းဖက်မှုများကို ဆန့်ကျင်သူက အများစုဖြစ်ပါသည်။ အကြမ်းဖက်ခံရသူများကို ကူညီလိုသည့်သူများက အများစု ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနကဲ့သို့သော ဤလိုတာဝန်မျိုးကို တိတိကျကျနှင့် ကျေကျေပွန်ပွန် ထမ်းဆောင်နေသည့် အဖွဲ့အစည်းများရှိ၏။ ဥပဒေအရ အကူအညီပေးမည့် အဖွဲ့အစည်းများလည်း ရှိ၏။ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများလည်း ရှိ၏။

မသူတော်များ၊ စိတ်ထားနိမ့်ကျသူများ၊ စိတ်ခံစားမှုမမှန်သူများ၊ အကျင့်ပျက်သူများသာ အကြမ်းဖက်မှုကို ကျူးလွန်ကြသည်ဟု နားလည်ကြရန်လိုပါသည်။ ရံဖန်ရံခါတွင် အချို့သော စိတ်အနေမမှန်သူများက အကြမ်းဖက်သူထက် အကြမ်းဖက်ခံရသူများကို အပြစ်ဆိုလေ့ရှိ၏။ အကြမ်းဖက်ခံရသူက အနေအထိုင်မတတ်လို့၊ အကြမ်းဖက်ခံရသူက တစ်စုံတစ်ရာ အမှားပြုလို့ဟူ၍ ပြစ်တင်၍မရပါ။ အမှားပြုသူဖြစ်လျှင် ဥပဒေအရသာ ဖြေရှင်းခွင့်ရှိပါသည်။ အကြမ်းဖက်နည်းဖြင့် ဖြေရှင်း၍ မရပါ။

မည်သို့သော အကြမ်းဖက်မှုများမှာမဆို၊ အကြမ်းဖက်ခံရသူများမှာ အပြစ်မရှိ၊ အကြမ်းဖက်သူများမှာသာ အပြစ်ရှိသည်ဆိုခြင်းကို အလေးအနက် သဘောပေါက်ကြရန် လိုပါသည်။

အကြမ်းဖက်မှုမှန်သမျှကို ဆန့်ကျင်ကြရန် လူတိုင်းတွင် တာဝန်ရှိပါသည်၊ လောကအကျိုးလိုလားသူတိုင်း ပါဝင်ပူးပေါင်းကူညီကြရန်လိုအပ်ပါသည်ဟု တင်ပြနှိုးဆော်လိုက်ရပါသတည်း။ ။

## COVID-19 ကူးစက်ခံရနိုင်ခြေများသော အပြုအမူများ

**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)**

အောက်ပါအပြုအမူများပြုလုပ်ပါက လူတစ်ဦးတွင် COVID-19 ရောဂါပိုးရှိနေပါက အခြားသူများထံ ရောဂါကူးစက်ခံရနိုင်ခြေ များပြားပါသောကြောင့် **တတ်နိုင်သမျှ** ရှောင်ကြဉ်ကြပါရန် တိုက်တွန်းအပ်ပါသည် -

- ဝိုင်းဖွဲ့သီချင်းဆိုခြင်းနှင့် လူအများစုဝေးကာ ကာရာအိုကေသီချင်းဆိုခြင်း၊
- ရုံး၊ စက်ရုံ၊ အလုပ်ရုံနှင့် ဆေးရုံများတွင် ဝိုင်းဖွဲ့စားသောက်ခြင်း၊
- စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အဖျော်ယမကာဆိုင်၊ ညစာစားပွဲ၊ မိတ်ဆုံစားပွဲ၊ မွေးနေ့ပွဲ၊ အလှူပွဲများ စသည်တို့တွင် ဝိုင်းဖွဲ့စကားပြောဆိုခြင်းနှင့် စားသောက်ခြင်း၊
- ဈေးနှင့် ဈေးဝယ်စင်တာများတွင် လူအများတိုးဝှေ့ ဝယ်ယူခြင်းနှင့် အချိန်ကြာမြင့်စွာ လှည့်လည်ဝယ်ယူခြင်း၊
- တန်ဖိုးကြီး လက်ဝတ်ရတနာများနှင့် ပစ္စည်းများဝယ်ယူရန် ရွေးချယ်ရာတွင် လူအများ အချိန်ကြာမြင့်စွာ အနီးကပ်ထိတွေ့ခြင်း၊
- အလှပြင်ဆိုင်နှင့် ဆံပင်ညှပ်ဆိုင်များတွင် တစ်ဦးနှင့်တစ်ဦး အချိန်ကြာမြင့်စွာ အနီးကပ်ထိတွေ့ခြင်း၊
- လူအများအခန်းတစ်ခုတည်း၌ နီးကပ်စွာ စုပေါင်းအိပ်စက်ခြင်း၊
- ဘတ်စ်ကားများနှင့် အဝေးပြေးယာဉ်များ စီးနင်းရာတွင် ပါးစပ်နှင့်နှာခေါင်းစည်းစနစ်တကျမတပ်ဆင်ခြင်း၊ အချိန်ကြာမြင့်စွာ လူအများတိုးဝှေ့ကျပ်တည်းစွာ စီးနင်းခြင်းနှင့် လူအများကိုင်တွယ်ထားသည့် လက်ကိုင်၊ လက်ရန်းများကို ကိုင်တွယ်ပြီး လက်မဆေးဘဲ မျက်နှာနှင့် နှာခေါင်းတို့ကို ကိုင်တွယ်ခြင်း။

(မှတ်ချက်။ ။ အခြားသော ရောဂါကူးစက်နိုင်ခြေများပြားသည့် လူစုလူဝေးဖြင့်ပြုလုပ်သော ပွဲလမ်းသဘင်များ၊ အခမ်းအနားများ၊ သင်တန်းများ၊ ဝတ်ပြုဆုတောင်းပွဲများ၊ တရားပွဲများစသည်တို့ကို ယခုကာလအတွင်း ခွင့်မပြုကြောင်း အမိန့်ကြေညာစာများဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။)

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကမ္ဘောဇဘဏ်က မန္တလေးမြို့ဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

မန္တလေး စက်တင်ဘာ ၂၈



ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံအဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (အထက်မြန်မာပြည်) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်းနှင့် မန်နေဂျာများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း နှစ်သိန်း၊ ခေါင်းစွပ် ၅၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်အိတ် ၃၀၀၀၀၊ လက်သန့်ဆေး ရည်ဘူးကြီး ၁၅၀၀၊ မျက်မှန် ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၀ နှင့် ဆေးရုံကြီးများအတွက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ တို့ကို သက်ဆိုင်ရာဆေးရုံ အစည်းအဝေးခန်းမများ၌ ပေးအပ်လှူဒါန်းရာ မန္တလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝေဝေဦးနှင့် ကန်တော်နဒီဆေးရုံအုပ်ကြီး ဒေါက်တာသက်ပိုင်ဦးတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၃၂၆၆ သိန်း လှူဒါန်းထားရှိပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်းသိရသည်။

ကိုကျော်

# ပြည်သူသို့သဝဏ်လွှာ ပြည်သူသိလျှင် အဓိက

**❒ ရှေ့ဖုံးမှ**

ကျွန်မတို့ ဘယ်တော့မှ ဘယ်သူဖြစ်တာလဲလို့ မမေးပါဘူး။ ဘယ်နှယောက်ဖြစ်တာပဲ ကြည့်ပါတယ်။ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို တန်းတူပဲ တန်ဖိုးထားပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူ၊ ဩဇာအာဏာရှိတဲ့သူဆိုပြီး ခွဲပြီးတော့ သူ့ဆိုရင် ပိုပြီးတော့ အလေးထားတယ်ဆိုတာ လုံးဝမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့ပြည်သူတွေဟာ အဲဒီအင်အားနဲ့ ဒီရောဂါကို ပြန်ပြီး တွန်းလှန်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဓာတ်ကျပြီဆိုရင် ကိုယ်ခံအားက ကျတတ်ပါတယ်။ ကိုယ်ခံအားမကျဖို့က အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံတော် တင်မကဘူး။ ကျွန်မတို့ ပြည်သူတွေ အများစုကလည်း ဒီလိုပဲ ရောဂါဖြစ်တဲ့သူတွေအပေါ်မှာ မေတ္တာနဲ့ရှုနေမယ်။ ကရုဏာနဲ့ ရှုနေမယ်။ အမြန်ဆုံးပြန်ပြီးတော့ သက်သာစေချင်တဲ့စိတ်တွေ ရှိနေမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီရောဂါပိုးရပြီဆိုတာ တွေ့တယ်ဆိုရင် စိတ်ဓာတ်မကျပါနဲ့။ အတတ်နိုင်ဆုံး ကျွန်မတို့ လုပ်ပေးပါမယ်။ နောက်ပြီးတော့လည်း ပြည်သူပြည်သားတွေကလည်း ဝိုင်းပြီးတော့ မေတ္တာပို့ကြမယ်၊ ဆုတောင်းပေးကြမယ်လို့လည်း ကျွန်မ ယုံကြည်ပါတယ်။

ဒီတော့ ဒီရောဂါပိုးတွေ့ရှိတာနဲ့ ပတ်သက်လို့ သောကြာနေ့တုန်းက ကျွန်မ ပြောပါတယ်။ တောင်ကိုရီးယားကနေပြီးတော့ ဒီရောဂါပိုး ရှိ မရှိကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန်စစ်ဆေးနိုင်တဲ့ Antigen test kit တွေရဖို့ ရှိတယ်လို့ ကျွန်မပြောခဲ့ပါတယ်။ ဒါရက်ပိုင်းအတွင်း ရောက်မယ်ဆိုတာ ကျွန်မ ပြောတဲ့အတိုင်းပဲ ခုရက်ပိုင်းအတွင်း ရောက်ပါပြီ။ မနေ့ကဆိုရင် ကျွန်မတို့ အစိုးရဝယ်တဲ့ (၂)သိန်းထဲမှာဆိုရင် (၆)သောင်း ရောက်ပါတယ်။ ဒီနေ့ဆိုရင် နောက် (၁)သိန်း (၄)သောင်း ရောက်ဖို့ရှိတဲ့အခါကျတော့ ဒီ(၂)သိန်းစလုံးဟာ ဒီနေ့ပြည့်မှာ ဖြစ်ပါတယ်။ မနက်ဖြန်ကစပြီးတော့ မြို့နယ်၊ ခရိုင် ဆေးရုံတွေမှာ စပြီးတော့ စမ်းသပ်တဲ့ test kit ကို သုံးမှာဖြစ်ပါတယ်။ နောက် မနက်ဖြန်မှာလည်း တောင်ကိုရီးယားအစိုးရကနေပြီးတော့ လှူဒါန်းတဲ့ test kit တွေထဲက (၅)ထောင်ရောက်ဖို့ရှိပါတယ်။ အဲဒီတော့ စပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် စမ်းသပ်နိုင်တဲ့ test kit တွေကို သုံးပြီဆိုရင် ရောဂါပိုးရှိတာတွေ ပိုပြီးတော့ တွေ့လာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မြန်စစ်လိုက်တဲ့အခါကျတော့ မြန်မြန်သိရတယ်။ အဲဒါကြောင့်လည်း စိတ်ဓာတ်မကျပါနဲ့။ ဒီလိုမြန်မြန်သိရတဲ့အခါကျတော့ စောစောစီးစီး ကုသမှုပေးနိုင်တယ်။ ပျောက်နှုန်းက ပိုပြီးတော့ ကောင်းလာမယ်။

အရင်လည်း ကျွန်မတို့ ပြောခဲ့ပါတယ်။ ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ အသေအပျောက်ရှိခဲ့တာဟာ ဘာနဲ့ဆက်စပ်နေလဲဆိုတော့ အခြေခံကျန်းမာရေးနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ အခြေခံကျန်းမာရေး အားမကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ အခြေခံရောဂါတွေ၊ အခြားရောဂါတွေရှိတာ၊ အထူးသဖြင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ကျွန်မတို့ရဲ့ ပြည်သူတွေမှာ ရှိတတ်ပါတယ်။ အဲဒါတွေရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပိုပြီးတော့ သတိထားရပါတယ်။ ပိုပြီးတော့ ကိုယ်ခံအားမကောင်းလို့ စိုးရိမ်စရာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုရောဂါတွေရှိလို့လည်း စောစောက ကျွန်မပြောသလို စိတ်ဓာတ်မကျပါနဲ့။ စိတ်ဓာတ်က အများကြီးဆောင်ပါတယ်။ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး။ ကိုယ်နဲ့ တစ်တိုင်းပြည်လုံးက ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အင်အားမွေးပါ။ ကျွန်မတို့ တစ်တိုင်းပြည်လုံးအတွက် ကိုယ်ကလည်း ရုန်းကန်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီရောဂါကို ကျော်လွှားနိုင်အောင်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေအကြောင်း ပြောရင်းနဲ့ တစ်ခါတည်း ကျွန်မ ပြောရမယ်ဆိုရင် ကျန်းမာရေးဝန်ထမ်းတွေထဲမှာလည်း ရောဂါပိုးကူးစက်တာတွေရှိတယ်။ အသေအပျောက်လည်းရှိပါတယ်။ ဒါဟာလည်း ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အလုပ်သဘောသဘာဝအရ ရှောင်ရခက်တဲ့ ကိစ္စပါ။ ကျွန်မတို့ ဒီလိုရှောင်ရခက်တဲ့ ကိစ္စမှန်းသိလျက်သားနဲ့ စေတနာ၊ မေတ္တာနဲ့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျွန်မတို့ စေတနာ့ဝန်ထမ်းတွေ၊ Quarantine ဘက်မှာ ကူညီတဲ့ စေတနာ့ဝန်ထမ်းတွေ အားလုံးကိုလည်း ပြည်သူပြည်သားများကိုယ်စား ကျေးဇူးတင်ပါတယ်ဆိုတာ ကျွန်မထပ်လောင်းပြီးတော့ ပြောချင်ပါတယ်။

အဲဒီတော့ ကျွန်မတို့ပြည်သူတွေဟာ အခုဆိုရင် အထူးသဖြင့်ပေါ့။ ရောဂါပြန့်ပွားမှုက များပြားပြီးတော့ ဆိုးရွားနေတာကတော့ ရန်ကုန်တိုင်းဒေသကြီးပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ တော်တော်ဆင်ဆင်ခြင်ခြင်ဖြစ်လာပြီလို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒါပေမယ့်လည်း ဆက်ပြီးတော့ ဆင်ခြင်ဖို့လိုပါတယ်။ အခုဟာက အခုစပြီးဆင်ခြင်လို့ မနက်ဖြန်ချက်ချင်း အားလုံးဟာ ပျောက်မှာ မဟုတ်ပါဘူး။ ကူးပြီးသား ရောဂါပိုးတွေကတော့ ရှိနေမှာပဲ။ ဆက်ပြီးတော့ မပြန့်ပွားအောင် ကျွန်မတို့က ထိန်းသိမ်းထားဖို့ ဖြစ်ပါတယ်။ ဆက်ပြီးတော့ မပြန့်ပွားအောင်လို့ဆိုတော့ အဲဒီလိုပြန့်ပွားစေတဲ့ နေရာတွေကို ကျွန်မတို့ အထူးဂရုပြုပြီးတော့ လုပ်ဆောင်နေပါတယ်။ ဥပမာဆိုရင် ဈေးတွေပေါ့။ ဈေးတွေမှာ အစကတည်းကတော့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါပေမယ့်လည်း ဒီစည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာမှုတွေကတော့ နည်းပါတယ်။

ဒါကြောင့်လည်း အဲ့ဒီဘက်ကနေ ပြန့်ပွားတာတွေရှိပါတယ်။ အခုကျတော့ ပိုပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် လိုက်နာလာတာတွေကလည်း ပြည်သူတွေဘက်က ရှိတယ်ပေ့ါနော်။ အစိုးရဘက်ကလည်း ပိုပြီးတော့ တင်းတင်းကျပ်ကျပ်ထိန်းသိမ်းဖို့ ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ဒီလိုပြန့်ပွားမှုကတော့ လုံးဝတော့ ကျသွားနိုင်မယ်လို့ ကျွန်မတို့ ခန့်မှန်းထားပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားရဲ့သားနဲ့ ဒီစည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာဘဲနေတာဟာ အဲဒါသတ္တိမဟုတ်ဘူး၊ အဲဒါတော့ သတိထားစေချင်တယ်။ မကြောက်ပါဘူး။ ဖြစ်မှာ မကြောက်ပါဘူးဆိုပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတာဟာ သတ္တိမဟုတ်ဘူး။ အဲဒါပြောရင်းနဲ့ ဖေဖေပြောတဲ့ စကားလေးတစ်ခုကို သွားပြီး သတိရပါတယ်။ လုပ်ရဲတာက သတ္တိမဟုတ်ဘူး၊ ခံရဲတာက သတ္တိပဲ။ အဲဒါကြောင့် အခု ဒီစည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရဲတယ်ဆိုတာ သတ္တိမဟုတ်ပါဘူး။ စည်းမျဉ်းစည်းကမ်းတွေကို ခံရဲတယ်၊ စည်းမျဉ်းစည်းကမ်းတွေရဲ့ ဝန်ကိုခံပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုတာ အဲဒါက တကယ့်သတ္တိပဲ။ ဒီလိုလုပ်ရဲတဲ့ သတ္တိထဲမှာတော့ ကျွန်မတို့ဝန်ထမ်းတွေ ပါတာပေ့ါ။ စေတနာ့ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကတော့ သတ္တိနဲ့ လုပ်ရတယ်။ အများအတွက် လုပ်ရတယ်။ ဒီလိုလုပ်ရဲတဲ့ သတ္တိကတော့ ခံရဲတဲ့ သတ္တိနည်းတူ တန်ဖိုးရှိပါတယ်။

ကျွန်မတို့ အခုပြည်သူတွေ ကျန်းမာရေးအတွက် ဂရုစိုက်တဲ့နေရာမှာ ဘယ်သူ့ကိုမှ မချန်လှပ်ထားပါဘူး။ စောစောက ပြောသလိုပေ့ါနော်၊ အယုတ်အလတ်အမြတ် မခွဲခြားပါဘူး။ ဥပမာအားဖြင့်ဆိုရင် အကျဉ်းကျနေတဲ့ ကျွန်မတို့ ပြည်သူတွေ၊ အချုပ်ခံနေရတဲ့ ကျွန်မတို့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကိုလည်း ကျွန်မတို့ အများကြီးစဉ်းစားပါတယ်။ အကျဉ်းထောင်ထဲမှာလည်း ရောဂါမပြန့်ပွားအောင်၊ အချုပ်ခန်းတွေထဲမှာ ရောဂါမပြန့်ပွားအောင်လို့ တစ်ချိန်တည်းမှာပဲ တရားဥပဒေစိုးမိုးရေးကို ကျွန်မတို့ ဦးထိပ်ထားပြီးတော့ တရားစီရင်မှုတွေကို လုပ်ထုံးလုပ်နည်းအရ ဆက်လက်ပြီးတော့ ဖြစ်သွားအောင်လို့လည်း ကျွန်မတို့ စီစဉ်ရပါတယ်။ ဒါကြောင့် ရုံးတင်ရမယ်ဆိုရင်... ရမန်ပေးတဲ့နေရာမှာ၊ စီရင်ချက်ချတဲ့နေရာမှာ ဘယ်လိုအကောင်းဆုံးလုပ်မလဲ၊ တရားဥပဒေနဲ့လည်း ကိုက်ညီအောင်၊ နောက်ပြီးတော့ ကျွန်မတို့ရဲ့ ပြည်သူတွေ အကျဉ်းကျနေတဲ့၊ အချုပ်ခံနေရတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကိုလည်း ကာကွယ်နိုင်အောင် ဆိုပြီးတော့ အဘက်ဘက်ကနေ ကျွန်မတို့ ကြည့်ပြီးတော့ ကြိုးစားပါတယ်။ ဒါကြောင့်မို့ ဘယ်သူမှ အားငယ်စရာမလိုပါဘူး။ ငါကတော့ အရေးမပါဘူး။ ငါက အကျဉ်းကျနေတဲ့သူ၊ အချုပ်ကျနေတဲ့သူလို့ စဉ်းစားစရာမလိုပါဘူး။ အားလုံးကို တန်းတူညီတူ ဂရုစိုက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါမယ်။ ပြည်သူတွေကတော့ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ အင်မတန်မှ လိုအပ်ပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ကျွန်မတို့အရင် သောကြာနေ့တုန်းကပြောတယ်။ အစီအစဉ်တစ်ခု လုပ်ပါမယ်။ အဲဒါကတော့ ကျွန်မတို့ ပြည်သူတွေက ဟိုကြားဒီကြားနဲ့ ကြားတာကို ယုံပြီးတော့ ဟိုဆေးမြီးတိုလေးနဲ့ ကုကြည့်၊ ဒီဆေးမြီးတိုလေးတွေနဲ့ ကုကြည့်လုပ်မှာစိုးလို့ ကျွန်မတို့ သမားတော်ကြီးများကို မေးခွန်းမေးနိုင်တဲ့ အစီအစဉ်မျိုးလုပ်မယ်လို့ ကျွန်မပြောခဲ့ပါတယ်။ ဒီအစီအစဉ်ကလည်း မနက်ဖြန်ဆို စတင်ပါတော့မယ်။ ဒီအစီအစဉ်မှာ သိချင်တဲ့ကိစ္စတွေ မေးဖို့ဆိုရင် ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနရဲ့ Facebook မှာ မေးဖို့ဆိုတာလည်း ကျွန်မ ပြောပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အခုထိဆိုရင် ရောက်လာတဲ့ မေးခွန်းတွေဟာ ၃၀၀ လောက်ရှိပြီလို့ နားလည်ပါတယ်။

ဒါပေမယ့် ဒီ ၃၀၀ ထဲမှာ တချို့ မေးခွန်းတွေဟာ ထပ်တာပေ့ါနော်။ ပြည်သူများ တချို့တွေ သိချင်တဲ့ဟာတွေက အကြောင်းအရာတစ်ခုတည်းဆိုတဲ့ အခါကျရင်တော့ အားလုံး တစ်ခုချင်းမဖြေဘဲနဲ့ ခြုံငုံပြီးတော့ ဖြေမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်မနားလည်သလောက်ကတော့ ရောက်လာတဲ့ မေးခွန်းတွေအားလုံးဟာ အခုထိဆိုရင် ၃၀၀ လောက်ရှိနေပြီ။ ဒါပေမယ့် တူညီတဲ့မေးခွန်းတွေ ဖယ်လိုက်မယ်ဆိုရင်တော့ ၅၀ နဲ့ ၁၀၀ ကြားရှိတာပေ့ါနော်။ ၅၀ နဲ့ ၁၀၀ ကြားဆိုတော့လည်း အားလုံးကို တစ်ထိုင်တည်းတော့ ကျွန်မတို့ရဲ့ ကျန်းမာရေးသမားတော်ကြီးတွေက ဖြေနိုင်မှာ မဟုတ်ပါဘူး။ မနက်ဖြန်ကနေစပြီး အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့တိုင်းနေ့တိုင်းပေ့ါ။ အခုကျွန်မတို့ အကြမ်းဖျင်းအားဖြင့် သတ်မှတ်ထားတာကတော့ ညနေ ၇ နာရီနဲ့ ၇ နာရီခွဲအချိန် အဲဒီအချိန်ဟာ ပြည်သူတွေအတွက် အဆင်ပြေမယ်ထင်လို့ ကျွန်မတို့ ရွေးထားတာဖြစ်ပါတယ်။

အဲဒီအချိန်အတွင်းမှာ ကျန်းမာရေးကျွမ်းကျင်အဖွဲ့ကနေပြီးတော့ ဒီမေးခွန်းတွေ ဖြေပေ့ါမယ်။ ဖြေတဲ့အထဲမှာလည်း အရေးအကြီးဆုံးဟာတွေကိုတော့ ကောက်နုတ်ပြီးတော့ ဖြေပေ့ါမယ်။ နောက်ပြီးတော့လည်း အခြားပြည်သူတွေသိချင်တာတွေကို တစ်နေ့ချင်း တစ်နေ့ချင်း ဖြေသွားမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း နားထောင်စေချင်ပါတယ်။ ဒီအစီအစဉ်ကို နားထောင်ပါ။ စိတ်ထဲမှာ သိပ်ပြီးတော့ မရှင်းတာရှိရင်လည်း ထပ်ပြီးတော့ မေးလို့ရပါတယ်။ ဒါပေမယ့် မေးတဲ့အခါမှာ တိုတိုနဲ့လိုရင်း မေးစေချင်ပါတယ်။ ကျွန်မသတိပြုမိပါတယ်။ တစ်ခါတလေ ပြည်သူတွေနဲ့ ဆွေးနွေးပွဲတွေ လုပ်တဲ့အခါကျရင် မေးခွန်းမေးတာက မေးခွန်းနဲ့မတူဘဲနဲ့ တစ်ခါတည်း ဆောင်းပါးတစ်ပုဒ်လိုပဲ အင်မတန်မှ ရှည်လှပါတယ်။ အဲဒါဆိုရင် ဖတ်ရတဲ့လူကလည်း အချိန်ပေးရတယ်။ တစ်ခါတလေလည်း အဓိကဘာကို ဆိုလိုတာလဲဆိုတာ မရှင်းမလင်းဖြစ်တတ်ပါတယ်။ ဒါကြောင့် တိုတိုနဲ့လိုရင်းကိုသာ မေးစေချင်ပါတယ်။ အဲဒါမှလည်း ကျွန်မတို့ ကျွမ်းကျင်ပညာရှင်ကြီးတွေက မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက် ဖြေနိုင်မှာဖြစ်ပါတယ်။

နောက်တစ်ခုက စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေးပေ့ါ။ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားတယ်ဆိုတာဟာ ပြည်သူတွေကို ချုပ်ချယ်ချင်လို့ မဟုတ်ပါဘူး။ ရောဂါကို ချုပ်ချယ်ချင်လို့ပါ။ ရောဂါပြန့်ပွားမှုကို ချုပ်ချယ်ချင်လို့ ထုတ်ထားတာပါ။ ဒါပေမယ့် တချို့ကတော့ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို ချုပ်ချယ်တယ်လို့ ထင်ကြပါတယ်။ လုံးဝလွတ်လပ်စွာ လုပ်ပိုင်ခွင့်ဆိုတာ ဘယ်သူ့မှာမှမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နေရတာက လူ့အသိုင်းအဝိုင်းထဲမှာနေရတာ၊ တစ်ယောက်တည်းနေတာ မဟုတ်ပါဘူး။ တစ်ယောက်တည်းပဲ သဲကန္တာရကြီးရဲ့ အလယ်မှာနေတယ်ဆိုရင်တော့ ကိုယ်လုပ်ချင်တာ လုပ်နေလို့ရရင်လည်း ရမှာပေ့ါ။ ဒါပေမယ့် ဘာမှလည်းမရှိတော့ ဘာမှလည်း လုပ်စရာတော့ရှိမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မ ပြောချင်တာက ဒီလို စည်းမျဉ်းစည်းကမ်းတွေ ထုတ်တာဟာ အများအကျိုးအတွက် ဖြစ်ပါတယ်။ အဲဒီတော့ အများအကျိုးကို ထိခိုက်တယ်ဆိုရင် ဥပဒေအရ အရေးယူရပါမယ်။ ဒီလိုလည်း အရေးယူချင်လို့ မဟုတ်ဘူး။

ဒါပေမယ့် တချို့ကျတော့ အရေးယူမှုပဲ ဒီဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သဘောပေါက်လို့ပါ။ ဥပမာဆိုရင် ကာရာအိုကေ ကိစ္စပေ့ါနော်။ ကာရာအိုကေဆိုတာ ကျွန်မ အရင်တစ်ခါ ပြောဖူးပါတယ်။ ဘာဖြစ်လို့ အန္တရာယ်ရှိသလဲဆိုတာ၊ အားလုံးစုပြီးတော့နေတဲ့ပုံစံနဲ့ ကာရာအိုကေပွဲတွေကို

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ကျင်းပတာ ဖြစ်ပါတယ်။ တစ်နေရာတည်းမှာ စုကြတယ်။ လူစုလူဝေး ဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်နေတယ်။ နောက်ပြီးတော့လည်း သီချင်းဆိုတယ်ဆိုရင် အများက မိုက်တစ်ခုတည်းကို သုံးတယ်။ အဲဒီကနေပြီးတော့ ပိုးတွေက ပျံ့ပါတယ်။ တစ်ယောက်က ထုတ်လိုက်တဲ့ပိုးတွေကို နောက်တစ်ယောက်က ရှူသွင်းသလိုမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့် ကာရာအိုကေဆိုင်တွေနဲ့ ပတ်သက်လို့ ကျွန်မတို့ တိတိကျကျ၊ တင်းတင်းကျပ်ကျပ် အရေးယူပါမယ်။ အခုလည်း အရေးယူဖို့ ဆောင်ရွက်နေပါတယ်ဆိုတာလည်း ပြည်သူတွေကို အသိပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ကနေပြီးတော့ ကာရာအိုကေနဲ့ ပတ်သက်လို့ အရေးမယူဘူးလား၊ လွှတ်ထားသလားလို့ဆိုပြီးတော့ မေးခွန်းတွေ ထုတ်ပါတယ်။ ကျွန်မတို့လည်း ဒါအမြဲပဲ စဉ်းစားပါတယ်။ ဒါဟာ ဘယ်လောက် ကျွန်မတို့ လုပ်နေတဲ့ အလုပ်တွေဟာ ပီပီပြင်ပြင်ရှိရဲ့လား၊ တင်းကျပ်သင့်သလောက် တင်းကျပ်ရတာ၊ တင်းကျပ်ချင်လို့ မဟုတ်ပါဘူး။ ကျွန်မတို့ဟာ စောစောကပြောသလိုပေါ့။ ထိန်းချုပ်ချင်တာ ရောဂါပါ၊ ပြည်သူတွေကို မဟုတ်ပါဘူး။ ရောဂါကို ထိန်းချုပ်ဖို့အတွက် ကျွန်မတို့ ဒီစည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ် ချမှတ်ရတာ ဖြစ်ပါတယ်။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့တော့ အမြဲပဲ အနာဂတ်ကိုပဲ ကြည့်စေချင်ပါတယ်။ ပစ္စုပ္ပန်ကို တည့်တည့်ရှုရမယ်ဆိုတာ အမှန်ဆုံးပါ။ ဒါပေမယ့် ပစ္စုပ္ပန်ကို တည့်တည့်ရှုတဲ့အခါမှာ အနာဂတ်ကို မျက်ခြည်ပြတ်သွားလို့ မဖြစ်ပါဘူး။ အနာဂတ်ကို ဘယ်သွားချင်သလဲဆိုတာကိုလည်း ကျွန်မတို့ စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့် ကျွန်မကနေပြီးတော့ စီးပွားရေးအခြေအနေနဲ့ပတ်သက်လို့ ကြံ့ရင်ကြံ့သလို ပြည်သူတွေကို တင်ပြတာဖြစ်ပါတယ်။ အစိုးရိမ် မလွန်စေချင်လို့ပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် အခု ကျွန်မကြည့်လိုက်တဲ့အခါကျတော့ တိုးတက်မှုနှုန်းတွေပေါ့နော်။ တစ်ကမ္ဘာလုံးမှာဆိုရင် တိုးတက်မှုနှုန်းတွေက ကျနေပါတယ်။ ကျနေပေမယ့် တချို့နိုင်ငံတော်တော်များများမှာဆိုရင် ကျတာ ဘယ်လောက်ကျသလဲဆိုတော့ အနုတ်လက္ခဏာပြနေတာ၊ သုညအောက် ကျသွားတယ်။ ကျွန်မတို့ဟာ အခုထိတော့ သုညအောက် မကျသေးပါဘူး။ သုညအောက်မကျတဲ့ နိုင်ငံအနည်းငယ်ထဲမှာပါတယ်လို့ ပြောရမှာပေါ့။ ကျွန်မတို့ အာဆီယံမှာဆိုရင် သုညအောက်မကျတဲ့ နိုင်ငံ ၃ နိုင်ငံထဲမှာ ကျွန်မတို့နိုင်ငံ အခုထိတော့ ရှိပါသေးတယ်။ ဆက်ရှိမယ်လို့တော့ ကျွန်မတို့ အာမမခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခု ဒီဒုတိယလှိုင်းနဲ့လည်း ကျွန်မတို့ ရုန်းကန်နေရတာ ဖြစ်ပါတယ်။

သို့သော်ငြားလည်း ကျွန်မတို့ ဆက်ပြီးတော့လည်း ထိန်းထားပါ့မယ်။ ထိန်းထားရုံတင်မက ပိုပြီးတော့ တိုးတက်အောင်လည်း လုပ်ပါ့မယ်။ အဲဒါကိုလည်း ပြည်သူတွေအနေနဲ့ နောင်ပေါ့နော်။ အနာဂတ်စီးပွားရေးအခြေအနေကို စဉ်းစားပြီးတော့ အစိုးရိမ်မလွန်စေချင်ပါဘူး။ အခုချိန်မှာ ကျန်းမာအောင်နေပါ။ အကယ်၍ ရောဂါပိုးဝင်နေပြီဆိုရင် ရောဂါပိုးကို ကျော်လွှားနိုင်ဖို့အတွက် ကိုယ့်စိတ်ကိုကိုယ် မှန်မှန်ထားပါ။ ကျွန်မတို့အားလုံး နိုင်ငံတော်အစိုးရကရော၊ ပြည်သူပြည်သားတွေကရော ကိုယ့်ဘက်မှာရှိနေတယ်ဆိုတာကို ယုံကြည်ပါ။ နောင်လာမယ့် စီးပွားရေးအခက်အခဲတွေအတွက် ကျွန်မတို့နိုင်ငံတော်ကနေပြီးတော့ ပြင်ဆင်ထားတာရှိပါတယ်။ ပြင်ဆင်ထားပြီးသားပါ။ ဆက်ပြီးတော့လည်း လုပ်သွားမှာပါ။ အရင်တုန်းက ပြင်ဆင်ထားပြီးပြီဆိုတော့ ထိုင်ပြီးကြည့်နေမှာ မဟုတ်ပါဘူး။ အခြေအနေပြောင်းလဲတာနဲ့အမျှ ကျွန်မတို့ ဘယ်လိုပြောင်းလဲသင့်တယ်၊ ဘယ်လိုခြေလှမ်းတွေ လှမ်းနိုင်မယ်ဆိုတာကို ကြည့်ပြီးတော့ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။

ကျွန်မ ထပ်တလဲလဲ ပြောသလိုပေါ့။ ကျွန်မတို့ပြည်သူတွေရဲ့ အဓိက တာဝန်ကတော့ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဖို့။ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ။ ပိုးဝင်ပြီးပြီဆိုရင် ဒီဟာကို ကျော်လွှားနိုင်ဖို့ စိတ်ဓာတ်အင်အားနဲ့မက နိုင်ငံတော်ကပေးတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအင်အားနဲ့ ကျော်လွှားပါ။ ကိုဗစ်ရောဂါပိုး မဝင်သေးဘူးဆိုရင်လည်း နောင်မဝင်အောင်လို့၊ ကိုယ့်ကိုယ်ကိုယ် မကူးစက်အောင်လို့၊ တခြားသူတွေ မကူးစက်အောင်လို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေကိုတော့ နိုင်ငံတော်ကနေပြီးတော့ တတ်နိုင်သမျှ တာဝန်ယူပါ့မယ်။ ကျွန်မ တတ်နိုင်သမျှလို့ပြောတာ ဘာဖြစ်လို့လဲဆိုတော့ အားလုံးကိုလည်း ကျွန်မတို့ကနေ ကြိုတင်ပြီးတော့ ခန့်မှန်းလို့မရပါဘူး။ ခန့်မှန်းနိုင်သရွေ့တော့ ခန့်မှန်းပြီးတော့ ပြည်သူလူထု မထိခိုက်အောင်၊ နိုင်ငံတော်မထိခိုက်အောင်လို့ ကျွန်မတို့ တစိုက်မတ်မတ်လုပ်နေပါတယ်ဆိုတာတော့ ပြည်သူတွေ ယုံကြည်စေချင်ပါတယ်။ ဒါကြောင့် ကိုဗစ်ရောဂါကို တစ်ယောက်ချင်း၊ တစ်ယောက်ချင်း အောင်နိုင်အောင် လုပ်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးကလည်း အောင်နိုင်မှုရမှာလို့ ယုံကြည်ပါတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံး ကျန်းမာချမ်းသာအောင် နေနိုင်ကြပါစေ။ မေတ္တာအများကြီး ပို့ပါတယ်။ ကျေးဇူးတင်ပါတယ်။

> **"ကျွန်မ ထပ်တလဲလဲ ပြောသလိုပေါ့။ ကျွန်မတို့ပြည်သူတွေရဲ့ အဓိက တာဝန်ကတော့ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ဖို့။ ကိုယ့်ကျန်းမာရေးကို ကိုယ်ဂရုစိုက်ပါ။ ပိုးဝင်ပြီးပြီဆိုရင် ဒီဟာကို ကျော်လွှားနိုင်ဖို့ စိတ်ဓာတ်အင်အားနဲ့မက နိုင်ငံတော်ကပေးတဲ့ ကျန်းမာရေးစောင့်ရှောက်မှုအင်အားနဲ့ ကျော်လွှားပါ။ ကိုဗစ်ရောဂါပိုး မဝင်သေးဘူးဆိုရင်လည်း နောင်မဝင်အောင်လို့၊ ကိုယ့်ကိုယ်ကိုယ် မကူးစက်အောင်လို့၊ တခြားသူတွေ မကူးစက်အောင်လို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ ကျန်တဲ့ကိစ္စတွေကိုတော့ နိုင်ငံတော်ကနေပြီးတော့ တတ်နိုင်သမျှ တာဝန်ယူပါ့မယ်"**

## ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

ဤအစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းတင်ဆက်သွားမည် ဖြစ်ပါသည်။

အစီအစဉ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များမှ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် အချက်များ၊ မေးခွန်းများကို တီဗွီမှန်သားပြင်မှတစ်ဆင့် ပြန်လည်ဖြေကြားပေးမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Facebook စာမျက်နှာ (www.facebook.com/MinistryOfHealthAndSportsMyanmar) ၌

- ဤပို့စ့်အောက်တွင် comment အနေဖြင့်လည်းကောင်း၊ https://www.facebook.com/MinistryOfHealthAndSportsMyanmar/photos/a.281312618564717/3820286061334004/
- chat box သို့လည်းကောင်း၊
- covid19qa@mohs.gov.mm အီးမေး(လ်)လိပ်စာသို့လည်းကောင်း ပေးပို့မေးမြန်းနိုင်ပါသည်။

ထိုသို့မေးခွန်းများပေးပို့ရာတွင် မေးခွန်းများကို ဖြေကြားမည့်နေ့မတိုင်မီ အနည်းဆုံး (၁)ရက် ကြိုတင်၍ နေ့လယ်(၁)နာရီ နောက်ဆုံးထားကာ ပေးပို့စေလိုပါသည်။

အစီအစဉ်အား အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Facebook စာမျက်နှာနှင့် ပြန်ကြားရေး ဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**

# အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**



ဒုတိယဝန်ကြီး ဦးအောင်ထူး Zoom Application ဖြင့် ကျင်းပသည့် အရက်၊ ဘီယာ၊ ဝိုင်(ယမကာ)ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

အရက်၊ ဘီယာ၊ ဝိုင်(ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၏ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အရက်၊ ဘီယာ၊ ဝိုင် (ယမကာ) ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချမှုဆိုင်ရာ ကြီးကြပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိတို့ကော်မတီအနေဖြင့် ယခင်အစည်းအဝေးများ၌ ယစ်မျိုးဥပဒေ (မူကြမ်း) နှင့် အရက်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်းတို့အပေါ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဟိုတယ်၊ စားသောက်ဆိုင်နှင့် စူပါမားကတ်များတွင် ယမကာများ ရောင်းချခွင့်နှင့် စပ်လျဉ်း၍ မူဝါဒဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ခဲ့ကြောင်း၊ အရက်တင်သွင်းရာတွင် အခွန်ဘဏ္ဍာရရှိရေးအပြင် တစ်ဖက်တွင်လည်း ပြည်သူများ ကျန်းမာရေး၊ စာရိတ္တဆိုင်ရာကိစ္စရပ်များနှင့် ဆက်နွှယ်နေသည့်အတွက် ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်း ဆောင်ရွက်ရမှုများရှိကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ဖြစ်ပွားနေသော်လည်း မူဝါဒဆိုင်ရာ ဆုံးဖြတ်ဆောင်ရွက်ရန်များ ရှိသည့်အတွက် ယခုကဲ့သို့ လူချင်းထိတွေ့မှုမရှိသည့် Virtual Meeting ကျင်းပပြုလုပ်ရခြင်း ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့် နိုင်ငံခြားအရက်များကို အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း လုပ်ငန်းစီမံချက် ဆောင်ရွက်မှုအခြေအနေ၊ အကောက်ခွန်ဦးစီးဌာန၏ Bonded Warehouse လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သည့် ဆောင်ရွက်မှုအခြေအနေ၊ ယစ်မျိုးလိုင်စင်များ တင်ပြလျှောက်ထားလာမှုနှင့် ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားရန် ကိစ္စတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့်လည်း ယစ်မျိုးဥပဒေသစ် အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး တွန်းအားပေး ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်သွယ်ရေးဦးစီးဌာနမှ ဆဋ္ဌမအကြိမ်ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၀) ကြိမ်မြောက် မဲခေါင်-ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၁၀) ကြိမ်မြောက် မဲခေါင်- ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် (၁၀)ကြိမ်မြောက် မဲခေါင်- ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

### ထပ်လောင်းအတည်ပြုခဲ့

အစည်းအဝေးတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh နှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Ms. Kang Kyung-wha တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြပြီး ဝန်ကြီးများသည် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်အောင်မြင်မှုများအပေါ် အသိအမှတ်ပြုခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ် မဲခေါင်-ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပကာ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို အမြင့်ဆုံးအဆင့်သို့ မြှင့်တင်နိုင်ခဲ့ခြင်းအား ကြိုဆိုခဲ့ကြသည်။ ဝန်ကြီးများသည် ပထမအကြိမ်ထိပ်သီးအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့်အတိုင်း "ငြိမ်းချမ်းသာယာဝပြောသည့် ပြည်သူဗဟိုပြု အသိုက်အဝန်း" တစ်ရပ် ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်(၃)ရပ်ဖြစ်သည့် ပြည်သူချင်းဆက်ဆံရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေး မဏ္ဍိုင်တို့အောက်မှ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

### မြန်မာနိုင်ငံသို့ ထောက်ပံ့

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပါဝင်ဆွေးနွေးရာ၌ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီများ ပေးအပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ဒုတိယလှိုင်း ကာကွယ်တိုက်ဖျက်ရေးအတွက် လိုအပ်နေသည့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိ Test kits များကို မြန်မာနိုင်ငံသို့ ထောက်ပံ့သွားရန် ကိုရီးယားသမ္မတနိုင်ငံ၏ ဆုံးဖြတ်ချက်အား ဝမ်းမြောက်ကြိုဆိုကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ကုလသမဂ္ဂ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အတွက် ကိုရီးယားနိုင်ငံမှ မဲခေါင်နိုင်ငံများအား တရားဝင်ဖွံ့ဖြိုးမှုအကူအညီ မူဘောင်နှင့် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်မှ အကူအညီများ ပေးခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတနိုင်ငံမှ မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေသို့ ၂၀၂၀ ပြည့်နှစ်မှစတင်ကာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၃ သန်းအထိ တိုးမြှင့်ထည့်ဝင်ခဲ့ခြင်းအတွက် လည်းကောင်း၊ စတုတ္ထအကြိမ် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအစီအစဉ်တွင် မြန်မာနိုင်ငံ၏ "ဘေးကင်းသောသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် မြေဆီလွှာနှင့်ရေ၌ သတ္တုဓာတ်ပါဝင်မှု စစ်တမ်းကောက်ယူရေးစီမံချက်" ကို ရွေးချယ်ပေးခဲ့ခြင်းအတွက် လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းရန် "မဲခေါင်-ကိုရီးယား ဇီဝမျိုးစုံမျိုးကွဲစင်တာ" ကို မြန်မာနိုင်ငံ၌ တည်ဆောက်သွားမည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မဲခေါင်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အခြားသော လုပ်ငန်းစဉ်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် လက်ရှိကပ်ရောဂါအခြေအနေများအရ မဲခေါင်နိုင်ငံများအနေဖြင့် "ကျန်းမာရေးလုံခြုံမှုပေးရေးနှင့် စီးပွားရေးတောင့်ခံနိုင်မှု တည်ဆောက်ရေးအကြား ချိတ်ဆက်ဆောင်ရွက်မှု လုပ်ငန်းစဉ်" အပေါ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

အစည်းအဝေးမှ (၁၀)ကြိမ်မြောက် မဲခေါင်-ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ "ပူးတွဲသဘာပတိကြေညာချက်" နှင့် "မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်(၂၀၂၁-၂၀၂၅)"တို့ကို အတည်ပြုချမှတ်ခဲ့သည်။ အဆိုပါ (၅)နှစ်တာ လုပ်ငန်းအစီအစဉ်သည် မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းပြမြေပုံတစ်ခုဖြစ်လာမည်ဖြစ်ပြီး ယဉ်ကျေးမှု/ ခရီးသွားလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကဏ္ဍစသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ(၇)ခုအတွက် သီးခြားရည်မှန်းချက်များလည်း သတ်မှတ်ပေးခဲ့သည်။

### အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန် ၂၀၁၁ ခုနှစ်က စတင်ခဲ့သည့်လုပ်ငန်းစဉ်ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် ကိုရီးယားသမ္မတနိုင်ငံနှင့် မဲခေါင်ဒေသနိုင်ငံ(၅)နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ **သတင်းစဉ်**

## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါ ကန့်သတ်ချက်များအားလုံးကို ၃၀-၉-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့် သတ်မှတ်ကြောင်း ၂၉-၈-၂၀၂၀ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုး ကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေး ဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေး လေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်**

## ဦးတင်ယုအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့မှ ကောင်စစ်ဝန်ချုပ် ဦးတင်ယုအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့၌ စက်တင်ဘာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သော အိမ်ထောင်စုများကို ပြည်နယ်လူမှုရေးဝန်ကြီးက ယနေ့ နံနက် ၉ နာရီက သွားရောက်ထောက်ပံ့ပေးခဲ့သည်။

### ထောက်ပံ့ပေးအပ်

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန် သည် တွန်းဇံမြို့ မြေကြီးအက်ကွဲမှုကြောင့် ထိခိုက်သွားသော နေရာများအား ကြည့်ရှုစစ်ဆေး၍ အိမ်ထောင်စုနှစ်စုအား ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေများကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် အိမ်ထောင်ဦးစီးများ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ပေးပြီး သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းခဲ့သည့် အိမ်ထောင်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လျှန်ပီး(ချင်း)**

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် ဂုဏ်ပြုဆောင်းပါး

# ဒို့တက္ကသိုလ်တွေ အဆင့်မြင့်ဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့

## ပါမောက္ခဒေါက်တာမြင့်သိန်း (မွေး/ရေ/ကျေးလက်)

**"ဒုတိယအကြိမ် မြန်မာတက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲ ၂၀၂၀" ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ ပညာရပ်နယ်ပယ် ၉ ရပ်နဲ့ အုပ်စုခွဲပြီး ကျင်းပနိုင်ခဲ့ပါတယ်။ ပညာရပ်နယ်ပယ် ၉ ရပ်တို့မှာ (၁) သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်၊ (၂) ဝိဇ္ဇာပညာရပ်၊ (၃) စီးပွားရေးပညာရပ်၊ (၄) ကွန်ပျူတာနည်းပညာရပ်၊ (၅) ဆရာအတတ်ပညာရပ်၊ (၆) အင်ဂျင်နီယာနှင့် နည်းပညာရပ်၊ (၇) ဘာသာ၊ ယဉ်ကျေးမှုနှင့်အနုပညာရပ်၊ (၈) ဆေးနှင့် နီးနွယ်ပညာရပ်၊ (၉) သိပ္ပံပညာရပ် စသည်တို့ ဖြစ်ကြပါတယ်။**

ဒီနှစ်ကျင်းပတဲ့ တက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲရဲ့ ဦးတည်ချက်ဆောင်ပုဒ်က " နိုင်ငံတော် သာယာဝပြောမှုကိုဦးတည်သော အရည်အသွေးရှိ သုတေသန" ဖြစ်ပါတယ်။ ကိုဗစ်–၁၉ အခက်အခဲကာလမှာ ကျန်းမာရေးညွှန်ကြားချက် စည်းမျဉ်းများနဲ့အညီ အင်တာနက် အသုံးပြုပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အခမ်းအနားဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲ၊ အခမ်းအနားပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို အောင်အောင်မြင်မြင် ဦးစီးပူးပေါင်း ကျင်းပပေးသွားကြတဲ့ အမျိုးသားပညာရေး မူဝါဒကော်မရှင်နဲ့ ပါမောက္ခချုပ်များ ကော်မတီတို့အတွက်လည်း ဂုဏ်ယူဖွယ် ဖြစ်ပါတယ်။ တက္ကသိုလ်များ၏ အရည်အသွေးအဆင့်မြင့်မားရေးတွင် သုတေသနများ၏ အခန်းကဏ္ဍသည် ထိပ်တန်းမှပါဝင်ပေရာ မြန်မာတက္ကသိုလ်များ အဆင့်မြင့်မားရေးအတွက် ဤစာတမ်းဖတ်ပွဲများက များစွာအထောက်အကူဖြစ်စေမှာ သေချာပါတယ်။



### မြန်မာတက္ကသိုလ်များရဲ့အဆင့်

ယခုနှစ် ၂၀၂၀ ပြည့်နှစ်က တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့နိုင်ငံရဲ့ ပထမဆုံးသော တက္ကသိုလ်ဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ် (၁၀၀) ပြည့် (Centennial Anniversary) နဲ့ တိုက်ဆိုင်တဲ့ အခါသမယဖြစ်တာကြောင့် ရန်ကုန်တက္ကသိုလ်အပါအဝင် ကျွန်တော်တို့ မြန်မာတက္ကသိုလ်များအားလုံးရဲ့ တိုးတက်ရာတိုးတက်ကြောင်း အားစိုက်ကြိုးပမ်းရမယ့် မင်္ဂလာအခါသမယလည်း ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် အတိတ်က ရွှေထီးဆောင်းခဲ့တာကို လွမ်းဆွတ်ဂုဏ်ယူရင်း အနာဂတ်မှာလည်း ရွှေထီးဆောင်းတဲ့အဆင့်မှာ ရပ်တည်နေနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဖို့တာဝန်က ကျွန်တော်တို့ အားလုံးရဲ့ တာဝန်ပါ။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်က ကျင်းပတဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မြွက်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေဟာ အလွန်စိတ်ဝင်စားဖွယ် ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်က ကမ္ဘာတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်များကြားမှာ ၂၀၁၆ ခုနှစ်က အဆင့် ၁၃၀၇၂ မှာသာ ရပ်တည်နိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ အဆင့် ၉၆၁၉၊ ၂၀၁၈ ခုနှစ်မှာ အဆင့် ၈၇၂၆၊ ၂၀၁၉ ခုနှစ်မှာ အဆင့် ၇၂၂၁ အထိ တိုးတက်လာခဲ့ပါတယ်တဲ့။ ဒီဆောင်းပါး ရေးနေစဉ် လက်ရှိအဆင့်ကို သိချင်တဲ့အတွက် အင်တာနက်မှာ ရှာကြည့်တဲ့အခါ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ ရပ်တည်နေတဲ့ အဆင့်က ၇၀၉၁ ပါ။ အချိန်ကာလ လေးနှစ်တာ ကာလတိုအတွင်းမှာ အဆင့် ၁၃၀၀၀ ကျော်ကနေ အဆင့် ၇၀၀၀ ကျော်အထိ အဆင့်ပေါင်းများစွာ ကျော်တက်လာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးခဲ့ကြတဲ့ တာဝန်ရှိသူများ၊ တာဝန်ယူခဲ့သူများ အားလုံးကို ဒီဆောင်းပါးကတစ်ဆင့် လေးစားစွာ ဂုဏ်ပြုအပ်ပါတယ်။ တစ်ဆက်တစ်စပ်တည်း ကျွန်တော်တို့နိုင်ငံမှာ တက္ကသိုလ်ပေါင်း ၁၃၆ ခုရှိတဲ့အနက် အဆင့်အကောင်းဆုံး ၁၅ ခုရဲ့ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ရပ်တည်မှုအခြေအနေကိုလည်း နမူနာအနေနဲ့ ဇယားမှာ လေ့လာကြည့်ကြရအောင်ပါ။ CSIC, Ranking Web: July 2020 Edition မှာ မြန်မာနိုင်ငံတက္ကသိုလ်ပေါင်း ၈၃ ခုနဲ့ ကမ္ဘာ့အရပ်ရပ်က တက္ကသိုလ်ပေါင်း ၃၀၅၆၇ ခုကို ထည့်သွင်း ဖော်ပြထားတာ တွေ့ရပါတယ်။

### တက္ကသိုလ်အဆင့် သတ်မှတ်ထုတ်ပြန်ကြသည့် အဖွဲ့အစည်းများ

တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေကို အကဲဖြတ်တဲ့ အဖွဲ့အစည်းတွေထဲမှာ အောက်ပါအဖွဲ့လေးဖွဲ့ကို ဩဇာအရှိဆုံး၊ တော်တည့်မှန်ကန်မှုအရှိဆုံးလို့ ပညာရှင်အများက လက်ခံအသုံးပြုနေကြတာ တွေ့ရပါတယ် –

(၁) Shanghai Ranking (သို့မဟုတ်) Academic Ranking World Universities (ARWU) – Shanghai Jiao Tong University (China) ကစုစည်းထုတ်ပြန်သော စာရင်းဖြစ်ပါတယ်။ ၂၀၀၃ ခုနစ်ကတည်းက နှစ်စဉ် ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

(၂) QS World University Rankings – Quacquarelli Symonds Limited (UK) က Time Higher Education (THE) နဲ့ ပူးပေါင်းပြီး ၂၀၀၄ ခုနှစ်ကတည်းက University Rankings တွေကို နှစ်စဉ် ထုတ်ပြန်ခဲ့ကြပါတယ်။ ၂၀၁၀ ပြည့်နှစ်ကစပြီး ကိုယ်ပိုင်အမှတ်ပေး နည်းစနစ်များ အသုံးပြုကာ သီးခြားစီ ထုတ်ပြန်ခဲ့ကြပါတယ်။

**မြန်မာနိုင်ငံတက္ကသိုလ်များ၏ နိုင်ငံတွင်းအဆင့်နှင့် ကမ္ဘာ့အဆင့်**

| မြန်မာ့အဆင့် | ကမ္ဘာ့အဆင့် | တက္ကသိုလ် |
|---|---|---|
| ၁ | ၇၀၉၁ | ရန်ကုန်တက္ကသိုလ် |
| ၂ | ၉၇၀၂ | မန္တလေးတက္ကသိုလ် |
| ၃ | ၁၄၆၂၇ | ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် |
| ၄ | ၁၅၉၅၀ | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် |
| ၅ | ၁၇၆၂၄ | ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၆ | ၁၈၁၇၄ | မန္တလေးဆေးတက္ကသိုလ် |
| ၇ | ၁၈၈၃၀ | ရန်ကုန်နည်းပညာတက္ကသိုလ် |
| ၈ | ၂၀၀၂၇ | ဒဂုံတက္ကသိုလ် |
| ၉ | ၂၀၀၇၆ | ရန်ကုန်စီးပွားရေးတက္ကသိုလ် |
| ၁၀ | ၂၀၆၉၈ | မြိတ်တက္ကသိုလ် |
| ၁၁ | ၂၀၇၂၇ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် |
| ၁၂ | ၂၁၂၈၇ | မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် |
| ၁၃ | ၂၁၄၇၂ | Strategy First University |
| ၁၄ | ၂၁၅၆၈ | သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရန်ကုန် |
| ၁၅ | ၂၂၄၆ | ဆေးတက္ကသိုလ်၊ မကွေး |

Source: CSIC, Ranking Web: July 2020 Edition

**"နိုင်ငံတော်က ပညာရေး ရန်ပုံငွေများ သိသိသာသာ တိုးမြှင့်ချထားပေးလာတာကလည်း တက္ကသိုလ်များအတွက် အားတက်ဖွယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တက္ကသိုလ်များ အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များအကြား သိသိသာသာ အဆင့်မြှင့် သတ်မှတ်ခံလာရတဲ့အတွက် လမ်းကြောင်းမှန်ပေါ်ကို ရောက်လာပြီလို့ ယုံကြည်ရပါတယ်။ ရရှိထားတဲ့ အောင်မြင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားကြရပါမယ်"**

(၃) Time Higher Education (THE) World University Rankings – Inflexion Pvt. Equity Partners LLP Co (UK) က Time Higher Education World University Rankings ဆိုပြီး နှစ်စဉ်ထုတ်ပြန်လျက် ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ ကမ္ဘာကျော် Elsevier Publishing (Nether lands) နဲ့ပူးပေါင်းမိတဲ့အတွက် ဩဇာပိုမိုတက်ခဲ့ပါတယ်။ Elsevier Publishing က သုတေသနပညာရပ်ဆိုင်ရာ နာမည်ကြီး ဂျာနယ်ပေါင်း ၂၅၀၀ ခန့် နှစ်စဉ်ထုတ်ဝေနေသူဖြစ်တာကြောင့် သုတေသနစာတမ်းတွေနဲ့ ကျမ်းကိုးစာရင်းတွေကို ရရှိနိုင်တဲ့အတွက် အမှတ်ပေးတွက်ချက်ရာမှာ ပိုမိုပြည့်စုံလာခဲ့ပါတယ်။

(၄) CSIC World University Rankings (Consejo Superior de Investigaciones Cientificas– Spanish National Research Council) – စပိန်နိုင်ငံအမျိုးသား သုတေသနကောင်စီအဖွဲ့အစည်းက တစ်နှစ်ကို (၂) ကြိမ်ပြုစုထုတ်ပြန်တဲ့ တက္ကသိုလ်အဆင့်များ စာရင်းဖြစ်ပါတယ်။ နှစ်စ ဇန်နဝါရီလမှာ တစ်ကြိမ်၊ နှစ်လယ် ဇူလိုင်လမှာ တစ်ကြိမ် တွက်ချက်ပြုစုထုတ်ပြန်ပါတယ်။

### အမှတ်ပေးတွက်ချက်သော နည်းစနစ်များ

အဆင့်သတ်မှတ်တဲ့ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု အမှတ်ပေးစည်းမျဉ်း ထပ်တူမကျတာကြောင့် ထုတ်ပြန်တဲ့အဖွဲ့အသီးသီးက သတ်မှတ်တဲ့ မိမိတို့ရဲ့ တက္ကသိုလ်ရဲ့အဆင့်က အနည်းငယ် ကွဲလွဲမှု ရှိနိုင်ပါတယ်။ ဥပမာအားဖြင့် ဟားဗတ်တက္ကသိုလ်ရဲ့ အဆင့်သတ်မှတ်ခံရမှုကို ကြည့်မယ်ဆိုရင် Shanghai နဲ့ CSIC နှစ်ဖွဲ့က ကမ္ဘာ့အဆင့် (၁) စီပေးထားကြပြီး QS နဲ့ THE က အဆင့် (၃)နဲ့ အဆင့် (၇) အသီးသီး ပေးထားကြတာကို တွေ့ရပါတယ်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အမှတ်ပေး စည်းမျဉ်းတွေက များစွာ မကွာခြားကြပေမယ့် ထပ်တူမဟုတ်ကြလို့ အနည်းငယ် အဆင့်ကွာခြားမှုတော့ တွေ့ရတာဖြစ်ပါတယ်။ နမူနာအနေနဲ့ QS စနစ်ကို အကြမ်းဖျင်း ဖော်ပြရရင် အောက်ပါအတိုင်း တွေ့ရပါတယ် –

**(၁) ပညာရေးအဆင့်အတန်းဂုဏ်သတင်း** – ကျောင်းသားဟောင်းတွေထဲက ထူးချွန်သူတွေ ဘယ်လောက်ထွက်တယ်ဆိုတာမျိုးက အမှတ်ပေးစည်းမျဉ်းထဲက အရေးကြီးတဲ့ အချက်တစ်ခုပါ။ နိုဗယ်ဆုလိုမျိုး၊ နိုင်ငံတကာ ထူးချွန်ဆုလိုမျိုးတွေက နမူနာပါ။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် ဧပြီလက ဆွစ်ဇာလန်နိုင်ငံမှာ ကျင်းပတဲ့ 47th International Exhibition of Invention of Geneva မှာ University of Hong Kong က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်ငါးခု ဆွတ်ခူးနိုင်ခဲ့တာဟာ သူတို့တက္ကသိုလ်ရဲ့ အဆင့်မြင့်တက်စေရေး အမှတ်ပေးရာမှာ အကျိုးပြုမှာပါ။ မိမိတက္ကသိုလ်က ဘွဲ့ရများဟာ ပညာရည်ပြည့်ဝတယ်၊ လူမှုဆက်ဆံရေးကောင်းတယ်၊ ယဉ်ကျေးတယ်၊ အမြော်အမြင်ရှိတယ်၊ စာရိတ္တမြင့်မားတယ် စတဲ့လေ့ကျင့်သင်ကြားမှုများရဲ့ နာမည်ကောင်းခြင်း ဂုဏ်သတင်းတွေက တက္ကသိုလ်ရရှိမယ့် အမှတ်များကို မြင့်တက်စေမှာပါ။ ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အာဆီယံအဆင့်၊ ပြည်တွင်းအဆင့် တာဝန်ကြီးကြီးမားမား ထမ်းဆောင်သူတွေ မွေးထုတ်ပေးနိုင်တာနဲ့အမျှ ပညာရေးအဆင့်အတန်းနဲ့ပတ်သက်တဲ့ ဂုဏ်သတင်းများကလည်း မြင့်တက်လာမှာပါ။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝါရင့်ပညာရှင်ပေါင်း တစ်သောင်းကျော်ဆီက အကဲဖြတ်မှုအပေါ် အခြေခံပြီး အမှတ်ပေးထားတာဖြစ်လို့ မှန်ကန်ဖို့ များပါတယ်။ QS စနစ်က ဆုဆွတ်ခူးမှုအပြင် အခြားအချက်များပါ ထည့်သွင်းတွက်ချက်ပြီး အမှတ်စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းအထိ

*စာမျက်နှာ ၇ သို့*

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ် - ၁၉ ဆက်စပ်လူနာများထားရှိမည့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ကိုဗစ်- ၁၉ ရောဂါ လူနာများနှင့် ထိတွေ့ဆက်စပ်သည့်သူများ ထားရှိရန်နှင့် လိုအပ်ပါက အသုံးပြုနိုင်ရန် မရမ်းကုန်းမြို့နယ် အင်းလျားလိတ်ဟိုတယ်အနီးရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာနှင့် သာကေတမြို့နယ်ရှိ Fortune Plaza တို့ကို ကြိုတင်ပြင်ဆင်ထားရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်လာပါက ခုတင် ၁၀၀၀ ဆံ့ ယာယီဆေးရုံ အဖြစ် အသုံးပြုနိုင်ရေး ကြိုတင် ပြင်ဆင်ထားရန်နှင့် မြေပြင်တွင် ဆောင်ရွက်မည့် အခြေအနေများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

## ပြန်လည်ရှင်းလင်းပြောကြား

ရန်ကုန်ကွန်ဗင်းရှင်းစင်တာနှင့် Fortune Plaza တို့မှ တာဝန်ရှိသူများက အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်ကာလအတွင်း လိုအပ်မည့် သန့်စင်ခန်းများ၊ ရေသုံးစွဲမှု၊ လျှပ်စစ်မီး လုံလောက်စွာ ရရှိနိုင်အောင် ဖြည့်ဆည်းပေးရမည့် အချက်များကို ဆွေးနွေးတင်ပြရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့က ကဏ္ဍအလိုက် မိမိတို့ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် Fortune Plaza တွင် ခုတင် ၁၀၀၀ ဆံ့ ယာယီဆေးရုံအဖြစ် အခမဲ့သုံးစွဲခွင့်နှင့် ထားရှိမည့်သူများအတွက် ကြိုတင်ပြင်ဆင်မည့် လိုအပ်ချက်များအတွက် မတည်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို Excellent Fortune Development Group ဥက္ကဋ္ဌ နှင့် Golden Environmental Construction Co.,Ltd. ( Fortune Plaza, Myanmar Expo) ၏ Managing Director ဦးစိုင်းမျိုးဝင်းက လှူဒါန်းခဲ့သည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



Excellent Fortune Development Group ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက ကိုဗစ်– ၁၉ ရောဂါထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းတွင်အသုံးပြုရန် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းစဉ်။

❑ *ကျောဖုံးမှ*

နှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ပြောကြားသည်။

သန်လျင်မြို့နယ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ နေအိမ်တွင်နေထိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်ကျေးရွာများ၏ အဝင်အထွက်ဂိတ်များတွင် စိစစ်၍ အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်များ ဖျန်းပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ပေးခြင်းများကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်စုမှူးများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မလိုအပ်ဘဲ လမ်းမများပေါ်တွင် လူနှင့်မော်တော်ယာဉ်များ သွားလာခြင်းကို သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

*စာမျက်နှာ ၆ မှ*

ထည့်သွင်းတွက်ချက်ပေးတာကြောင့် ပညာရေးအဆင့်အတန်း ဂုဏ်သတင်းက တက္ကသိုလ်အဆင့်ကောင်းကောင်းရောက်ရှိရေးအတွက် အရေးပါပါတယ်။ (ထူးချွန်ဆုဆွတ်ခူးနိုင်မှုများအတွက် Shanghai စနစ်မှာ ကျောင်းသားဟောင်းဆိုပါက ၁၀ ရာခိုင်နှုန်းအထိ၊ လက်ရှိဆရာများ ဆိုပါက ၂၀ ရာခိုင်နှုန်းအထိ ခွဲခြားပေးတာ တွေ့ရပါတယ်။)

**(၂) အလုပ်ရှင်များ၏ နှစ်သက်မှုဂုဏ်သတင်း** – အလုပ်ရှင်များကတော့ အလုပ်ခန့်ထားပေးတဲ့ နေ့ကတည်းက ရာနှုန်းပြည့် အရည်အချင်းရှိသူကိုသာ လိုချင်ကြတာချည်းပါပဲ။ ဘွဲ့နဲ့ထိုက်တန်တဲ့ ပညာရှိရုံနဲ့ ကျေနပ်နှစ်သက်ကြမှာမဟုတ်ပါဘူး။ အလုပ်ကို လေးစားတာ၊ အလုပ်ခွင်စည်းကမ်း လိုက်နာတာ၊ အများနဲ့ လိုက်လျောညီထွေနေထိုင်ပြောဆို ဆက်ဆံတတ်တာ၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းတတ်တာ၊ ကွပ်ကဲမှု အနည်းဆုံးနဲ့ အကောင်းဆုံးရလဒ်ရအောင် စွမ်းဆောင်နိုင်တာ၊ စေ့စပ်သေချာတာ စသည်ဖြင့် အလုပ်ရှင် စိတ်ကြိုက်ဘွဲ့ရများကို မွေးထုတ်နိုင်စွမ်းရှိတဲ့တက္ကသိုလ်များကတော့ အလုပ်ရှင်များနဲ့ ပတ်သက်တဲ့ရမှတ်များကို ထိုက်တန်သလို အကဲဖြတ်ရမှတ်များ ရရှိကြမှာဖြစ်ပါတယ်။ အမှတ်စုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းအထိက ဒီအချက်ဆီမှရနိုင်မှာ ဖြစ်ပါတယ်။

**(၃) ဆရာနှင့်ကျောင်းသားအချိုး** – ဆရာနဲ့ကျောင်းသားအချိုးကကျဉ်းလေ အမှတ်ပိုရလေ၊ အဆင့်ပိုကောင်းလေပါပဲ။ ဘာသာရပ်သဘောသဘာဝအရ ဆေးတက္ကသိုလ်များက အချိုးအစား ပိုကောင်းကြတာ များပါတယ်။ Nippon Medical School (Japan), Jikei University School of Medicine (Japan), St Mariana University School of Medicine (Japan), Oregon Health and Science University (US) တို့မှာ ဆရာနဲ့ ကျောင်းသားအချိုးက 1:1 လောက်နဲ့ အကောင်းဆုံးအချိုးကို ပိုင်ဆိုင်ကြပါတယ်။ အမေရိကန်လို ထိပ်တန်းတိုးတက်တဲ့ နိုင်ငံမျိုးမှာတောင် ပြည်တွင်းအဆင့် (၁) က အဆင့် (၃၁၀) အတွင်းဝင်တဲ့ တက္ကသိုလ်များရဲ့ ပျမ်းမျှဆရာနဲ့ ကျောင်းသားအချိုးက 1:16 လောက်ရှိပါတယ်။ လွန်ခဲ့တဲ့ ၁၄ နှစ်လောက်က ကျင်းပတဲ့ အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်များအသင်း (Asian Association of Veterinary Schools–AAVS) အစည်းအဝေးမှာ သင်ကြားမှုထိရောက်ရေး ဆရာနဲ့ ကျောင်းသားအချိုးကို 1:8 ဝန်းကျင်မှာ ထိန်းကြဖို့ စံနှုန်းသတ်မှတ်အကြံပြုခဲ့ကြပါတယ်။ သတ်မှတ်အကြံပြုချက် စံနှုန်းနီးပါး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှာ ဆရာ ၁၀၀ ခန့်၊ ကျောင်းသား ၁၀၀၀ ခန့်ရှိတဲ့အတွက် 1:10 ခန့်မှာ ရှိနေပါတယ်။ အဆိုပါတက္ကသိုလ်မှာ သီတင်းပတ်တိုင်း ခြောက်ချိန်ကို ပြင်ပပညာရှင်၊ လုပ်ငန်းရှင်နဲ့ ဧည့်ပါမောက္ခများက လာရောက်ပို့ချတာဖြစ်လို့ ၎င်းဆရာများကိုပါ ထည့်တွက်ရင် အချိုးက 1:9 ခန့်လို့ ခန့်မှန်းတွက်ချက်နိုင်ပါတယ်။ ဘာသာရပ်သဘောသဘာဝအရ အချို့တက္ကသိုလ်များမှာ လိုအပ်တဲ့အချိုးက ဒီထက်ကြီးတာ ငယ်တာရှိနိုင်ပါတယ်။ QS စနစ်မှာ ဒီအချက်အတွက်ရနိုင်မယ့် အမှတ်ခွဲတမ်းက ၂၀ ရာခိုင်နှုန်းပါ။




သစ်တော၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များအဖွဲ့၏ ဒုတိယအကြိမ်တက္ကသိုလ်များ သုတေသနစာတမ်းဖတ်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ကျင်းပစဉ်။

**(၄) သုတေသနစာတမ်းများနှင့် နိုင်ငံတကာမှ ကိုးကားမှုနှုန်းထား** – ဆရာတွေရဲ့ သုတေသနစာတမ်း အရေအတွက်၊ သုတေသနရဲ့ အကျိုးရလဒ်၊ ကမ္ဘာတစ်ဝန်း ပညာရှင်များက အဆိုပါဆရာများရဲ့ စာတမ်းကို ကိုးကားမှုအရေအတွက် စတဲ့အချက်တွေပေါ်မှာ မူတည်ပြီးပေးတဲ့ အမှတ်ခွဲတမ်းကလည်း ၂၀ ရာခိုင်နှုန်းပါပဲ။ ၂၀၂၀ ပြည့်နှစ်အတွက် အမှတ်ပေးရန် ၂၀၁၄ မှ ၂၀၁၈ အထိ ငါးနှစ်စာ သုတေသနစာတမ်းများကို အရင်းခံ စာရင်းပြုပါတယ်။ အဆိုပါစာတမ်းများကို အခြားပညာရှင်အရေအတွက် မည်မျှလောက်က ရည်ညွှန်းကိုးကားကြသလဲ ဆိုတာကို ၂၀၁၄ မှ ၂၀၁၉ အထိ ခြောက်နှစ်စာ ရှာဖွေတွက်ချက်ပေးတာ ဖြစ်ပါတယ်။

**(၅) နိုင်ငံတကာဆရာများနဲ့ နိုင်ငံတကာ ကျောင်းသားများ** – နိုင်ငံတကာက ဆရာများကို ခန့်ထားနိုင်ခြင်းနဲ့ နိုင်ငံတကာက ကျောင်းသားများ လာရောက်ပညာသင်ယူနေကြမှုရှိခြင်းများက နိုင်ငံစုံ လူမှုပတ်ဝန်းကျင်ကို ဖြစ်ထွန်းစေပါတယ်။ ယဉ်ကျေးမှု၊ အလေ့အထ၊ အတွေးအခေါ်၊ ယုံကြည်မှုများဖလှယ်ရာ တက္ကသိုလ်အဖြစ် နိုင်ငံတကာ တံဆိပ်ခတ်နှိပ်နိုင်ခြင်းကလည်း အားသာချက်တစ်ရပ်ပါ။ နိုင်ငံတကာဆရာများ အလုပ်လုပ်နေကြခြင်းအတွက် စုစုပေါင်းရမှတ်ရဲ့ ၅ ရာခိုင်နှုန်းအထိ ရရှိနိုင်ပြီး နိုင်ငံတကာ ကျောင်းသားများ ရှိနေကြခြင်းကလည်း နောက်ထပ် ၅ ရာခိုင်နှုန်းအထိ ထပ်မံရရှိနိုင်မှာဖြစ်ပါတယ်။

တက္ကသိုလ်များ၏ အဓိက တာဝန်နှစ်ရပ်မှာ သင်ကြားရေးနှင့် သုတေသနလို့သာ ဆိုကြသော်လည်း အလေးထားဖော်ပြထားခြင်းမရှိသော အလွန်အရေးပါလှသည့် အခြားဆောင်ရွက်ဖွယ်များစွာ ရှိပါသေးတယ်။ စာပေ၊ အနုပညာ၊ ဘာသာသာသနာ၊ နိုင်ငံရေး၊ အားကစား စတဲ့ ဝါသနာတူရာစု အသင်းအဖွဲ့တွေမှတစ်ဆင့် ထူးချွန်သူတွေ မွေးထုတ်ပေးဖို့ကလည်း တက္ကသိုလ်ရဲ့ အရေးပါတဲ့ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပါတယ်။ တက္ကသိုလ်အဆင့် သတ်မှတ်တဲ့အဖွဲ့များရဲ့ ဖော်ပြခဲ့တဲ့ အဓိကအချက်ကြီးများအောက်မှာ တက္ကသိုလ်ကျောင်းသားတစ်ယောက်ဘွဲ့ရဖို့ ငွေကြေးသုံးစွဲမှုပမာဏ၊ သုတေသနများအတွက် ငွေကြေးသုံးစွဲမှုပမာဏ၊ ပညာသင်ကြားမှုအထောက်အကူပြုပစ္စည်းများ ခေတ်မီပြည့်စုံမှု၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ ပံ့ပိုးနိုင်မှု၊ အားကစားကွင်း၊ အားကစားရုံနဲ့ အပန်းဖြေနားနေစရာနေရာများ ပံ့ပိုးနိုင်မှုများအပေါ်မှာလည်း ထည့်သွင်းအမှတ်ပေးမှုများရှိတဲ့အတွက် အဆိုပါအချက်များမှလည်း အမှတ်များရရှိနိုင်ဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်က ပညာရေး ရန်ပုံငွေများ သိသိသာသာ တိုးမြှင့်ချထားပေးလာတာကလည်း တက္ကသိုလ်များအတွက် အားတက်ဖွယ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတက္ကသိုလ်များအနေဖြင့် နိုင်ငံတကာတက္ကသိုလ်များအကြား သိသိသာသာ အဆင့်မြှင့် သတ်မှတ်ခံလာရတဲ့အတွက် လမ်းကြောင်းမှန်ပေါ်ကို ရောက်လာပြီလို့ ယုံကြည်ရပါတယ်။ ရရှိထားတဲ့ အောင်မြင်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားကြရပါမယ်။ မိမိတက္ကသိုလ်၏ အရည်အသွေး၊ အရည်အချင်းကို မြင့်တက်အောင် အစဉ်ကြံဆောင်နေခြင်းအားဖြင့် တက္ကသိုလ်အတွက် အမှတ်များ ပိုမိုရရှိလာကာ တက္ကသိုလ်ကမ္ဘာ့အဆင့်က တရွေ့ရွေ့မြင့်တက်လာမှာ ဖြစ်ပါတယ်။ မိမိတို့တက္ကသိုလ်ကို အကဲဖြတ်အမှတ်ပေးနေသူများက သိရှိအမှတ်ပေးနိုင်စေဖို့ တက္ကသိုလ်အရည်အသွေး မြင့်တက်လာတာကို မီဒီယာများမှတစ်ဆင့် တိုးတက်မှုများကို အချိန်နဲ့တစ်ပြေးညီ အသိပေးနေဖို့လည်း လိုအပ်ပါတယ်။

သတင်းစာ၊ ဂျာနယ်၊ တက္ကသိုလ် website, facebook များကတစ်ဆင့် တက္ကသိုလ်ဂုဏ်သတင်းမြင့်မားစေမယ့်သတင်းအချက်အလက်များ ပြုစုတင်ပြနေကြရန်လည်း တိုက်တွန်းလိုပါတယ်။ "ရေမြင့်ရင်ကြာတင့်မယ်"ဆိုရိုးအတိုင်း တက္ကသိုလ် အဆင့်မြင့်လာတာနဲ့အမျှ ဆရာ ဆရာမများနဲ့ ဘွဲ့ရမောင်မယ်များရဲ့ အရည်အသွေးကလည်း ပိုမိုတောက်ပြောင်လာကြမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ် တက္ကသိုလ်ပေါင်းစုံက ပူးပေါင်းပါဝင်လျက် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများကိုလည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပတော့မယ်လို့ ကြားသိရပါတယ်။ အဆိုပါ စာတမ်းဖတ်ပွဲများကလည်း ရန်ကုန်တက္ကသိုလ်နဲ့တကွ မြန်မာ့တက္ကသိုလ်များရဲ့ အရည်အသွေးနဲ့ ပုံရိပ်ကို မြင့်တက်စေမယ့် လှုပ်ရှားမှု တစ်စိတ်တစ်ဒေသလို့ ယုံကြည်မိပါကြောင်း တင်ပြရင်း ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်အား ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ ။

# ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်သည့် နည်းလမ်းများ



ကာကွယ်ဆေးဆိုတာ မရှိသေးပါဘူးဆိုတာကို ကျွန်မတို့ ပြည်သူတွေ သေသေချာချာ နားလည်စေချင်ပါတယ်။ အဲဒါကြောင့် ဘယ်လိုပဲ၊ ဘယ်သူကပဲ၊ ဘာပဲပြောပြော ဒီဟာလေးနဲ့လုပ်လိုက်လို့ရှိရင်၊ ဒီဟာလေး စားလိုက်လို့ရှိရင် ၊ ဒီဟာလေး သောက်လိုက်လို့ရှိရင် ၊ ဒီလိုနေလို့ရှိရင် လုံးဝ ကိုဗစ်ရောဂါ မကူးစက်နိုင်ပါဘူးဆိုတာ မဟုတ်ပါဘူး။ လုံးဝမကူးစက်နိုင်ဘူးဆိုရင် ကျွန်မပြောတဲ့အတိုင်းပဲ ဘယ်သူ့အနားကိုမှ မကပ်ဖို့၊ နှာခေါင်းစည်းကို အမြဲပဲ လူအနီးနားမှာ ရှိတယ်ဆိုလို့ရှိရင်၊ ခြောက်ပေအကွာမှာ ရှိတယ်ဆိုရင်တောင်မှ ပိုပြီးတော့ သေချာအောင် နှာခေါင်းစည်းတပ်ထားဖို့၊ လက်ကိုမှန်မှန်ဆေးဖို့ ဒီလိုနည်းတွေနဲ့ပဲ ကာကွယ်နိုင်တာပါ။ ကိုယ့်ကိုယ်ကိုယ် ဒီလိုနည်းတွေကပဲ ကာကွယ်နိုင်မှာပါ။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၆၃၁ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၇ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၅၅၉၇ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၈၉၇ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၁၆၃၁ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၁၆၃၁ ဦးအနက် သေဆုံးသူ ၂၅၆ ဦး နှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၀၇၃ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၄၅၁၅၄ | ၁၁၆၃၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၀၇၃ | ၂၅၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၃၇၇၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၀၇၃ ဦး

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈–၉–၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက် ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင် ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀)ကြာအောင် စနစ်တကျမကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၂၈-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၃၂၁၄၆၅ | ၄၅၆၀၇၄၂ | ၂၀၉၄၅၄ |
| ၂။ | အိန္ဒိယ | ၆၀၇၄၇၀၂ | ၅၀၁၆၅၂၀ | ၉၅၅၇၄ |
| ၃။ | ဘရာဇီး | ၄၇၃၂၃၀၉ | ၄၀၆၀၀၈၈ | ၁၄၁၇၇၆ |
| ၄။ | ရုရှား | ၁၁၅၉၅၇၃ | ၉၄၅၉၂၀ | ၂၀၃၈၅ |
| ၅။ | ကိုလံဘီယာ | ၈၁၃၀၅၆ | ၇၁၁၄၇၂ | ၂၅၄၈၈ |
| ၆။ | ပီရူး | ၈၀၅၃၀၂ | ၆၆၄၄၉၀ | ၃၂၂၆၂ |
| ၇။ | စပိန် | ၇၃၅၁၉၈ | စိစစ်ဆဲ | ၃၁၂၃၂ |
| ၈။ | မက္ကဆီကို | ၇၃၀၃၁၇ | ၅၂၃၈၃၁ | ၇၆၄၃၀ |
| ၉။ | အာဂျင်တီးနား | ၇၁၁၃၂၅ | ၅၆၅၉၃၅ | ၁၅၇၄၉ |
| ၁၀။ | တောင်အာဖရိက | ၆၇၀၇၆၆ | ၆၀၃၇၂၁ | ၁၆၃၉၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈– ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၀၇၂၈၈ | ၂၅၂၆၆၅ | ၅၃၈၁ |
| အင်ဒိုနီးရှား | ၂၇၈၇၂၂ | ၂၀၆၈၇၀ | ၁၀၄၇၃ |
| စင်ကာပူ | ၅၇၇၁၅ | ၅၇၃၆၇ | ၂၇ |
| မြန်မာ | ၁၁၆၃၁ | ၃၀၇၃ | ၂၅၆ |
| မလေးရှား | ၁၁၀၃၄ | ၉၈၈၉ | ၁၃၄ |
| ထိုင်း | ၃၅၄၅ | ၃၃၆၉ | ၅၉ |
| ဗီယက်နမ် | ၁၀၇၄ | ၉၉၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၆ | ၂၇၅ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၅ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်)**
**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာနေ ရှမ်းလေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၉-၂၀၂၀ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာနေ ရှမ်းလေး(ခ)ခမ်းခွန်(၃၅)နှစ်၊ (ဘ) ဦးအောင်ခွန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မြစ်ကြီးနား) မယ(ပ)၁၃၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ သန်းထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၉-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ သန်းထွန်း(၅၇)နှစ်၊ (ဘ)ဦးထွန်းကြိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မောင်သိန်း(၄၄)နှစ်၊ (ဘ)ဦးဘအောင်၊ သန်းညွန့် (၅၂)နှစ်၊ (ဘ) ဦးမောင်ချိုတို့ (၃)ဦး အား ဘိန်းဖြူများ၊ဘိန်းများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ)၁၇၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ပင်းမူးကျေးရွာနေ ဝင်းဖေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၉-၂၀၂၀ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ပင်းမူးကျေးရွာနေ ဝင်းဖေ(၆၀)နှစ်၊ (ဘ)ဦးဘချွဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပင်လည်ဘူး) မယ(ပ) ၁၇၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၉-၂၀၂၀ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာနေ ဇော်မင်းအေး(ခ)မောင်အေး(၂၄)နှစ်၊ (ဘ)ဦးစံဝေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သပိတ်ကျင်း)မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းရပ်နေ နေဇောသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၉-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ဝိုင်းရပ်နေ နေဇော(၄၃)နှစ်၊ (ဘ) ဦးသိန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် နေဇောအား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝါဝါဝင်း(၃၉)နှစ်၊ (ဘ)ဦးဝင်းစိန်အား WY/R စာတန်းပါစိတ်ကြွဆေးပြားများ၊ အမေရိကန်နိုင်ငံထုတ် Walther အမျိုးအစား ပွိုင့် ၃၈ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၆၀) တောင့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်)မယ(ပ) ၅၂/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ တင်ကိုကျော်နှင့်၎င်း၏ညီဖြစ်သူ ထက်ဝေလွင်(ခ) ထက်ထက်တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၉-၂၀၂၀ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ တင်ကိုကျော်(၃၁)နှစ်၊ (ဘ)ဦးကျော်မင်းဆွေ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်း၏ညီဖြစ်သူ ထက်ဝေလွင်(ခ)ထက်ဝေလင်း(ခ)ထက်ထက် (၂၅)နှစ်နှင့် ဇနီးဖြစ်သူ မအေးသီတာ(၂၀)နှစ်၊ (ဘ) ဦးသံချောင်းတို့(၃)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ICE များ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရွှေပြည်သာ)မယ(ပ) ၃၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၉-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်းမပေါ်၌ မရမ်းကုန်း မြို့နယ်၊ (၄) ရပ်ကွက်နေ ရဲမင်းသန်း(၃၂)နှစ်၊ (ဘ) ဦးမိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၅၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်နေ အသီးနှင့်ကုလားလေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၉-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်နေ ကုလားလေး(ခ)နေမင်းထွန်း(၂၀)နှစ်၊ (ဘ) ဦးမောင်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ညီညီအောင်(ခ)အသီး(၂၃)နှစ်၊ (ဘ)ဦးညိုမောင်တို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၆၂/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတာရပ်ကွက်နေ သန်းလွင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၉-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတာရပ်ကွက်နေ သန်းလွင်(၄၇)နှစ်၊ (ဘ)ဦးကံထူး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်)မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၆-၉-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၃၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၂၃)ဦး၊ မ(၃၄၂)ဦး၊ ပေါင်း(၂၀၆၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၄၂၂.၆၁၉၄)ဂရမ်၊ ICE (၁၄၈၉.၄၂) ဂရမ်၊ ဘိန်း(၄၇၉၃၄.၁၇၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၄၀၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၃၅၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၇၈၇၈၆)ပြား၊ ဆေးခြောက် (၁၄၈၅၉.၈၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၈)လက်၊ ကျည်မျိုးစုံ(၆၆၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၅၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

❖ *ကျောဖုံးမှ*

ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Stay at Home သတ်မှတ်ထားသည့် ဒေသများမှ ပြည်သူများ စစ်ကိုင်းမြို့ထဲမရောက်ခင် ကြိုတင်စစ်ဆေးတာပါ။ ခရီးသွားလာခွင့်အထောက်အထားများမပါရှိရင် အဝင်မခံတော့ပါဘူး။ မဖြစ်မနေသွားလာနေကြတဲ့ ပြည်သူတွေကိုလည်း ခရီးသွားရာဇဝင်တွေယူတယ်၊ ဆက်သွယ်ရမယ့် နေရပ်လိပ်စာတွေယူတယ်၊ ဖုန်းနံပါတ်တွေယူတယ်၊ ကျန်းမာရေးစစ်ဆေးမှုတွေလည်း ပြုလုပ်ပေးနေပါတယ်။ နေ့စဉ် ဆောင်ရွက်သွားမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဘက်ပေါင်းစုံမှ ဆောင်ရွက်**

စစ်ကိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ၊ အခြားအဖွဲ့အစည်းများကလည်း နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဝေငှပေးခြင်းတို့ကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနေကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မရမ်းကုန်းမြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်နေရာ လေးနေရာအထိ တိုးချဲ့ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ သံသယလူနာများ၊ လူနာနှင့်ထိတွေ့ဆက်စပ်မှုရှိသူများ ထားရှိနိုင်ရေးအတွက် မရမ်းကုန်းမြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်ရာနေရာ လေးနေရာအထိ ယနေ့တိုးချဲ့ဖွင့်လှစ်ထားကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

"ကျွန်တော်တို့မြို့နယ်အနေနဲ့ အသွားအလာကန့်သတ်စောင့်ကြည့်တဲ့နေရာကို စက်တင်ဘာ ၁၆ ရက်က လောလောဆယ်လူနာ ၁၀၅ ဦးဆံ့တဲ့ အမှတ် (၇ ) ရပ်ကွက်က ခရစ်ယာန်ဘာသာရေးကျောင်းမှာ ထိတွေ့ဆက်စပ်မှုရှိတဲ့ လူနာတွေထားတယ်။ စက်တင်ဘာ ၂၁ ရက်က အထက(၁)မှာတော့ သံသယလူနာ ၃၀၀ ဆံ့တယ်၊ ဒုတိယတစ်ခေါက် ပြန်ဖွင့်ထားတာဖြစ်တယ်။ ဒီကနေ့ထိတော့ နှစ်ခုပေါင်းရင် လူနာ ၃၅၀ ကျော်တော့ ရှိသွားပြီ။ လူနာ ၁၀၀ ဆံ့ နေရာတွေကိုတော့ နောက်ထပ် တိုးချဲ့ဖွင့်ထားပါတယ်။ မြို့နယ်အဆင့်အနေနဲ့ အာခေါင်နှာခေါင်းတို့ဖတ်ရယူပြီး ပိုးတွေ့လူနာတွေကို ဆက်လက်ကုသဖို့ သက်ဆိုင်ရာကို ပို့ဆောင်ပေးပါတယ်"ဟု မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က ပြောသည်။

ယခုအခါ မရမ်းကုန်းမြို့နယ်၌ အလက (၅)နှင့် အမက (၁၉)တို့တွင် လူနာ ၁၀၀ ဆံ့သည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းကို တိုးချဲ့ဖွင့်လှစ်ထားကြောင်း သိရသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း QR Pass မှတ်ပုံတင်ရရှိထားခြင်းမရှိဘဲ မြို့နယ်တစ်ခုနှင့်တစ်ခုသို့ဖြတ်ကျော်ခြင်းအား ဆေးရုံဆေးခန်းနှင့် အရေးပေါ်အခြေအနေ သွားလာခြင်းမှအပ အိမ်အတွင်းနေထိုင်ရေး အစီအစဉ်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာကြရန် မြို့နယ်အသီးသီး၌ ယနေ့နံနက်ပိုင်းမှစတင်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**ရန်ကုန် စက်တင်ဘာ ၂၈**- မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၈-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၃:၀၀)နာရီ**

၁။ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာ (၇၄၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာမြို့နယ် | ၇၅ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၅၃ |
| | | ဗဟန်းမြို့နယ် | ၃၈ |
| | | မင်္ဂလာဒုံမြို့နယ် | ၃၀ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၂၅ |
| | | ဒလမြို့နယ် | ၂၃ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂၀ |
| | | ကျောက်တန်းမြို့နယ် | ၁၇ |
| | | လှိုင်မြို့နယ် | ၁၆ |
| | | ပုဇွန်တောင်မြို့နယ် | ၁၅ |
| | | ပန်းဘဲတန်းမြို့နယ် | ၁၂ |
| | | သာကေတမြို့နယ် | ၁၂ |
| | | အင်းစိန်မြို့နယ် | ၁၂ |
| | | တာမွေမြို့နယ် | ၁၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၁၁ |
| | | မရမ်းကုန်းမြို့နယ် | ၁၁ |
| | | သဃ်န်းကျွန်းမြို့နယ် | ၁၁ |
| | | သန်လျင်မြို့နယ် | ၁၀ |
| | | ကွမ်းခြံကုန်းမြို့နယ် | ၁၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၇ |
| | | ဒဂုံမြို့နယ် | ၆ |
| | | လမ်းမတော်မြို့နယ် | ၅ |
| | | လသာမြို့နယ် | ၅ |
| | | ခရမ်းမြို့နယ် | ၅ |
| | | ဒေါပုံမြို့နယ် | ၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် | ၄ |
| | | ကျောက်တံတားမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် | ၃ |
| | | ဗိုလ်တထောင်မြို့နယ် | ၂ |
| | | အလုံမြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | ရန်ကင်းမြို့နယ် | ၂ |
| | | ဒဂုံဆိပ်ကမ်းမြို့နယ် | ၂ |
| | | လှည်းကူးမြို့နယ် | ၂ |
| | | ထန်းတပင်မြို့နယ် | ၂ |
| | | ကမာရွတ်မြို့နယ် | ၂ |
| | | တွံတေးမြို့နယ် | ၁ |
| | | ရွှေပြည်သာမြို့နယ် | ၁ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| | | စုစုပေါင်း | ၄၇၃ |
| ၂ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁၁၈ |
| | | ကျောက်ဖြူမြို့နယ် | ၂၃ |
| | | မြောက်ဦးမြို့နယ် | ၁၄ |
| | | ကျောက်တော်မြို့နယ် | ၁၁ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၆ |
| | | မောင်တောမြို့နယ် | ၅ |
| | | ပေါက်တောမြို့နယ် | ၃ |
| | | တောင်ကုတ်မြို့နယ် | ၂ |
| | | ဘူးသီးတောင်မြို့နယ် | ၂ |
| | | မင်းပြားမြို့နယ် * | ၂ |
| | | အမ်းမြို့နယ် | ၁ |
| | | သံတွဲမြို့နယ် | ၁ |
| | | ရသေ့တောင်မြို့နယ် | ၁ |
| | | မြေပုံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၉၀ |
| ၃ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့နယ် | ၂ |
| | | ကျောင်းကုန်းမြို့နယ် ** | ၁ |
| | | ဒေးဒရဲမြို့နယ် * | ၁ |
| | | မအူပင်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၅ |
| ၄ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေမြို့နယ် | ၃ |
| | | ပုသိမ်ကြီးမြို့နယ် | ၁ |
| | | အောင်မြေသာဇံမြို့နယ် | ၁ |
| | | မြင်းခြံမြို့နယ် | ၁ |
| | | သာစည်မြို့နယ် | ၁ |
| | | မိတ္ထီလာမြို့နယ် | ၁ |
| | | ငါန်းဇွန်းမြို့နယ် | ၁ |
| | | ရမည်းသင်းမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ကဝမြို့နယ် | ၂၀ |
| | | သာယာဝတီမြို့နယ် | ၂ |
| | | ပေါက်ခေါင်းမြို့နယ် * | ၂ |
| | | ဖြူးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ် | ၃ |
| | | ယင်းမာပင်မြို့နယ် | ၂ |
| | | စစ်ကိုင်းမြို့နယ် ** | ၁ |
| | | ချောင်းဦးမြို့နယ် | ၁ |
| | | စုစုပေါင်း | ၇ |
| ၇ | မွန်ပြည်နယ် | ဘီးလင်းမြို့နယ် | ၅ |
| | | ကျိုက်ထိုမြို့နယ် | ၄ |
| | | သံဖြူဇရပ်မြို့နယ် | ၃ |
| | | သထုံမြို့နယ် | ၁ |
| | | မုဒုံမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၈ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | လယ်ဝေးမြို့နယ် | ၅ |
| | | ပျဉ်းမနားမြို့နယ် | ၄ |
| | | ဇမ္ဗူသီရိမြို့နယ် | ၁ |
| | | ဇေယျာသီရိမြို့နယ် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၉ | ကချင်ပြည်နယ် | ဖားကန့်မြို့နယ် | ၃ |
| | | မိုးညှင်းမြို့နယ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ပေါက်မြို့နယ် * | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့နယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂ | ချင်းပြည်နယ် | တီးတိန်မြို့နယ် *** | ၁ |
| | | တွန်းဇံမြို့နယ် * | ၁ |
| | | စုစုပေါင်း | ၂ |
| | | (၂၇-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ၇၄၃ |

* မြို့နယ်များမှ အချို့သည် ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူများ ဖြစ်ပါသည်။

** စစ်ကိုင်းမြို့နယ်မှ (၁) ဦးနှင့် ကျောင်းကုန်းမြို့နယ်မှ (၁) ဦးတို့သည် ဖြူးမြို့နယ်တွင် အသွားအလာကန့်သတ်ထားရှိသူများဖြစ်ပါသည်။

*** ပြည်ပသို့ ခရီးသွားရာဇဝင်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၆ ဦးအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့်ဆက်လက်ပို့ဆောင်

**လားရှိုး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့ များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။(ယာပုံ)

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် မေ ၆ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က နေရပ်ပြန်ပြည်သူ အမျိုးသား ၂၃ ဦး ၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၄၆ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးသည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၄၆ ဦးတို့တွင် ကချင်ပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၂ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀ ဦး၊ မန္တလေး တိုင်းဒေသကြီးမှ လေးဦး၊ မွန်ပြည်နယ် မှတစ်ဦး ၊ ရန်ကုန်တိုင်းဒေသကြီးမှလေးဦး၊ ပဲခူးတိုင်းဒေသကြီးမှသုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ကိုးဦးတို့ဖြစ်သည်။ နေရပ်



ပြန်ပြည်သူများအား ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ အမျိုးသား ၁၀၄၃၆ ဦး ၊ အမျိုးသမီး ၆၅၂၀ စုစုပေါင်း ၁၆၉၅၆ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၂၈**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# မြဝတီ၊ ဟိုပုံး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက် ညပိုင်းတွင် မြဝတီမြို့ အမှတ် (၃) ရပ်ကွက်၊ ကရင်စာပေ(၁) လမ်းပေါ်တွင်တွေ့ရှိသူ ပြည့်ဖြိုးအောင် (ခ) ဂျက်ပေါ့ ကို ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၁၁ ပြား သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ မြဝတီမြို့၊ အမှတ် (၃) ရပ်ကွက် ဗန္ဓုလလမ်းရှိ မသဲသက်သက်မျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၃၄၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဟိုပုံး မြို့နယ် ဟိုပုံး-လွိုင်လင် ကားလမ်း စံဖူးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ အနီးတွင် ဇော်မျိုးအောင် မောင်းနှင် လာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၅၀၀၀၀ စုစုပေါင်း ငွေကျပ် သိန်း ၄၅၀၀ တန်ဖိုးကို သိမ်းဆည်းရမိ ခဲ့ပြီး ကွင်းဆက်အရ လွိုင်လင်မြို့နယ် တောင်ကြီး-လွိုင်လင် ကားလမ်း ဟိုတင့်ကျေးရွာအနီး၌ စိုင်းလှိုင်းနှင့် စိုင်းနော်ထွန်း (ခ) အိုက်လျှန်း တို့ကို မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



စိုင်းလှိုင်း၊ စိုင်းနော်ထွန်း (ခ) အိုက်လျှန်း၊ ဇော်မျိုးအောင် တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဟွေဆိုင်း ကျေးရွာနေ မဘူးမီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၄၀၅၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် တာချီလိတ်မြို့နယ် ကျိုင်းလပ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ကျခမ်းကျောက် ကျေးရွာအုပ်စု နမ့်ငေါ့ကျေးရွာအနီးတွင် ကျလော မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၅၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာ ဥပဒေ အရ အရေးယူထားကြောင်း သိရ သည်။

**ရဲပြန်ကြား**

# ရေတာရှည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေး နှာခေါင်းစည်းမတပ်သူများကို အရေးယူ

**ရေတာရှည် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တစ်ခုလုံး ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိ လိုက်နာစေရန် ရည်ရွယ်၍ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များတွင် တစ်ပြိုင်တည်း စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ စည်ပင်သာယာရေးဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ရန်ကုန်-မန္တလေးကားလမ်း၊ စည်ပင်သာယာဈေးနှင့် လူစည်ကားရာနေရာများ တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသည့် ယာဉ်မောင်း များ၊ ဆိုင်ကယ်စီးနင်းသူများ၊ အခြားသော သွားလာနေကြသူများကို တစ်ဦး လျှင် ဒဏ်ငွေကျပ် သုံးထောင် ပေးဆောင်စေခြင်းဖြစ်သည်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းကြောင့် ခရီးသွားပြည်သူများ ရာနှုန်းပြည့်နီးပါး နှာခေါင်းစည်းတပ်ဆင်လာကြပြီး စည်းကမ်းမလိုက်နာသူများ ကိုလည်း ဆက်လက်အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင် တစ်ဦးက ပြောကြားသည်။

**သန်းလွင် (ဆွာ)**



# မိုးညှင်းမြို့နယ်တွင် တရားမဝင် ရွှေတူးဖော်သူကို ဖမ်းဆီးရမိ

**မိုးညှင်း စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာ အရှေ့ဘက် နန့်ပမောင်းချောင်း နန့်ပမောင်းရွှေမှော်တွင် တရားမဝင် ရွှေတူးဖော်



တရားမဝင် ရွှေတူးဖော်သည့်နေရာကို တွေ့ရစဉ်။

နေသူများကို မူးယစ်ဆေးဝါးများ တိုက်ကျွေးကာ ခိုင်းစေလျက်ရှိကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ မူးယစ်ဆေးဝါးများအား မတွေ့ရဘဲ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

မိုးညှင်းခရိုင် ရဲတပ်ဖွဲ့မှ ဒုရဲမှူးထွန်းမြင့်အောင်နှင့် အဖွဲ့၊ ခရိုင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ထွန်းလှိုင်၊ မိုးညှင်းမြို့မ ရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းနိုင်တို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင် ဘာ ၂၆ ရက်က နန့်စီးအောင်ကျေးရွာ အရှေ့ဘက်ရှိ နန့်ပမောင်းရွှေမှော်တွင် တရားမဝင် ရွှေတူးဖော်နေသူများကို သွားရောက်ဖမ်းဆီးရာ တရားမဝင်ရွှေ တူးဖော်လုပ်ကိုင်နေသူ မောင်အေး ၂၁ နှစ် ဗန်းမော်မြို့နယ်နေသူနှင့်အတူ ရွှေတူးဖော်ရာတွင် အသုံးပြုသည့် အင်ဂျင်စက် နှစ်လုံး၊ ရေစုပ်စက်အကြီး နှစ်လုံး နှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက် ထားကြောင်း သိရသည်။

**၀၇၈**




# ကချင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် နေအိမ်များ၊ လမ်းများနှင့် လယ်ယာမြေများ ရေဝင်နစ်မြုပ်

**ဆင်ဘို**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မြစ်ကြီးနားမြို့နယ် ဆင်ဘိုဒေသ၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၄၀၀ စင်တီမီတာမှ ၂၄၁၁ အထက်သို့ ၁၁ စင်တီမီတာ မြင့်တက်လာခဲ့သဖြင့် ဆင်ဘိုမြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာတချို့ရှိ လူနေ အိမ်များအတွင်း ရေဝင်မှုဖြစ်ရာ ယာယီကယ်ဆယ် ရွှေ့ပြောင်းထားရကြောင်း မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရ သည်။

ဧရာဝတီမြစ်ရေသည် ဆင်ဘိုဒေသ၌ စက်တင်ဘာ ၂၇ ရက်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ဆင်ဘို မြို့ပေါ် ရေဘဦး၊ အောင်ချမ်းသာနှင့် အောင်မင်္ဂလာရပ်ကွက် များနှင့် မြင်သာ၊ ရေနားပင်လုံ၊ မံဖွား၊ တာဟိုးနားကျေးရွာ များရှိ အနိမ့်ပိုင်းနေရာများမှာ မြစ်ရေ လေးပေကျော် မြင့်တက်လာခဲ့မှုကြောင့် အိမ်ထောင်စု ၁၃၂ စု၊ လူဦးရေ ၄၅၆ ဦးတို့၏ နေအိမ်များအတွင်း ရေဝင်ပြီး လတ်တလော အချိန်ထိ အိမ်ထောင်စု ၃၇ စု၊ လူဦးရေ ၁၇၂ ဦးတို့အား မြို့အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းကျော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေလွတ်ရာ အစိုးရဘော်ဒါဆောင်နှင့် နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ကူညီကယ်ဆယ်ရွှေ့ပြောင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ဖားကန့်မြို့နှင့် ကာမိုင်းမြို့သွားကားလမ်းတွင် စက်တင်ဘာ ၂၅ ရက်မှစ၍ မိုးသည်းခဲ့မှုကြောင့် မိုးကောင်းချောင်းနှင့် အင်းတော်ကြီး ချောင်းတို့ ရေမြင့်တက်ခဲ့ကာ ကားလမ်းပေါ် ချောင်းရေ သုံးပေခန့်ကျော်နေသည့်အတွက် ယနေ့တွင် ခရီးသည် တင် ယာဉ်ငယ်များကို ထွန်စက်ဖြင့်ဆွဲပြီး မော်တော် ဆိုင်ကယ်များကို လူအားဖြင့် ထမ်းသယ်နေရကြောင်း နန့်ယားကျေးရွာ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ကာမိုင်းဘက်က လာရင် ကိုးမိုင်တံတား မရောက်ခင် ဘက်ခြမ်းမှာက အလျားပေ ၈၀ ခန့်၊ အမြင့်က သုံးပေ ကျော်၊ တံတားရဲ့ ဒီဘက်ခြမ်းအပိုင်းမှာက အလျားပေ ၂၀၀ ခန့်၊ အမြင့်က သုံးပေကျော် ကားလမ်းပေါ် ရေကျော် နေတာပါ၊ ရေကပြန်မကျဘဲ တန့်နေတာ" ဟု နန့်ယား ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ဖြိုးက ပြောသည်။

လုံးခင်းယာယီကားဝင်းသို့ ရေကျော်ကားလမ်းအား ဖြတ်ကျော်လာခဲ့သူ ယာဉ်မောင်းတစ်ဦးက ထွန်စက်နဲ့ဆွဲခ ကားတစ်စီးလျှင် သုံးသောင်းပေးရကြောင်း ပြောသည်။

သက်ဆိုင်ရာနယ်မြေအလိုက် အုပ်ချုပ်ရေးမှူးများ၊ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်များ၊ လူမှုရေး အသင်းအဖွဲ့များက ရေကျော်ကားလမ်းပေါ်မှ သွားလာ နေရသူများအား ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ချောင်းရေလျှံမှုကြောင့် ကားလမ်းအပြင် ကာမိုင်းမြို့မရပ်ကွက် အနိမ့်ပိုင်းလူနေအိမ်များသို့ ရေဝင် ပြီး လက်ရှိအချိန်ထိ အိမ်ထောင်စု ၁၇၄ စု၊ လူဦးရေ ၈၁၂ ဦးတို့အား နီးစပ်ရာ ဘုန်းကြီးကျောင်း၊ အသင်းတော် အဆောက်အအုံနှင့် ဘော်ဒါဆောင်တို့တွင် ယာယီ ရွှေ့ပြောင်းပေးထားပြီး ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကာမိုင်းနယ်မြေ နည်းဗျူဟာမှူးနှင့် တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှု ရေး အသင်းအဖွဲ့များက နေထိုင်မှုအဆင်ပြေစေရေး လိုက်လံကြည့်ရှုစစ်ဆေးကာ ထမင်းဘူးများဝေငှပေးလျက် ရှိကြောင်း ကာမိုင်းမြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက် က မိုးအဆက်မပြတ်ရွာသွန်းရာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းမှစ၍ လီဒိုလမ်းမကြီးပေါ် အချို့နေရာများ၌ လမ်းရေကျော်မှုများ၊ လမ်းမြေသား ပျက်စီးမှုများ ဖြစ်ပေါ် ခဲ့သည်။ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တနိုင်းချောင်း၊ နန်ဗျူချောင်း၊ မဂွေတောင်ချောင်း၊ နန့်ခမ်းယန်ချောင်း၊ တိန်ကောက်ချောင်း၊ ကိုင်ထောင်ချောင်းနှင့် အီးတီချောင်း များမှ ရေလျှံတက်မှုကြောင့် တနိုင်းမြို့နယ်၌ စပါးစိုက်ပျိုး သီးနှံများ ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်နေရာများဖြစ်သည့် ဒူးကောင်း ရပ်ကွက်တွင် စပါးစိုက်ကွက်ကွင်းပေါင်း ငါးကွင်း၊ တောင်သူ ၁၀၂ ဦး၏ လယ် ၈၈၇ ဧက၊ ကင်ဆားရာရပ်ကွက် တွင် သုံးကွင်း၊ တောင်သူ ၂၅ ဦး၏ လယ် ၁၂၂ ဧက၊ ဆင်မ်ဆာ့ ရပ်ကွက်တွင် တစ်ကွင်း၊ တောင်သူ သုံးဦး၏ လယ် ၁၁ ဧက၊ ဆွတ်ငိုင်ရပ်ကွက်တွင် တစ်ကွင်း၊ တောင်သူ ၂၆ ဦး၏ လယ် ၄၉ ဧက၊ ကောင်ရာကျေးရွာ အုပ်စုတွင် လေးကွင်း၊ တောင်သူ ၉၅ ဦး၏ လယ် ၆၂၅ ဧက၊ မကောကျေးရွာအုပ်စုတွင် နှစ်ကွင်း၊ တောင်သူ ၄၃ ဦး၏ လယ် ၉၄ ဧက၊ ရှင်လုံဂါး ကျေးရွာအုပ်စုတွင် တစ်ကွင်း၊ တောင်သူ ခုနစ်ဦး၏ လယ် ၁၃ ဧက၊ တိန်ကောက် ကျေးရွာအုပ်စု သုံးကွင်း၊ တောင်သူ သုံးဦး၏ လယ် ၁၉ ဧက၊ မိုင်းခွန်ကျေးရွာအုပ်စုတွင် သုံးကွင်း၊ တောင်သူ ၁၀၈ ဦး၏ လယ် ၄၈၇ ဧက စုစုပေါင်းကွင်း ၂၃ ကွင်း၊ တောင်သူ ၄၁၂ ဦး၏ လယ် ၂၃၀၇ ဧက ရေကြီးနစ်မြုပ်သွားကြောင်း တနိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**ဝါဝါ (ပြန်/ဆက်)**

# အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ၁၀ နှစ်တာ အခွန်ရှောင်ရှားခဲ့ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၂၈

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် သမ္မတမဖြစ်မီ ၁၅ နှစ်တာကာလအတွင်း ၁၀ နှစ်လုံးလုံး ဝင်ငွေခွန်ပေးဆောင်ခဲ့ခြင်းမရှိဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။ အမေရိကန်သမ္မတထရမ့်ကမူ အဆိုပါသတင်းကို ငြင်းဆန်ထားသည်။**

ဆယ်စုနှစ် နှစ်ခုကျော်စာ အခွန်အချက်အလက်များ အပေါ်မူတည်ကာ ယခုလို ထုတ်ဖော်ရခြင်းဖြစ်သည်ဟု အမေရိကန်သတင်းစာတွင် ဖော်ပြထားသည်။ အခွန်အချက်အလက်များအပေါ်မူတည်၍ သုံးသပ်မှုများကို နယူးယောက်တိုင်းမ်တွင် စက်တင်ဘာ ၂၇ ရက်က ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာအရ သမ္မတထရမ့်သည် ၂၀၁၆ ခုနှစ်အတွက် ဝင်ငွေခွန်အဖြစ် ဒေါ်လာ ၇၅၀ ပေးဆောင်ထားပြီး အဆိုပါနှစ်တွင်ပင် အမေရိကန်သမ္မတ အဖြစ် ရွေးကောက်ခံခဲ့ရသည်။ ထို့နောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၁၇ ခုနှစ်တွင် နောက်ထပ်ဒေါ်လာ ၇၅၀ ပေးဆောင်ခဲ့သည်ဟု ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။


ထရမ့်သည် ပြီးခဲ့သည့် ၁၅ နှစ်တာကာလအတွင်း ၁၀ နှစ်တာအတွက် ဝင်ငွေခွန် ပေးဆောင်ခဲ့ခြင်းမရှိဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။ စီးပွားရေးလုပ်ငန်းတွင် အရှုံးပေါ်သည့်အတွက် နည်းနည်းသာ အခွန်ဆောင်နိုင်ခြင်းဖြစ်သည်ဟု ထရမ့်က ပြောသည်။

စက်တင်ဘာ ၂၈ ရက်က အိမ်ဖြူတော်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင်မူ အဆိုပါသတင်းမှာ သတင်းတုဖြစ်သည်ဟု ထရမ့်က သတင်းထောက်များကို ပြောသည်။ စာရင်းစစ်အာဏာပိုင်များ၏ လုပ်ငန်းများ ပြီးစီးသည့်အခါ အခွန်ပြန်အမ်းငွေအချက်အလက်များကို ထုတ်ဖော်ပြသရန် ဆန္ဒရှိသည်ဟု ထရမ့်က ပြောသည်။

အမေရိကန်သမ္မတများသည် ၎င်းတို့၏ အခွန်ပြန်အမ်းငွေအချက်အလက်များကို အများပြည်သူသို့ ချပြလေ့ရှိသော်လည်း ထရမ့်ကမူ ၎င်းအခွန်ဆိုင်ရာ အချက်အလက်များမှာ စာရင်းစစ်အောက်တွင် ရှိသည်ဟုဆိုကာ အချက်အလက်များ ထုတ်ဖော်ပြသရန်ငြင်းဆိုခဲ့သည်။

ထရမ့်၏ အခွန်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်ပြီး နောက်ထပ်ဆောင်းပါးများကိုလည်း လာမည့်သီတင်းပတ်အတွင်း ထုတ်ဝေသွားမည်ဟု နယူးယောက်တိုင်းမ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဒေါ်နယ်ထရမ့်ပိုင်ဆိုင်သည့် အဆောက်အအုံကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူပေါင်း ခြောက်သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၈**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်းမှာ ခြောက်သန်း ကျော်လွန်လာပြီဟု စက်တင်ဘာ ၂၈ ရက်တွင် အတည်ပြု ပြောကြားခဲ့သည်။ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ကြောင့် သေဆုံးသူစုစုပေါင်းမှာ ၉၅၅၄၂ ဦးရှိသည်ဟု သိရသည်။

အမေရိကန် ပြည်ထောင်စုတွင် စက်တင်ဘာ ၂၅ ရက်က ကိုဗစ်- ၁၉ ကူးစက်ခံရသူပေါင်း ခုနစ်သန်းကျော်ရှိပြီး သေဆုံးသူပေါင်း ၂၀၀၀၀၀ ကျော်ရှိသည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

ကမ္ဘာ့ဒုတိယမြောက် လူဦးရေအများဆုံးနိုင်ငံတွင် လူပေါင်း ၆၀၇၄၇၀၂ ဦးမှာ ကိုဗစ် - ၁၉ ကူးစက်ခံထားရပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်ခံရသူပေါင်း ၈၂၁၇၀ ထပ်မံတွေ့ရှိခဲ့သည်ဟု ဝန်ကြီးဌာနက အတည်ပြုထားသည်။

စက်တင်ဘာ ၁၆ ရက်တွင် အိန္ဒိယ၌ ကူးစက်ခံရသူ ငါးသန်းကျော်ရှိလာခြင်းဖြစ်သည်။ ကူးစက်မှုများ၏ ထက်ဝက်ခန့်မှာ မဟာရက်ရှ်ထရာပြည်နယ်၊ ကာနာတာကာပြည်နယ်နှင့် တောင်ပိုင်းပြည်နယ်နှစ်ခုတို့မှ ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံသည် မတ်လနှောင်းပိုင်းမှ မေလကုန်အထိ နိုင်ငံတစ်ဝန်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခဲ့ပြီး ဇွန်လအတွင်းမှစတင်ကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့သည်။

**ကျိုးဒိ**


ကိုဗစ် – ၁၉ စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

## ချီလီနိုင်ငံတွင် ကိုဗစ် - ၁၉ ရှိ မရှိ ဆေးစစ်မှုများ စံချိန်တင် လုပ်ဆောင်ပေးလျက်ရှိ

**ဆန်တီယာဂို စက်တင်ဘာ ၂၈**

ချီလီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုများကို ထောက်လှမ်းမိရန်အတွက် မကြာသေးမီရက်ပိုင်းမှ စတင်ကာ ဆေးစစ်မှုများကို အင်တိုက်အားတိုက် လုပ်ဆောင်ပေးခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီး အင်းရစ်ပဲရစ်က စက်တင်ဘာ ၂၇ ရက်တွင် ပြောသည်။

ကိုဗစ် – ၁၉ ရှိ မရှိ ဆေးစစ်မှုများကို ပြီးခဲ့သည့် သုံးရက်တာအတွင်း ၁၁၅၂၁၉ ခု လုပ်ဆောင်ပေးနိုင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ တိုင်းပြည်အတွင်း ကိုဗစ် – ၁၉ ကူးစက်မှုများကို အချိန်မီထောက်လှမ်းနိုင်ရန် အလို့ငှာ ယခုလို ဆေးစစ်မှုများကို အရှိန်အဟုန်မြှင့်တင်ကာ လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ ချီလီနိုင်ငံသည် မတ်လအတွင်းမှစတင်ကာ လူပေါင်း ၃၂၂၈၄၁၄ ဦးကို ဆေးစစ်ပေးခဲ့ပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စက်တင်ဘာ ၂၇ ရက် ထုတ်ပြန်ချက်အရ ချီလီနိုင်ငံတွင် လူပေါင်း ၄၅၇၉၀၁ ဦး ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ ကိုဗစ်– ၁၉ နှင့် ဆက်စပ်ပြီး လူ ၅၀ ထပ်မံ သေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၁၂၆၄၁ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဆော်ဒီအကျဉ်းသား ၁၅ ဦးကို ဟူသီများက ပြန်လွှတ်ပေးမည်ဟု ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့ပြော

**ရီယာ့ဒ် စက်တင်ဘာ ၂၈**

ယီမင်နိုင်ငံ၏ အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ ဟူသီသူပုန်များ ဖမ်းဆီးထားသည့် ဆော်ဒီအကျဉ်းသား ၁၅ ဦး ပြန်လွတ်လာရန်ရှိသည်ဟု ဆော်ဒီဦးဆောင်သည့် မဟာမိတ်များက စက်တင်ဘာ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှု ပထမအဆင့်အနေဖြင့် အကျဉ်းသားလဲလှယ်ရေး အစီအစဉ်အရ အကျဉ်းသားနှင့် ဖမ်းဆီးထိန်းသိမ်းထားသူပေါင်း ၁၀၈၁ ဦးကို လဲလှယ်သွားမည်ဟု ယီမင်နိုင်ငံမှ ပဋိပက္ခဖြစ်ပွားနေသည့်အဖွဲ့များက သဘောတူထားသည်။ ယီမင်အစိုးရဘက်မှ အကျဉ်းသားပေါင်း ၆၈၁ ဦး ပြန်လွှတ်ပေးမည်ဖြစ်ပြီး ဟူသီသူပုန်များဘက်မှ အကျဉ်းသားပေါင်း ၄၀၀ ကို ပြန်လွှတ်ပေးမည်ဟု မဟာမိတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တူကီအယ်မာလစ်ကီက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဟူသီများဘက်မှ ပြန်လွှတ်ပေးမည့် အကျဉ်းသား ၄၀၀ တွင် ဆော်ဒီတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဆူဒန်နိုင်ငံသား လေးဦးပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ကြီးကြပ်မှုအောက်တွင် ယီမင်နိုင်ငံ၏ အကျဉ်းသားလဲလှယ်မှုအစီအစဉ်ကို လုပ်ဆောင်မည်ဖြစ်သည်။ ယီမင်ပြည်တွင်းစစ်ကို ၂၀၁၄ နှောင်းပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင်ယီမင်သမ္မတမန်ဆောဟာဒီကို ကူညီပေးရန် မဟာမိတ်အဖွဲ့မှ ပြည်တွင်းစစ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

**ဆင်ဟွာ**

## ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ တစ်သန်းရှိလာပြီဖြစ်

**မက်ဒရစ် စက်တင်ဘာ၂၈**

လွန်ခဲ့သည့်နှစ် တရုတ်နိုင်ငံတွင် ကိုဗစ်– ၁၉ စတင်ပေါ်ပေါက်ခဲ့သည့် အချိန်မှစတင်ကာ စက်တင်ဘာ ၂၇ ရက်အထိ တစ်ကမ္ဘာလုံးတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ လူပေါင်း တစ်သန်းကျော်ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်– ၁၉ကြောင့် ကမ္ဘာ့ စီးပွားရေးကို ထိခိုက်ပြီး ပထဝီနိုင်ငံရေးအခြေအနေများလည်း တင်းမာလာလျက်ရှိသည်။ ကမ္ဘာ့အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများနှင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားလာမှုလုပ်ငန်းများလည်းရပ်နားထားရသည်။ လူများမှာလည်း နေအိမ်အတွင်း၌သာ တင်းကျပ်သည့် စည်းကမ်းများအောက်တွင် အသက်ရှင်နေထိုင်နေရသည်။ စက်တင်ဘာ ၂၇ ရက်တွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူပေါင်း ၁၀၀၀၀၀၉ ဦးရှိလာပြီး ကူးစက်ခံရသူပေါင်း ၃၃၀၁၈၈၇၇ ဦးရှိလာသည်ဟု အေအက်ဖ်ပီ၏ တွက်ချက်မှုများအရ သိရသည်။

သေဆုံးမှုများထဲတွင် အမေရိကန်သည် ကိုဗစ် –၁၉ ကြောင့် လူသေမှုအများဆုံးဖြစ်ပြီး လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ ၎င်းနောက်တွင် ဘရာဇီး၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် ဗြိတိန်တို့က အသီးသီးစီ ရပ်တည်လျက်ရှိကြသည်။ သိပ္ပံပညာရှင်များက ဗိုင်းရပ်စ်အတွက် ကာကွယ်ဆေးရရေး အပြိုင်အဆိုင်ကြိုးပမ်းနေကြစဉ်တွင် နိုင်ငံတိုင်းမှ အစိုးရအသီးသီးသည်လည်း မလွယ်ကူသည့် လုပ်ဆောင်မှုများကြား ဟန်ချက်ညီအောင် လုပ်ဆောင်နေရသည်။ ဥရောပသည် ကိုဗစ်–၁၉ ပထမလှိုင်းကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရပြီး ယခုတစ်ဖန်နောက်ထပ် ကူးစက်မှုများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ ပါရီ၊ လန်ဒန်၊ မက်ဒရစ်မြို့တို့တွင် ကူးစက်မှုများ လျော့နည်းစေရေးနှင့် ဆေးရုံများတွင် ဝန်ပိမှုလျော့ကျစေရေးတို့အတွက် ထိန်းချုပ်မှုများ လုပ်ဆောင်နေရသည်။ ယခုအခါ မြို့ကြီးများရှိ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကော်ဖီဆိုင်များနှင့် စျေးဆိုင်တို့တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာ စည်းကမ်းချက်များအတိုင်း လုပ်ဆောင်ကြလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကိုဗစ် – ၁၉ ကြောင့် စည်းကမ်းတင်းကျပ်နေသည်ကို တွေ့ရစဉ်။

# နျူကလီးယားလက်နက် ဖျက်သိမ်းရေးလမ်းကြောင်းပေါ် ပြန်သွားကြရန် ကုလသမဂ္ဂအကြီးအကဲတောင်းဆို



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်

**ဂျီနီဗာ စက်တင်ဘာ ၂၈**

နျူကလီးယားလက်နက်ဖျက်သိမ်းရေးကို အကောင်အထည်ဖော်ရန်အတွက် မူလလမ်းကြောင်းဆီသို့ ပြန်လှည့်ကာ အတူတကွ ဝိုင်းဝန်းကြိုးပမ်းကြရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ် ကသက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တောင်းဆိုလိုက်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က ကျင်းပခဲ့သည့် ကုလသမဂ္ဂ အစည်းအဝေးတွင် ကုလသမဂ္ဂက စက်တင်ဘာ ၂၆ ရက်ကို နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး ပထမဆုံးအကြိမ်ကျင်းပရန် နေ့ရက်အဖြစ် သတ်မှတ်ခဲ့သည်။ နျူကလီးယားလက်နက် အပြီးအပိုင်ဖျက်သိမ်းရေးဆိုင်ရာ နိုင်ငံတကာနေ့အတွက် မစ္စတာဂူတာရက်စ်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်အစား နည်းဗျူဟာကျကျ ယှဉ်ပြိုင်သည့်နည်းကို ပိုမိုရွေးချယ်လုပ်ဆောင်လာလျက်ရှိကြောင်း မစ္စတာဂူတာရက်စ်က ထောက်ပြခဲ့သည်။

နျူကလီးယားလက်နက်ကြောင့် ဖြစ်လာမည့် အန္တရာယ်များသည် ပိုမိုစိုးရိမ်စရာကောင်းလာပြီး ယုံကြည်မှုပြန်လည်တည်ဆောက်ရန်၊ နျူကလီးယားဆိုင်ရာ အန္တရာယ်များကို လျှော့ချရန်နှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် ခိုင်မာသေချာသည့် လမ်းကြောင်းပေါ် လျှောက်လှမ်းကြရန်နှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဆွေးနွေးပွဲများ ပြန်လည်စတင်ကြရန် သက်ဆိုင်ရာနိုင်ငံများကို မစ္စတာ ဂူတာရက်ဇ်က တိုက်တွန်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်မှု လျော့ကျလာသည့်အပေါ် ကျေနပ်အားရမနေကြရန် ကျန်းမာရေးအာဏာပိုင်များ သတိပေး

**မနီလာ စက်တင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှု အရှိန်လျော့လာသော်လည်း အရေးပေါ်လူနာများ တိုးပွားနေဆဲဖြစ်ပြီး အစုလိုက် ကူးစက်ခံရမှုများ ထပ်မံတွေ့ရှိနေဆဲဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ကျေနပ်အားရမနေကြရန်နှင့် သတိရှိကြရန် ကျန်းမာရေး အာဏာပိုင်များက သတိပေးလိုက်သည်။

ဆေးရုံများတွင် ဗဟိုညွှန်ကြားမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်း၊ ရောဂါကူးစက်ခံရသည့် လူနာများအား ရောဂါပိုးထိတွေ့မှု နောက်ကြောင်းလိုက်ခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်း တို့ကို အထူးအလေးထား ဆောင်ရွက်ခဲ့မှုကြောင့် ယခုလတွင် ရောဂါထပ်မံကူးစက်ခံရသူအရေအတွက် လျော့ကျခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေး အကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက စက်တင်ဘာ ၂၈ ရက် အွန်လိုင်းသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် အသွားအလာကန့်သတ်ချက်များ ချမှတ်ဆောင်ရွက်ထားမှုမှာ စက်တင်ဘာ ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ကန့်သတ်ချက်များကို အချိန်ထပ်တိုးသွားရန် သို့မဟုတ် ဖြေလျှော့ပေးရန် ရှိ မရှိကို သမ္မတ ဒူတာတေးက ဆုံးဖြတ်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

အရှေ့တောင် အာရှနိုင်ငံများထဲတွင် ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၌ ယခုလအတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၃၀၀၀ ကျော်အထိ ရှိခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်လတွင် ရောဂါကူးစက်ခံရသူအရေအတွက် ပိုများခဲ့ပြီး ၁၂၇၀၀၀ အထိ ရှိခဲ့သည်။ သမ္မတဒူတာတေးက ကိုဗစ်- ၁၉ ကာကွယ်ဆေး မရမချင်း စာသင်ကျောင်းများကို ပြန်ဖွင့်လိမ့်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ဘန်ကောက်ပို့စ်**



ကိုဗစ်-၁၉ကာလ၌ နေအိမ်မှလုပ်ငန်းခွင်သို့ စက်ဘီးစီးသွားရောက်ရန် လှုံ့ဆော်မှုအဖြစ် မနီလာမြို့၌ စက်ဘီးစီးရန် လှုပ်ရှားမှုကို တွေ့ရစဉ်။

# ဂျာမနီ၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုနှုန်း အလွန်တိုးနေသည့်အတွက် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်စိုးရိမ်

**ဘာလင် စက်တင်ဘာ ၂၈**

ဂျာမနီနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက် မြန်မြန်ဆန်ဆန် တိုးလာသည့်အပေါ် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ် အနေဖြင့် အလွန်စိုးရိမ်ပူပန်လျက်ရှိကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

### ကူးစက်မှုနှုန်း တိုးလာနိုင်

ဂျာမနီပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဆီဘတ်က ပြောသည်။ အစိုးရအဖွဲ့ထိပ်တန်းအရာရှိများနှင့် အစည်းအဝေးပြုလုပ်ခဲ့စဉ်အတွင်း ဝန်ကြီးချုပ် အင်ဂျလာမာကယ်က ရောဂါထပ်မံကူးစက်ဖြစ်ပွားသူ အရေအတွက်သည် တစ်ရက်လျှင် ၂၀၀၀ ခန့် ရှိနေပြီး ယခုအတိုင်းသာ ဆက်လက်သွားနေဦးမည်ဆိုပါက ခရစ္စမတ်ကာလရောက်လျှင် တစ်ရက်လျှင် ၁၉၂၀၀ အထိ ကူးစက်မှုနှုန်း တိုးလာနိုင်သည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

### ကန့်သတ်ချက်ဖြေလျှော့

ဂျာမနီနိုင်ငံတွင် ရက်သတ္တအနည်းငယ်ကြာအောင် အဝင်၊ အထွက် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ခဲ့မှုကြောင့် နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ကျဆင်းလာခဲ့ပြီးနောက် ဧပြီလနှောင်းပိုင်းမှစတင်ကာ ကန့်သတ်ချက်ဖြေလျှော့မှုများ လုပ်ဆောင်ခဲ့သည်။

### ဦးစားပေးကဏ္ဍ

ရောဂါကို တိုက်ဖျက်ရန်ကြိုးပမ်းမှုနှင့်အတူ စီးပွားရေး ပြန်လည်ပတ်နိုင်ရေး၊ စာသင်ကျောင်းများနှင့် မူကြိုများ ပြန်ဖွင့်ရေးနှင့် အားကစားပွဲများ ပြန်လည်ကျင်းပနိုင်ရေးတို့ကို ဦးစားပေးကဏ္ဍများအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ မရှိ

**ဘန်ဒါဆရီဘီဂါဝန် စက်တင်ဘာ ၂၈**

ဘရူနိုင်းနိုင်ငံ၌ စက်တင်ဘာ ၂၈ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူမရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ၁၄၆ ဦးတွင် ရပ်တန့် လျက်ရှိသည်။

ဘရူနိုင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူ ၁၄၂ ဦး ရှိကြောင်းနှင့် အမျိုးသားကန့်သတ်စောင့်ကြည့်ဌာန၌ ကန့်သတ်စောင့်ကြည့်မှုခံယူနေသူ တစ်ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရူနိုင်းနိုင်ငံအတွင်း ပြည်ပမှ ပြန်ရောက်လာသူ ၄၁၅ ဦးကို အစိုးရက သတ်မှတ်ထားသည့် စောင့်ကြည့်ဌာနများတွင် ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ရောဂါကြောင့် သေဆုံးသူ သုံးဦးသာရှိခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများထဲတွင် ကိုဗစ်- ၁၉ ထိန်းချုပ်ရေး အောင်မြင်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား၌ တောမီးလောင်သည့် မြေကေပေါင်း ၃ ဒသမ ၆ သန်းအထိ ရှိလာ

**ဆန်ဖရန်စစ္စကို စက်တင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခုနှစ်အတွင်း မြေကေပေါင်း ၃ ဒသမ ၆ သန်းအထိ တောမီးကူးစက်လောင်ခဲ့ရပြီး တောမီးလောင်မှုများကြောင့် လူ ၂၆ ဦး သေဆုံးကာ နေအိမ်အဆောက်အအုံပေါင်း ၇၆၃၀ နီးပါး ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးဌာနက စက်တင်ဘာ ၂၇ ရက်တွင် ဖော်ပြခဲ့သည့် နောက်ဆုံးရအချက်အလက်များအရ သိရသည်။

မန်ဒိုစီနို၊ ဟမ်ဘို့လ်နှင့် လိတ်ခ်ခရိုင်များတွင် ဩဂုတ်လအတွင်း အကြီးမားဆုံး တောမီးလောင်မှုဖြစ်ပွားခဲ့ပြီး ၄၁ ရက်ကြာသည်အထိ လောင်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် တောမီးလောင်ခံရသည့် မြေကေပေါင်း ၈၇၃၁၉၇ ကေအထိ ရှိခဲ့သည်။

တောမီးလောင်မှုကြောင့် သစ်တောမြေအများစု မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း ၅၆ ခုအထိ ပျက်စီးခဲ့ကာ လူထောင်ပေါင်းများစွာ ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရသည်။

လက်ရှိတွင် မီးသတ်တပ်ဖွဲ့ဝင် ၁၇၅၀ အထိ မီးငြိမ်းသတ်ရာတွင် ပါဝင်လျက်ရှိသည်။ အပူချိန်မြင့်တက်မှုကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲလျက်ရှိပြီး လေတိုက်နှုန်း ပြင်းထန်လာနိုင်သည့် အခြေအနေကြောင့် တောမီးများ အသစ်ထပ်မံ လောင်နိုင်ဖွယ်ရှိနေကြောင်း ကယ်လီဖိုးနီးယား မီးသတ်အာဏာပိုင်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ကယ်လီဖိုးနီးယား၌ တောမီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့များကို တွေ့ရစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### ဝန်ထမ်းများ စေတနာစွာ အငြိမ်းစားပေးနိုင်ရန် မစ်ဆူဘီရှီ ကုမ္ပဏီမှ နည်းလမ်းများ ရှာဖွေ

**တိုကျို စက်တင်ဘာ ၂၈**

ဂျပန် ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် မစ်ဆူဘီရှီ ကုမ္ပဏီသည် ကိုဗစ်- ၁၉ ရိုက်ခတ်မှု ဒဏ်မှ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်အတွက် ပြည်တွင်းလုပ်သား ၅၀၀ ကို စေတနာစွာ အငြိမ်းစားပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာလ အစောပိုင်းတွင် အလုပ်သမားများ ၎င်းတို့၏ သဘောဆန္ဒအလျောက် လုပ်ငန်းခွင်မှ အငြိမ်းစားယူကြရန် ကုမ္ပဏီဘက်မှ တိုက်တွန်းသွားမည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။

အာချီနှင့် အိုကာယာမာခရိုင်တို့ရှိ အသက် ၄၅ နှစ်နှင့်အထက် ဝန်ထမ်းများအပေါ် အဆိုပါ လုပ်ဆောင်ချက် သက်ရောက်မှုရှိမည် ဖြစ်သည်။ မစ်ဆူဘီရှီ ကုမ္ပဏီသည်ကုန်ကျစရိတ်များကို လျှော့ချလိုပြီး ထိရောက်၍ တွက်ခြေကိုက်သည့် လုပ်ငန်းစနစ်ကိုသာ အကောင်အထည်ဖော် လုပ်ဆောင်လိုသည်။

ပါဂျဲရိုး ကားထုတ်လုပ်မှုများကိုလည်း ရပ်ဆိုင်းသွားတော့မည်ဟု သိရသည်။ မစ်ဆူဘီရှီ ကုမ္ပဏီ၏ အဓိကဈေးကွက်တစ်ခုဖြစ်သည့် အရှေ့တောင်အာရှနိုင်ငံများ၌ အလေးပေးဆောင်ရွက်သွားရန် ပစ်မှတ်ထားလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

### ဗီယက်နမ်မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း နှစ်ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူများရှိ

**ဟနွိုင်း စက်တင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ ပြည်နယ်အချို့တွင် ပြီးခဲ့သည့် ရက်အနည်းငယ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နှစ်ဦးသေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ပိုင်းဖူသိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်တစ်လုံးပြိုလဲခဲ့ရာ နှစ်ဦးသေဆုံးခဲ့ပြီး နေအိမ်နံရံများ ပြိုကျခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကော်မတီက ပြောသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ် အလုံးပေါင်း ၇၃ လုံးပြိုလဲပျက်စီးခဲ့ပြီး စပါးခင်း ၂၆၇ ဧက နှင့် ကောက်ပဲသီးနှံခင်း ဟက်တာပေါင်း ၄၈၄ ဟက်တာအထိ ရေနစ်မြုပ်ပျက်စီးခဲ့ကာ တံတားသုံးစင်းပြိုလဲခဲ့ကြောင်း သိရသည်။

ယခုနှစ်၌ သဘာဝဘေးအန္တရာယ်များကြောင့် ဗီယက်နမ်ပြည်သူ ၉၃ ဦးအထိ သေဆုံးခဲ့ရပြီး ၂၇၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီက ဖော်ပြသည်။

**ဆင်ဟွာ**

# နေ့စဉ်လူနေမှုဘဝကို ပြောင်းပြန်ဖြစ်စေတဲ့ ကိုဗစ်– ၁၉ ရောဂါ

*ထွန်းသစ်စ*

**ကိုဗစ် – ၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းလုံးမှာ သေဆုံးသူ တစ်သန်းကျော်လွန်လာခဲ့ပါပြီ။ အိန္ဒိယနဲ့ ဘရာဇီးတောထဲပါမကျန် အမေရိကန်ပြည်ထောင်စုရဲ့ အကြီးဆုံးမြို့ကြီးဖြစ်တဲ့ နယူးယောက်မြို့ကြီးအထိ ကိုဗစ် – ၁၉ ရောဂါဟာ ဆိုးရွားစွာ ရိုက်ခတ်ခဲ့ရုံသာမက ကမ္ဘာ့စီးပွားရေးကို ဖျက်ဆီးခဲ့ပြီး ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုတွေကို ပိုမိုဆိုးစေကာ လူ့ဘဝတွေကို ပြောင်းပြန်ဖြစ်စေခဲ့ပါတယ်။**

### တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေကို ချမှတ်

ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုတွေကို တားဆီးကာကွယ်ဖို့ တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေကို ချမှတ်လာတဲ့အတွက် လူတွေဟာ အိမ်ထဲမှာပဲ နေလာရတဲ့အခါမှာတော့ အားကစားပွဲတွေ၊ တိုက်ရိုက်အနုပညာတင်ဆက်ဖျော်ဖြေမှုတွေ၊ နိုင်ငံတကာ ခရီးသွားလာမှုတွေလည်း အရင်လိုမဟုတ်ဘဲ အတိုင်းအတာ တစ်ခုအထိ ရပ်တန့်သွားခဲ့ပါတယ်။ ကမ္ဘာ့လူဦးရေထက်ဝက်လောက်ဟာ အခုဆိုရင်တော့ တင်းကျပ်တဲ့ ထိန်းချုပ်မှုတွေနဲ့ နေနေရပါတယ်။ လူဦးရေ လေးဘီလီယံကျော်လောက် ဧပြီလကတည်းက အသွားအလာကန့်သတ်မှု ပုံစံတစ်မျိုးမျိုးရဲ့ ထိန်းချုပ်မှုအောက်မှာ နေနေရပါတယ်။ သို့သော်လည်း အဲဒီအချိန်ကတည်းက ကန့်သတ်မှုတွေကို ဖြေလျှော့ပေးလိုက်တဲ့အခါမှာတော့ ကိုဗစ်– ၁၉ ရဲ့ ခြိမ်းခြောက်မှုတွေဟာ ကြောက်စရာကောင်းလောက်အောင် ဒုတိယလှိုင်းအနေနဲ့ တစ်ကျော့ပြန်လည် ဖြစ်ပွားလာခဲ့ပါတယ်။



ဘရာဇီးနိုင်ငံ ဆေးရုံတစ်ရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိသော ကိုဗစ်– ၁၉ ရောဂါသည်များကို တွေ့ရစဉ်။

**“ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာ့ဂျီဒီပီ ကျဆင်းလာနေချိန်မှာ စီးပွားရေး ကသောင်းကနင်းဖြစ်မှုဟာ ဘယ်တုန်းကနဲ့မှမတူတဲ့ ပဋိပက္ခကို ဖြစ်စေနိုင်တယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဒီနှစ်အစောပိုင်းမှာ သတိပေးထားတာရှိ”**

### သတိနဲ့နေထိုင်ကြဖို့လို

စက်တင်ဘာ ၂၇ ရက်က ထုတ်ပြန်လိုက် တဲ့ အေအက်ဖ်ပီရဲ့ စာရင်းဇယားတွေအရ ကမ္ဘာတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၃၃၀၁၈၈၇၇ ဦးမှာ သေဆုံးသူဟာ ၁၀၀၀၀၀၉ ဦး ရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်– ၁၉ ကြောင့် ၂၀၀၀၀၀ ကျော်သေဆုံးခဲ့ပြီး သေဆုံးမှု အမြင့်ဆုံးဖြစ်ကာ ဘရာဇီး၊ အိန္ဒိယ၊ မက္ကဆီကိုနဲ့ ဗြိတိန်တို့ဟာ အမေရိကန်ပြည်ထောင်စုရဲ့ နောက်က လိုက်လျက်ရှိပါတယ်။ အဲဒီသေဆုံးစာရင်းထဲမှာ အီတလီကုန်ကားမောင်းသူ တစ်ယောက်ဖြစ်တဲ့ ကားလိုစ်ချီယိုဒီရဲ့ မိဘတွေ ပါဝင်ခဲ့ပါတယ်။ ကျွန်တော်အဖေဟာ အိမ်ထဲက လမ်းလျှောက်ထွက်လာပြီး လူနာတင်ယာဉ်ပေါ် တက်သွားခဲ့တယ်ဆိုရင်ပဲ ဂရုစိုက်၊နှုတ်ဆက်တယ်ဆိုတဲ့စကားကလွဲပြီး ကျွန်တော့်မှာ တခြားပြောနိုင်တာ ဘာမှမရှိဘူးလို့ သူက ဝမ်းနည်းဖွယ်ပြောကြားလိုက်ပါတယ်။ အဲဒီသေဆုံးသူစာရင်းထဲမှာ ကျွန်တော်တို့ရဲ့ ချစ်ခင်သူတွေ၊ အမျိုးအဆွေတွေ၊ သူငယ်ချင်းတွေ၊ လုပ်ဖော် ကိုင်ဖက်တွေ၊ မိတ်ဆွေတွေ ပါဝင်ကောင်းပါဝင်လာနိုင်တာဖြစ်တာကြောင့် ကိုဗစ်– ၁၉ ကာကွယ်တားဆီးဖို့ သတိနဲ့နေထိုင်ကြဖို့နဲ့ ထုတ်ပြန်ချက်တွေကို တိကျစွာလိုက်နာဖို့ လိုအပ်လာပြီလို့ သူကပြောပါတယ်။

### ကြိုးစားဆောင်ရွက်

သိပ္ပံပညာရှင်တွေဟာ အလုပ်ဖြစ်မယ့် ကာကွယ်ဆေးကို ရှာတွေ့နိုင်ရေး အခုအချိန်အထိ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရတွေကလည်း ဟန်ချက်မညီတဲ့ အခြေအနေတွေကို ထိန်းကျောင်းရင်း ရုန်းကန်နေရပါတယ်။ သို့သော်လည်း ကိုဗစ်– ၁၉ ကတော့ စီးပွားရေးနဲ့ အလုပ်အကိုင်ကို ဖျက်ဆီးခဲ့ပြီးဖြစ်သလို ဆက်လက်ဖျက်ဆီးနိုင်ခြေလည်း ရှိနိုင်ပါသေးတယ်။ ကိုဗစ်– ၁၉ ကြောင့် ကမ္ဘာ့ဂျီဒီပီ ကျဆင်းလာနေချိန်မှာ စီးပွားရေး ကသောင်းကနင်းဖြစ်မှုဟာ ဘယ်တုန်းကနဲ့မှမတူတဲ့ ပဋိပက္ခကို ဖြစ်စေနိုင်တယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဒီနှစ်အစောပိုင်းမှာ သတိပေးထားတာရှိပါတယ်။

### စုပေါင်းပြင်ဆင်ကြမယ်

ကိုဗစ်– ၁၉ ပထမလှိုင်းကို အလူးအလဲခံစားခဲ့ရတဲ့ ဥရောပဟာ အခုဆိုရင် နောက်ထပ်တစ်ဖန် ကိုဗစ်– ၁၉ ကူးစက်မှုမြင့်တက်လာမှုနဲ့ ထပ်မံရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ပါရီ၊ လန်ဒန်နဲ့ မက်ဒရစ်တို့မှာ ကိုဗစ်– ၁၉ ကူးစက်မှုနှုန်းနှေးအောင် ထိန်းချုပ်မှုတွေကို အင်အားသုံးလုပ်ဆောင်နေကြပါတယ်။ ဒီလိုမှ မလုပ်ဘူးဆိုရင်လည်း ကျန်းမာရေးဝန်ထမ်းတွေနဲ့ ဆေးရုံတွေကို ဝန်ပိုပိစေမှာ ဖြစ်ပါတယ်။

မြို့အတော်များများမှာရှိတဲ့ ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာလည်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ ခပ်ခွာခွာနေထိုင်ခြင်းတွေဟာ နေ့စဉ်လူနေမှုဘဝနဲ့ ကျွမ်းဝင်လာတဲ့အရာတွေဖြစ်လာပါတယ်။ စက်တင်ဘာလလယ်လောက်မှာ ကမ္ဘာ့ဒေသအများစုမှာ ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုဟာ မှတ်တမ်းတင်ရလောက်အောင် ထပ်မံမြင့်တက်လာခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဖြစ်တဲ့ (ဒဗလျူအိတ်ချ်အို) က ကမ္ဘာကြီးအနေနဲ့ စုပေါင်းစွမ်းအားမရှိဘူးဆိုရင် ကိုဗစ်–၁၉ ကြောင့် သေဆုံးမှုစာရင်းဟာ နှစ်ဆလောက်မြင့်တက်လာနိုင်တယ်လို့ သတိပေးလိုက်ပါတယ်။ လူဦးရေတစ်သန်းကျော်ဟာ ကြောက်စရာကောင်းတဲ့ အခြေအနေဖြစ်ပြီး နှစ်ဆဆိုရင်တော့ ပြောဖွယ်မရှိတော့ပြီလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အခြေအနေဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ရန်က သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူနှစ်ဆအရေအတွက် မြင့်တက်လာတာကို ရှောင်ရှားဖို့ မိမိတို့တွေ စုပေါင်းပြင်ဆင်ပြီး ပြီလားလို့ သူက ဆက်ပြောပါတယ်။

### ပြီးဆုံးတယ်ဆိုတာ မရှိသေး

ကိုဗစ်– ၁၉ လို့ခေါ်တဲ့ သေဆုံးစေနိုင်တဲ့အထိ နေမကောင်းခြင်းကို ဖြစ်စေတဲ့ ဆားစ်–စီအိုဗွီ–၂ ဗိုင်းရပ်စ်ကို တရုတ်နိုင်ငံ အလယ်ပိုင်း ဝူဟန်မြို့မှာ ပြီးခဲ့တဲ့ နှစ်ကုန်ခါနီးမှာ စတင်တွေ့ရှိခဲ့ပါတယ်။ အဲဒီနေရာဟာ ကိုဗစ်– ၁၉ စတင်ဖြစ်ပွားလာတဲ့ နေရာဖြစ်တဲ့အတွက် သူ့ကို ဂရောင်းဇီးရိုးလို့ အင်္ဂလိပ်လို ခေါ်ပါတယ်။ အဲဒီနေရာမှာ ကိုဗစ်–၁၉ ဘာကြောင့် စတင်ဖြစ် ပေါ်လာသလဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း သိပ္ပံပညာရှင်တွေကတော့ လင်းနို့က စတင်ဖြစ်ပွားလာနိုင်ခြေရှိတယ်လို့ ယူဆထားကြပါတယ်။ အဲဒီကတစ်ဆင့် လူနဲ့ တခြားနို့တိုက်သတ္တဝါတွေကို ကူးစက်တယ်လို့ ထင်မြင်ကြပါတယ်။ ဝူဟန်မြို့ကို ဇန်နဝါရီလမှာ လုံးဝပိတ်လိုက်ပါတယ်။ မတ် ၁၁ ရက် ရောက်တဲ့အခါမှာတော့ အဲဒီဗိုင်းရပ်စ်ဟာ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်ကို ပျံ့နှံ့ရောက် ရှိသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဒါကို ကပ်ရောဂါလို့ အမည်နာမတပ် ခေါ်ဝေါ်လိုက်ပြီ ဖြစ်ပါတယ်။ ကိုဗစ်– ၁၉ ဟာ ကြောက်စရာကောင်းလောက်တဲ့ အမြန်နှုန်းနဲ့ကူးစက်ခဲ့တာ အခုအချိန်အထိ သူ့ရဲ့ရိုက်ခတ်မှုက ပြီးဆုံးတယ်ဆိုတာ မရှိသေးပါဘူး။ ရောဂါပြင်းထန်လာရင် သေလုမတတ်ကြောက်စရာကောင်းလောက်အောင် အသက်ရှူခက်ခဲတဲ့ အခြေအနေကို ရင်ဆိုင်ရပြီး အဲဒါကို ကျော်လွှားဖို့နည်းလမ်းမရှိသေးပါဘူးလို့ ပြင်သစ်ဆရာဝန်တစ်ဦးက ပြောပါတယ်။

### အသိ၊ သတိနဲ့ ကျော်ဖြတ်

ကိုဗစ်– ၁၉ ဟာ ချမ်းသာတယ်၊ ဆင်းရဲတယ်၊ ကျော်ကြားတယ်၊ နာမည်ဂုဏ်ဒြပ်ကြီးမားတယ်၊ ပညာတတ်တယ်၊ ပညာမတတ်ဘူး၊ ရုပ်ချောတယ်၊ ရုပ်ဆိုးတယ်၊ ကြီးတယ်၊ ငယ်တယ် မရှိပါဘူး။ အားလုံးကို ကူးစက်နိုင်ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဆိုရင် ဒီရောဂါနဲ့ ဆေးရုံမှာ တစ်ပတ်လောက် နေခဲ့ရပါတယ်။ ထို့အတူပဲ တခြားကမ္ဘာ့နိုင်ငံ အသီးသီးက ခေါင်းဆောင်တွေလည်း ဒီလိုပဲ ကူးစက်မှုတွေ ခံခဲ့ရပါတယ်။ အစ္စရေးနိုင်ငံမှာလည်း အပြည့်အဝပိတ်ဆို့မှုတွေ ပြန်လည်ချမှတ်ခဲ့ရသလို မော်စကိုမှာဆိုရင်လည်း အိမ်ထဲမှာပဲနေထိုင်ဖို့ အမိန့်ထုတ်ပြန်ထားတာရှိပါတယ်။ ကမ္ဘာ့ပြည်သူတွေကြားမှာ ကန့်သတ်ချက်တွေ တင်းကျပ်လာတာကြောင့် စီးပွားရေးတွေ ရှင်သန်ဖို့ စိုးရိမ်ရေမှတ်ရောက်ရှိလာရာက တချို့နေရာတွေမှာ ဆန္ဒဖော်ထုတ်မှုတွေ၊ ဒေါသထွက်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ထို့အတူပဲ တားမြစ်ကန့်သတ် ပိတ်ဆို့မှုတွေကြောင့် မိသားစုတွေရဲ့ စားဝတ်နေရေးတွေလည်း ကျပ်တည်းလာခဲ့တဲ့အပေါ် စိတ်ထွက်ပေါက်ကို ရှာတဲ့အနေနဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေတောင် ဖြစ်ပေါ်လာနိုင်ပါတယ်။ သို့သော်လည်း ဒါတွေဟာ မှန်ကန်တဲ့ဖြေရှင်းနည်း မဟုတ်သလို အဲဒီလိုလုပ်လိုက်တော့လည်း တကယ့်ပြဿနာကပြေလည် မသွားတဲ့အတွက် အသိ၊ သတိနဲ့ ကျော်ဖြတ်ရမှာဖြစ်ပါတယ်။

### ကာကွယ်ဆေးတွေ ထွက်ပေါ်လာတော့မယ်

ဒါဟာနောက်ဆုံး ကောက်ရိုးတစ်မျှင်ပါပဲ။ မိမိတို့ဟာ မိမိတို့ခြေထောက်ပေါ် ပြန်လည်ရပ်တည်ကြရမယ်လို့ ပြင်သစ်နိုင်ငံသားတစ်ယောက်ဖြစ်တဲ့ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပါတယ်။ နိုင်ငံတချို့မှာ ပိတ်ဆို့ကန့်သတ်မှုတွေကို ပြန်လည်ဖွင့်ပေးဖို့ ဆန္ဒထုတ်ဖော်မှုတွေနဲ့အတူ ကိုဗစ်– ၁၉ စတင်ဖြစ်ပွားရာ ဝူဟန်မှာတော့ ကိုဗစ်– ၁၉ ကို ထိန်းချုပ်နိုင်ပြီဖြစ်ကာ ပြန်လည်တည်ငြိမ်အေးချမ်းမှု ရရှိလာပြီဖြစ်ပါတယ်။ ဘဝဟာ မိမိတို့ အရင်က ခံစားခဲ့ရတဲ့အရသာအတိုင်း ပုံမှန်ပြန်ဖြစ်လာပြီလို့ ဝူဟန်မြို့နေသူတစ်ဦးက ပြောပါတယ်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က စီးပွားရေးအလားအလာဟာ အခုအခါမှာ ပိုမိုကောင်းမွန်လာတော့မယ်လို့ ပြောကြားလိုက်သော်လည်း စိန်ခေါ်မှုတွေအပြည့်နဲ့လို့ ဖော်ပြထားပါတယ်။ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး နောက်ဆုံးအဆင့်ကို ရောက်လာတဲ့ အဖွဲ့ကိုးဖွဲ့ဟာလည်း စမ်းသပ်မှုတွေကို အပြီးသတ် လုပ်ဆောင်နေကြပါတယ်။ မကြာမီနောက်နှစ်အစောပိုင်းမှာ ကာကွယ်ဆေးတွေ အလျှိုအလျှိုထွက်ပေါ်လာတော့မယ်လို့ မျှော်လင့်ရသော်လည်း ဘယ်အချိန် ကမ္ဘာတစ်ဝန်းလုံးကို ဖြန့်ချိနိုင်မလဲဆိုတာကတော့ မေးခွန်းအဖြစ် ဆက်လက် ကျန်ရှိနေဆဲဖြစ်ပါတယ်။ ကမ္ဘာပေါ်က လူသားတွေကတော့ မျှော်လင့်ဆဲ. . . မျှော်လင့်ဆဲပါပဲ။ ။

**ကိုးကား – အေအက်ဖ်ပီ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၄၀ သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .**

# ခေတ်သစ်ပြည်ထောင်စုပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၈

**ခေတ်သစ်ပြည်ထောင်စုပါတီဥက္ကဋ္ဌ ဦးအောင်သန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူလူထုကြီးခင်ဗျား-**

ကျွန်တော်ကတော့ **ခေတ်သစ်ပြည်ထောင်စုပါတီ**၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဥက္ကဋ္ဌ **ဦးအောင်သန်း** ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ် ၁၄ ပါတီရဲ့ ပါတီအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ မိဘပြည်သူများအားလုံး ရင်ထဲမှာရှိနေတဲ့၊ ကိန်းအောင်းနေတဲ့ ဒီမိုကရေစီရေး ပြင်းပြဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား၊ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ မူဝါဒလမ်းစဉ်တွေ မတင်ပြမီ အရေးကြီးတဲ့ အကြောင်းနှစ်ချက် တင်ပြပါမယ်။

**ပထမအချက်ကတော့**

လာမည့် ၈-၁၁-၂၀၂၀ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲကြီးဟာ ၁၉၄၈ မှ ၁၉၆၂ အတွင်း ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမျိုးတွေနဲ့လည်း မတူပါဘူး။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ရွေးကောက်ပွဲမျိုးတွေလည်း မဟုတ်ပါဘူး။ ယခုရွေးကောက်ပွဲဟာ ပါတီစုံစနစ်သို့ အမှန်အကန် ကူးပြောင်းရောက်ရှိရေး၊ စနစ်ပြောင်း၊ ခေတ်ပြောင်း ရွေးကောက်ပွဲကြီးဖြစ်ဖို့ ထူးခြားအရေးပါတဲ့ ရွေးကောက်ပွဲကြီးပဲလို့ ဆိုပါရစေ။ ယခုရွေးကောက်ပွဲသည် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအတွက် သေရေး ရှင်ရေးတမျှ အရေးကြီးပါတယ်။

၁၉၆၂ ခုနှစ် ဒီမိုကရေစီစနစ်ပျက်သုဉ်းသွားပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ပေါ်ပေါက်လာပါတယ်။ ဒီမိုကရေစီစနစ်ပြန်လည်အစပျိုးခဲ့တဲ့အချိန် ၂၀၁၀/၂၀၁၅ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကျင်းပခဲ့တဲ့အချိန် ဖြတ်သန်းလာခဲ့ရတဲ့အချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး ခံစားချက်များ ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံသားအားလုံး သိရှိခံစားရတဲ့ဘဝက လွတ်မြောက်အောင် လုပ်ဆောင်မယ့်အချိန်၊ ကြိုးစားရမယ့်အချိန် ယနေ့ရောက်ရှိလာပါပြီ။ ငြိမ်းချမ်းရေးရချင်တဲ့ဆန္ဒ နိုင်ငံသားအားလုံးရဲ့ရင်ထဲမှာ ကိန်းအောင်းနေပါတယ်။ အဲဒီ hidden desire ဆိုတဲ့ ရင်ထဲကဆန္ဒကြီးကို ထုတ်ဖော်ပြသကြဖို့အချိန် Turning Point တစ်ဆစ်ချိုးအကွေ့ ရောက်ရှိနေပါပြီ။

တစ်ဆစ်ချိုးရောက်နေတဲ့အချိန်မှာ ပြည်ထောင်စုကြီးကို ကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံတဲ့ ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်၊ မြန်မာ့တပ်မတော်တစ်ခု မရှိမဖြစ်လိုအပ်တယ်လို့ ခေတ်သစ်ပြည်ထောင်စုပါတီမှ ခံယူပါတယ်။

**(An Army with profe standards)**

ယနေ့တပ်မတော်သည် မိဘပြည်သူများ၏ ရင်နှစ်သည်းချာ သားသမီးများနှင့် ဖွဲ့စည်းထားတဲ့ တပ်မတော်ဖြစ်ပါတယ်။ (An Army with national pride) အမျိုးဂုဏ်ကို ချစ်မြတ်နိုးတဲ့ဂုဏ်၊ မာန်မာနရှိတဲ့ တပ်မတော် ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံးထဲက မြန်မာနိုင်ငံသားများဖြစ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော နိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီ မြန်မာနိုင်ငံတော်ဖြစ်ရေး ဒီမိုကရေစီစနစ် ချီတက်ရာမှာ ပြည်သူလူထု နိုင်ငံသားအားလုံးနှင့်အတူ ညီညီညွတ်ညွတ်အတူချီတက်ပြီး မြန်မာနိုင်ငံရဲ့အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော (Peace, Security and Unity) မြန်မာနိုင်ငံတော်ကြီးတည်ဆောက်ကြရာမှာ မြန်မာ့တပ်မတော် ကျန်လို့မဖြစ်ပါဘူး။ ချန်ထားလို့မရပါဘူး။ မိဘပြည်သူနဲ့တစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ လက်ရည်တစ်ပြင်တည်း လက်တွဲလုပ်ဆောင်ကြဖို့လိုပါတယ်။ ပြည်ထောင်စုကို Reunion လုပ်ကြရမှာဖြစ်ပါတယ်။

အဲဒီဆန္ဒက ပြည်ထောင်စုနိုင်ငံသားတိုင်းအားလုံးပါဝင်တဲ့ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပြန်လည်ပေါင်းစည်းရေးဖြစ်ပါတယ်။ Reunion လုပ်ခြင်းဖြစ်ပါတယ်။ အမျိုးသားအဆင့်၊ အမျိုးသားအားလုံးပါဝင်တဲ့ ညီလာခံကြီး၊ အမျိုးသားရေးဆွေးနွေးပွဲကြီးတစ်ရပ် ခေါ်ယူရမှာဖြစ်ပါတယ်။ အမျိုးသားရေး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြစ်လျက် ပေါင်းစည်းသော ပြည်ထောင်စု ခေတ်သစ်သို့ အမျိုးသားညီလာခံကြီးမှ ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ထိုအခြေခံဥပဒေမှ ရွေးကောက်တင်မြှောက်ကြမယ်ဆိုရင်ပေါ်ပေါက်လာမည့်အစိုးရသည် ပြည်ထောင်စုအစိုးရစစ်စစ်ဖြစ်မည်ဟု ခေတ်သစ်ပြည်ထောင်စုပါတီမှ ယုံကြည်ပါတယ်။

**ဒုတိယအချက်ကတော့**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ မူလတည်ထောင်စဉ်က ပါတီဖွဲ့စည်းရေးဆိုတာထက် အမျိုးသားရေးအသွင်ဆောင်တဲ့အဖွဲ့အဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှ ဖြေရှင်းပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာ ပြောင်းလဲသွားနိုင်ရေးအတွက် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲသာလျှင် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ဖို့လိုပါတယ်။ ယုံကြည်သည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီက မဲပေးတာ၊ အခြေခံဥပဒေရှိရုံနဲ့ မလုံလောက်ပါဘူး။ လူတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတို့ကို အကာအကွယ်ပေးဖို့လိုပါတယ်။ ပုဂ္ဂလိကလွတ်လပ်ခွင့်မရှိသရွေ့ ဒီမိုကရေစီရှိတယ်လို့ ကျွန်တော်တို့ မယူဆပါဘူး။ ဒီမိုကရေစီတိုးတက်ဖို့ လူမှုအဖွဲ့အစည်းအမြင် ပြောင်းဖို့လိုပါတယ်။

လူထုကို အာဏာ ဘယ်လိုပေးမလဲ၊ အစိုးရနဲ့ ဘယ်လိုဆက်ဆံမလဲ၊ မြန်မာ့ဒီမိုကရေစီပြောင်းလဲရေးအတွက် မူဝါဒပြောင်းလဲမှုနဲ့ လူမှုအဖွဲ့အစည်း အမြင်ပြောင်းလဲဖို့လိုအပ်ပါတယ်။ မူဝါဒက လက်ရှိပြောင်းလဲနေပြီဖြစ်ပါတယ်။ ပြောင်းလဲဖို့ ဆက်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းလို ကျင့်ဝတ်ပိုင်းအားကောင်းတဲ့ လူထုခေါင်းဆောင်မျိုး မြန်မာနိုင်ငံမှာ လိုအပ်နေပါတယ်။

နိုင်ငံသားတိုင်းရဲ့ အတွင်းနှလုံးသားမှာ ပြင်းပြတဲ့ ပြည်တွင်းငြိမ်းချမ်းရေး လိုချင်တဲ့ဆန္ဒ (hidden desire) ရှိပါတယ်။ အဲဒီဆန္ဒကို ယနေ့ ရဲရဲဝံ့ဝံ့ ထုတ်ဖော်ကြရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူလူထုကြီးခင်ဗျား**

မဲဆန္ဒရှင်လူထုကြီးကို အပိုင်း (၅)ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်-

၁။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ ပေါ်ပေါက်လာပုံ။
၂။ ကျွန်တော်တို့ပါတီကိုင်စွဲထားတဲ့ ယုံကြည်ခံယူချက်၊ လမ်းစဉ်နှင့် လုပ်ငန်းစဉ်။
၃။ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအပေါ် သဘောထားနှင့် ရွေးကောက်ပွဲတွင်ပါဝင်မှု။
၄။ မဲဆန္ဒရှင် လူထုကြီးရဲ့ ရပိုင်ခွင့်။
၅။ ခေတ်သစ်ပြည်ထောင်စုပါတီ ကိုယ်စားလှယ်လောင်းများအတွက် မေတ္တာမဲ ပန်ကြားတောင်းခံခြင်းတို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ယခင်ရှိခဲ့တဲ့ ပြည်ထောင်စုပါတီ (ပ.ထ.စ)အဖွဲ့ကြီးရဲ့ သဘောထားခံယူချက်များ ဆက်လက်၍ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲပြီးဆောင်ရွက်သွားရန် ဖွဲ့စည်းလိုက်တဲ့ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက ချေနှစ်ချေကို စွဲကိုင်ထားပါတယ်။ ချေနှစ်ချေ ဆိုတာ လက်စားမချေဘူး၊ သင်ပုန်းချေရမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ ခံယူထားတဲ့ဝါဒက မေတ္တာဝါဒ ဖြစ်ပါတယ်။

ကမ္ဘာ့လူသားတို့ အကြိုက်တူဝါဒတစ်ခုကို စတင်တည်ထောင်ခဲ့ကြရာမှာ ကိုယ်ချင်းစာမေတ္တာဝါဒ၊ ကမ္ဘာဦးဝါဒ၊ ကမ္ဘာသစ်တည်ထောင်သော ဝါဒဖြစ်ပါတယ်။ မေတ္တာဝါဒကိုစွဲကိုင်ပြီး ကျင့်သုံးကြမယ်ဆိုရင် အရာရာအောင်မြင်မယ်လို့ ကျွန်တော်တို့ပါတီက ယုံကြည်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှ ဖြေရှင်းပေးရန်၊ ဒီနေ့ကျွန်တော်တို့ပြည်ထောင်စုမှာ မဖြေရှင်းရင်မဖြစ်တဲ့ ပြဿနာဟာ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှသာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ပြည့်စုံပြီး ဝပြောသာယာတဲ့ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာပါ။ ဒါကြောင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့မှာ ပါဝင်နေတဲ့အင်အားစုများအားလုံး ကြိုတင်စည်းကမ်းချက်များမထားဘဲ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြမှသာ ရေရှည်တည်တံ့ ကျယ်ပြန့်ခိုင်မာတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီက မမိုတ်မသုန်ယုံကြည်ပါတယ်။ ယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှတစ်ဆင့် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော (Peace, Security and Unity) မြန်မာနိုင်ငံကြီးအဖြစ် ပေါ်ပေါက်ရပ်တည်နိုင်အောင် ကြိုးပမ်းကြဖို့ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီးတော့ နိုင်ငံ့ဝန်ထမ်းများ စတင်ဝင်ရောက်တဲ့အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခံစားခွင့်ရရှိရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းများအတွက် ခေတ်နှင့်လျော်ညီသော လစာရိက္ခာများရရှိအောင် ဆောင်ရွက်ပါမယ်။

**စီးပွားရေး**

မှန်ကန်သော ကမ္ဘာ့အဆင့်မီ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးစနစ် “Free and competitive Trade policy”စနစ်ကို ချမှတ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ နိုင်ငံတော်က စွက်ဖက် ကြိုးကိုင်မှုကင်းသော လွတ်လပ်စွာ ယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသည့် စီးပွားရေးစနစ်တစ်ရပ်ကို တည်ထောင်အကောင်အထည်ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (LDC) နိုင်ငံဘဝမှ လွတ်မြောက်စေပါမည်။ ဒီစနစ်ဖြင့် ကုန်ပစ္စည်းပေါများရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး ပြုလုပ်ရန် ရည်ရွယ်ပါသည်။ မြန်မာငွေရဲ့တန်ဖိုးကို နိုင်ငံခြားငွေများနဲ့ ကွာဟချက် နည်းနိုင်သမျှနည်းအောင် စီမံမှုတွေချမှတ်မှာဖြစ်ပါတယ်။ ပြည်တွင်းသုံးငွေကိုလည်း အာမခံချက်ရရှိရေးအတွက် ဥပဒေရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လူထုကျန်းမာရေး**

လက်ရှိ ကျန်းမာရေးစနစ်သည် ၇၀ ရာခိုင်နှုန်းသော ပြည်သူများ နေထိုင်သည့် ကျေးရွာနှင့် ဝေးလံခေါင်းပါးသောဒေသရှိပြည်သူများအတွက် လက်လှမ်းမီနိုင်မှု အနေအထားများ များစွာလိုအပ်ဆဲ ဖြစ်ပါတယ်။

ဤကိစ္စကို အဖြေရှာနိုင်ရန် ပြည်သူတစ်ရပ်လုံး လွှမ်းခြုံသော သာမျှညီကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage)ကို တစိုက်မတ်မတ် အားထည့်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**ပညာရေး**

အနာဂတ်မြန်မာနိုင်ငံတော် ကလေးသူငယ်များအရေး၊ ကျန်းမာရေး၊ ပညာရေးအပိုင်းမှာ နိုင်ငံတော်ဘတ်ဂျက်မှ သီးခြားခေါင်းစဉ်ပြဋ္ဌာန်းပြီး ခွင့်ပြုသုံးစွဲနိုင်ရေး ဆောင်ရွက်မယ်။

ကမ္ဘာ့အဆင့်မီပညာရေးစနစ်ကို အကောင်အထည်ဖော်သွားပါမယ်။ ကျောင်းသားသမဂ္ဂ၊ ဆရာများသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိရေး ဆောင်ရွက်မယ်။ အမျိုးသားပညာရေး၊ ဥပဒေရေးဆွဲပြဋ္ဌာန်းရာ၌ အနာဂတ်အတွက် ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာစံချိန်မီ ပညာရေးစနစ်ဖြစ်ပေါ်ရေး ဆောင်ရွက်မယ်။ ကလေးသူငယ်လူရွယ်များအတွက် (Sex) ပညာရေးကို လုံးဝကန့်ကွက်သွားမယ်၊ လမ်းမှားရောက်မယ့် အတွေးအခေါ်ဖြစ်ပါတယ်။

**အလုပ်သမား**

အလုပ်သမားတွေနဲ့ပတ်သက်ရင် အလုပ်သမားတွေ၊ အရာထမ်း၊ အမှုထမ်းတွေ မနစ်နာရအောင်ကာကွယ်ပေးမယ့်စည်းမျဉ်းဥပဒေတွေ ပြဋ္ဌာန်းပေးသွားမယ်။

**တောင်သူလယ်သမား**

တောင်သူလယ်သမားများနဲ့ပတ်သက်ပြီး လယ်ရှင်မြေရှင်ကြီးများ ပေါ်ပေါက်စေတဲ့ဥပဒေ ဖျက်သိမ်းရေး ဆောင်ရွက်မယ်။

**နိုင်ငံခြားရေး**

လွတ်လပ်ပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမှာဖြစ်ပါတယ်။

**တရားစီရင်ရေး**

ဥပဒေနှင့်အညီ တရားစီရင်သော တရားစီရင်ရေးဆိုင်ရာ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းပြီး လူထုအားလုံး အားကိုးလေးစားသော တရားစီရင်ရေး ပေါ်ပေါက်အောင် ဆောင်ရွက်မယ်။

**အလံနှင့်တံဆိပ်**

ခေတ်သစ်ပြည်ထောင်စုပါတီ၏ အလံနှင့်တံဆိပ် အဓိပ္ပာယ်ဖော်ညွှန်းမှုမှာ ပါတီအလံ၏ နောက်ခံအပြာရောင်မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံး အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွနေမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အဖြူရောင်ကြယ် ၁၄ ခု စက်ဝိုင်း တည်ဆောက်ထားခြင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုတို့နဲ့ တိုင်းရင်းသားလူမျိုးစုများအားလုံးတို့ရဲ့ သဘောသဘာဝကို ဖော်ညွှန်းထားပါတယ်။

ခေတ်သစ်ပြည်ထောင်စုပါတီ စာလုံးအဝါရောင်မှာ “သီလ၊ သမာဓိနှင့် နည်းပညာ”တို့ကို ဖော်ညွှန်းထားပါတယ်။

NEU မှာ New Era Union Party ၏ အတိုကောက်စာလုံးဖြစ်ပြီး အစိမ်းရောင်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ညွှန်းပါတယ်။

ယနေ့ရွေးကောက်ပွဲဟာ လူ့လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ရွေးကောက်ပွဲကြီးဖြစ်ပါတယ်။ လွှတ်တော်တွင် ဥပဒေရေးရာဆွေးနွေးအကြံပြုနိုင်သူများ များများရောက်ရှိအောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား…

လူသစ်စိတ်သစ်ဖြင့် ဒီမိုကရေစီပြည်ထောင်စု နိုင်ငံတော်သစ် တည်ဆောက်ကြပါစို့။

# Volunteer Medical Service ပေးချင်တဲ့သူတွေဟာ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးတက္ကသိုလ် - ၁ တို့နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ပါတယ်

ပါမောက္ခဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၇ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ရန်ကုန်ရဲ့ ၂၇ – ၉ – ၂၀၂၀ ရက်နေ့ ကိုဗစ်အခြေအနေနဲ့ ပတ်သက်ပြီး ပြောရရင် ၇၉၄ ဦးပါ။ ရန်ကုန်မှာ မနေ့က Positive ဖြစ်တဲ့ လူနာပေါင်း ၇၉၄ ဦးရှိပါတယ်။ အဲဒီ ၇၉၄ ဦးကို နေရာချထားဖို့ ကျွန်တော်တို့ ပြင်ဆင်ရပါတယ်။

ပထမဦးဆုံးပြောရရင် အောင်မြင့်မိုရ်မှာ ဆက်လက်ပြီး နေရာချထားတာ ဖြစ်ပါတယ်။ အောင်မြင့်မိုရ်က ခုတင် ၁၂၀၀ ဆံ့တာဖြစ်တဲ့အတွက် အဲဒီမှာ နေရာလုံလောက်စွာရှိပါတယ်။ မနေ့တုန်းက လူ ၄၀၀ ကျော်ကို အဲဒီကို ပို့ဆောင်ထားခဲ့ပါတယ်။ ဒီနေ့ ဆက်လက်ပြီး ဒီအောင်မြင့်မိုရ်အိမ်ရာကို ထားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ တပ်မတော်ရဲ့ ရဲမွန်တိုက်/စည်းကျောင်းက ခုတင် ၁၆၆ ခုတင် ရရှိတဲ့အတွက် ယခုဆိုရင် စတင်ပြီး ပို့ဆောင်နေပါပြီ။ အဲဒီလိုမျိုး နေရာချထားလျက်ရှိပါတယ်။

ဆက်လက်ပြီး ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ဝေဘာဂီ၊ တောင်ဥက္ကလာနဲ့ဖောင်ကြီးကို ပို့ဆောင်ပြီး ကုသပေးလျက်ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာ ရန်ကုန်မှာရှိတဲ့ ဆေးရုံကြီးတွေရဲ့ Oxygen Therapy (အောက်ဆီဂျင်ကုထုံး) ကုသနိုင်မှုကို မြှင့်တင်ဖို့အတွက်လည်း ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်အစီအစဉ်နဲ့ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါဟာ ယခင်တုန်းက ကျွန်တော်တို့ ဆေးရုံတွေမှာ Oxygen Therapy ပေးနိုင်တဲ့နေရာတွေဟာ HDU နဲ့ ICU တွေသာ ဖြစ်ပါတယ်။ ယခုဆိုရင် Ward တွေထဲမှာ၊ Ward တိုင်းမှာ Oxygen Therapy ပေးနိုင်အောင်၊ Oxygen ပေးလို့ရအောင် စီစဉ်မှာဖြစ်ပါတယ်။ ယခင်တုန်းက Oxygen ကို Oxygen ထည့်တဲ့ Cylinder တွေနဲ့သယ်ယူပြီး ပို့ရတာဖြစ်ပါတယ်။ ယခုဟာက Liquid Oxygen နဲ့ ဒီ Oxygen ပိုက်လိုင်းတွေ သွယ်တန်းပြီး ပေးနိုင်အောင် စီစဉ်မှာ ဖြစ်ပါတယ်။ ဒီနည်းအားဖြင့် ရှေ့လျှောက် ကိုဗစ် – ၁၉ နဲ့ အခြားရောဂါတွေနဲ့ တွဲပြီး ရှိတဲ့သူတွေအတွက် ဆေးရုံတွေမှာ လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ကုသနိုင်အောင် ကြိုတင်စီစဉ်လျက်ရှိပါတယ်။

ယခုထွက်ရှိလာတဲ့ လူနာအရေအတွက်အရ တစ်နေ့ကို ၇၀၀ / ၈၀၀ Positive ဖြစ်နေတာ ဖြစ်ပါတယ်။ ဒီလူနာတွေကို ပြည့်ပြည့်စုံစုံကုသနိုင်အောင် စီစဉ်ဆောင်ရွက်တဲ့နေရာမှာ ထပ်မံပြီးတော့ ရိုးမစင်တာ(၂)ကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ အလားတူ လိုအပ်ရင် ဆက်လက်ပြီးတော့ ဖွင့်လှစ်နိုင်အောင် တခြားသင့်လျော်တဲ့ နေရာတွေကို ယခုအချိန်မှာ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

တစ်ဖက်ကလည်း ဒီလိုစင်တာတွေဖွင့်တဲ့အခါ အဓိက လိုအပ်ချက်ဖြစ်တဲ့ ကျန်းမာရေးဝန်ဆောင်မှု၊ ဒီစောင့်ရှောက်မှုပေးနိုင်တဲ့ ဆရာဝန် / ဆရာမ၊ ဝန်ထမ်းအင်အား လိုအပ်ပါတယ်။ ယခင်တုန်းက ပြည့်စုံပါတယ် ပြောခဲ့ပေမယ့် ယခုအချိန်မှာ လိုအပ်လာပြီ ဖြစ်ပါတယ်။ ယခင်က လူ ၂၀၀ / ၃၀၀ ထွက်တာကို ထိန်းနိုင်တဲ့ အနေအထားရှိပါတယ်။ ယခုလို ၇၀၀ / ၈၀၀ ထွက်တဲ့ အချိန်မှာ ပြုစုစောင့်ရှောက်တဲ့ စင်တာတွေ တိုးပြီးတော့ လိုလာသလို ဒီလူနာတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန် / ဆရာမတွေ ပိုမိုလိုအပ်လာတာဖြစ်ပါတယ်။

ဒါအတွက်လည်း ယခုဆိုရင် စတင်ပြီးတော့ မြန်မာနိုင်ငံဆရာဝန်များ အသင်းက အကူအညီတွေ စတင်ပြီးရရှိနေပါပြီ။ အဲဒီအသင်းက အဖွဲ့ဝင်တွေ၊ Volunteer တွေက ကိုဗစ်စင်တာတွေမှာ စတင်ပြီး ပါဝင်ဆောင်ရွက်လျက် ရှိပါတယ်။ ယခင်ကလည်း ဆောင်ရွက်ပါတယ်။ ယခုဆိုရင် အင်နဲ့အားနဲ့ ဆောင်ရွက်လာပါတယ်။

ဒါ့အပြင် ရန်ကုန်မှာရှိတဲ့ Private Hospital တွေ၊ မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်းဟာ ယခုဆိုရင် ဖောင်ကြီးသာမက အောင်မြင့်မိုရ်နဲ့ ရိုးမကို ပါဝင်ပြီး ကူညီဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရိုးမ (၂) ရဲ့ တော်တော်များများ အပိုင်းတွေကို မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းကနေ ပါဝင်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါနဲ့အတူ ကျွန်တော့်အနေနဲ့ ဒီနေရာကနေပြီး မေတ္တာရပ်ခံချင်ပါတယ်။ Volunteer Medical Service ပေးမယ့်သူတွေကို ကြိုဆိုလျက်ရှိပါတယ်။ Volunteer Medical Service ပေးချင်တဲ့သူတွေဟာ မြန်မာနိုင်ငံဆရာဝန် အသင်း၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၊ ဆေးတက္ကသိုလ် – ၁ တို့နဲ့ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ ဆေးတက္ကသိုလ်– ၁ နဲ့ ဆက်သွယ်မယ်ဆိုရင် ဆေးတက္ကသိုလ် – ၁ ရဲ့ ဖုန်းနံပါတ်တွေ ရှိပါတယ်။ အဲဒါတွေကို ဆက်သွယ်နိုင်တယ်ဆိုတဲ့အကြောင်းနဲ့ ဒီနေရာကနေ ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

**"ရောဂါလက္ခဏာပြင်းထန်တဲ့သူတွေကို ဝေဘာဂီ၊ တောင်ဥက္ကလာနဲ့ ဖောင်ကြီးကို ပို့ဆောင်ပြီး ကုသပေးလျက်ရှိပါတယ်။ တစ်ပြိုင်နက်တည်းမှာ ရန်ကုန်မှာရှိတဲ့ ဆေးရုံကြီးတွေရဲ့ Oxygen Therapy (အောက်ဆီဂျင်ကုထုံး) ကုသနိုင်မှုကို မြှင့်တင်ဖို့အတွက်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက် အစီအစဉ်နဲ့ စတင်ဆောင်ရွက်လျက်ရှိပါတယ်"**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS စီးနင်းသော ခရီးသွားပြည်သူ ခုနစ်သောင်းကျော်သာရှိ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS စီးနင်းသော ခရီးသွားပြည်သူ ခုနစ်သောင်းကျော်သာ ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ စက်တင်ဘာ ၂၇ ရက် စာရင်းများအရ YBS ပြေးဆွဲလမ်းကြောင်းပေါင်း ၁၂၄ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၈၉၄ စီးသည် ခရီးသည်ပေါင်း ၇၇၀၁၅ ဦးကို သယ်ယူပို့ဆောင် ပေးခဲ့ရကြောင်း သိရသည်။

"နေ့စဉ် ပြေးဆွဲလို့ရတယ်။ ငွေက CNG ဖိုးလောက်ပဲ ပြန်ရပါတယ်။ ကိုဗစ်–၁၉ စဖြစ်တုန်းက လုပ်ငန်းတွေရဲ့ အမြတ်အစွန်းက မရှိတော့ဘူး။ လုပ်ငန်းတွေ ရပ်လိုက်လို့ရှိရင် ယာဉ်မောင်းတွေ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမယ်။ မဖြစ်မနေသွားလာရမယ့် ခရီးသွားတွေ သွားရေးလာရေးခက်မယ်ဆိုပြီး ပထမကိုဗစ်တုန်းကတော့ ပြင်ဆင်စရိတ်တွေ အရှုံးခံပြီး ဆွဲခဲ့တယ်။ လက်ရှိ ဒုတိယအကြိမ်ဖြစ်တော့ ပိုပြီးကျပ်တယ်။ ပြင်ဆင်စရိတ်တွေ ရှုံးတယ်၊ ဝန်ထမ်းစရိတ်တွေ ရှုံးတယ်၊ CNG ဖိုးလောက်ပဲရတယ်။ ဒုတိယ ကိုဗစ်က ပိုပြီးတော့ ကျပ်တည်းတယ်။ ဒါပေမယ့်လည်း မဖြစ်မနေ သွားရေးလာရေးအတွက် သယ်ယူပို့ဆောင်ပေးနေရတဲ့ လုပ်ငန်းတွေဖြစ်တော့ ခုချိန်ထိတော့ တောင့်ခံပြီးဆွဲနေတုန်းပဲ" ဟု Power Eleven ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်တင်ဝင်းက ပြောသည်။

ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီကာလဖြစ်သော ဖေဖော်ဝါရီလအထိ ဘတ်စ်ကားတစ်စီးလျှင် ပျမ်းမျှ လူဦးရေ ၅၅၀ ခန့် တင်ဆောင်ပြေးဆွဲခဲ့ရာမှ မတ်လမှစတင်ကာ ခရီးသည်ဦးရေကျဆင်းခဲ့ပြီး ဇွန်လနှင့် ဇူလိုင်လတို့တွင် ခရီးသွားဦးရေအနည်းငယ် ပြန်လည်တိုးတက်ခဲ့ကာ ဩဂုတ်လကုန်ပိုင်းတွင် ပြန်လည်ကျဆင်းခဲ့၍ ယခု စက်တင်ဘာလတွင် ကားတစ်စီးလျှင် တစ်နေ့ ပျမ်းမျှ လူဦးရေ ၁၅၀ ခန့်သာ စီးနင်းတော့ကြောင်း သိရသည်။

ယာဉ်လိုင်းများ အနေဖြင့် လုပ်ငန်းလည်ပတ်ရာတွင် စက်သုံးဆီ CNG အသုံးစရိတ်များ၊ ယာဉ်မောင်းများ၏ နေ့စဉ် လုပ်အားခများ၊ ဝန်ထမ်းစရိတ်များ၊ မော်တော်ယာဉ် ပြုပြင်စရိတ်များပါ ထည့်သွင်း တွက်ချက်ရကြောင်း သိရသည်။ ခရီးသည်တင် YBS ယာဉ်တစ်စီး၏ တစ်နေ့သုံးစွဲရသည့် စက်သုံးဆီ CNG စရိတ်မှာ ကျပ်သုံးသောင်းဝန်းကျင်ခန့် ကုန်ကျကြောင်း သိရသည်။ Power Eleven ကုမ္ပဏီ လက်အောက်တွင် YBS 21, YBS 39, YBS 41 ယာဉ်လိုင်းများရှိပြီး မော်တော်ယာဉ်အစီးရေ ၂၅၀ ဝန်းကျင်ခန့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အနေဖြင့် ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီက ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS အစီးရေ ၄၀၀၀ ကျော်နှင့် ခရီးသွားပြည်သူ ၁၈ သိန်းကျော်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ထင်ပေါ်ဝင်း (ကမာရွတ်)



## ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှိ Quarantine Centre သို့ ထမင်းဘူးနှင့် သောက်ရေသန့်ဘူးများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမှုထမ်း၊ အရာထမ်းများက နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် Quarantine ဝင်ရောက်နေသူများအတွက် ထမင်းဘူးနှင့် ရေသန့်များကို ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းကြောင်း သိရသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး အရာထမ်း၊ အမှုထမ်းများက နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၁)နှင့် (၂)တို့တွင် Quarantine ဝင်ရောက်နေသူများအတွက် နေ့လယ်စာ ထမင်းဘူး ၅၅၀ နှင့် သောက်ရေသန့်များကို လှူဒါန်းပေးအပ်ရာ Quarantine Centre အုပ်ချုပ်သူအရာရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒေါက်တာ သီဟသန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတာဝန်ခံ ဦးပြည့်စုံဦးတို့က လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# ကျန်းမာသက်ရှည် အောင်မြင်စေ

ဂုဏ်ယူမြတ်နိုး၊ ပြည့်အကျိုးဆောင်
တန်ဖိုးကြီးမား၊ ဆေးဝန်ထမ်းများသို့....။
ပြည်သူလေးစား၊ ပြည့်အားထားရာ
စိတ်ထားဖြူစင်၊ အို...ကျေးဇူးရှင်တို့...။
သင်တို့သည်ကား၊ ပညာအားကိုး
သနားကြင်နာ၊ စေတနာဖြင့်
ပြည်ရွာဒုက္ခ၊ ကယ်တင်ကြသည်
စိတ်လှသူများ၊ ပြည့်အင်အားတည့်..။
သင်တို့သည်ကား၊ သဒ္ဓါအားကိုး...
အများကျိုးဆောင်၊ ဤလူ့ဘောင်မှာ
ရာထောင်မကာ၊ ခံစားရသည့်
ဒုက္ခကပ်ဆိုး၊ ရောဂါမျိုးမှ
ကိုယ်ကျိုးကိုစွန့်၊ မကြောက်ရွံ့တည့်..။
သင်တို့သည်ကား၊ သားမယားစွန့်
မောင်ဘွားမိဘ၊ စွန့်လွှတ်ကြသည်
ဘဝကိုစွန့်၊ အသက်စွန့်သော
ဦးညွှတ်ထိုက်သူ၊ စိတ်ထားဖြူသော
ဇမ္ဗူမှာရှား၊ ပြည့်ခွန်အားတည့်။
အို.....
စွန့်လွှတ်စွန့်စား၊ ဝန်ထမ်းများတို့
သင်ကားကြီးမား၊ စိတ်ခွန်အားဖြင့်
မားမားရပ်တည်၊ ရှေ့တန်းဆီမှ
နာရီများစွာ၊ အနစ်နာဖြင့်၊
ပြည်ရွာကောင်းကျိုး၊ သင်သယ်ပိုးသည်
ကိုဗစ်ပိုးမျိုး၊ ဒုက္ခဆိုးမှ လွတ်ပါစေ..။
တိုင်းပြည်လူမျိုး ချစ်မြတ်နိုးသော
အားကိုးထိုက်သူ၊ သင်လိုလူတို့
ပြည်သူအပေါင်း၊ မေတ္တာလောင်း၍
ဆုတောင်းပါသည်.....,
ကျန်းမာသက်ရှည်အောင်မြင်စေ။ ။

**မောင်မိုးယံ**







## ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကူညီအားဖြည့် ဆောင်ရွက်ရန် နေပြည်တော်မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ကူညီအားဖြည့် ဆောင်ရွက်နိုင်ရန် အတွက် နေပြည်တော်မှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိကြရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယ အထွေထွေအတွင်းရေးမှူး ဒေါက်တာ တင်ထွန်းအောင်၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ လင်းလင်းသက်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးကြည်၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်မင်းမင်းကိုတို့က ကြိုဆိုနှုတ်ဆက်ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ နေပြည်တော်ကြက်ခြေနီ ကြက်ခြေနီကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးမိုးကျော် ဦးဆောင်သည့် နေပြည်တော်ရှိ မြို့နယ်များမှ ကြက်ခြေနီ စေတနာလုပ်အားရှင် ၃၅ ဦးတို့သည် လှိုင်မြို့နယ်ရှိ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရေးစခန်းတွင် ရက်သတ္တ နှစ်ပတ်ကြာ ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ဒေသအသီးသီး၌ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းအောင်(MRCS)**

## မြဝတီမြို့သို့ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း တာဝန်မှအပ မည်သည့်ယာဉ်မှဝင်ခွင့်မပြုဘဲ အထူးစစ်ဆေးဆောင်ရွက်လျက်ရှိ

**မြဝတီ စက်တင်ဘာ ၂၈**


ကရင်ပြည်နယ် မြဝတီမြို့အတွင်းသို့ လာရောက်မည့် သူများအနေဖြင့် နေ့စဉ် ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း တာဝန်မှအပ မည်သည့်ယာဉ်မှ ဝင်ရောက်ခွင့်မပြုဘဲ မြို့သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်၊ ခရီးသွားယာဉ်နှင့် အခြားဝင်ထွက်မှုများကို မြဝတီမြို့အဝင် သဃ်န်းညီနောင် စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက်အထူးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားထောက်ခံချက် ယူရမည်ဖြစ်ပြီး မြဝတီမြို့သို့ လာရောက်မည့်သူများအနေဖြင့်လည်း ခရီးသွားထောက်ခံချက်ယူလာရန် မဖြစ်မနေ လိုအပ်ကြောင်း၊ သို့မှသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ထိထိမိမိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မိမိနေအိမ်၌ နေထိုင်ရန် အကျုံးဝင်သော ဒေသများမှ မြဝတီမြို့သို့ လာရောက်သည့် ပြည်သူများအနေဖြင့် မြဝတီမြို့တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မြဝတီမြို့အဝင် သဃ်န်းညီနောင် စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စစ်ဆေးဆောင်ရွက်နေမှုများအား မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်စုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**
**(ပြန်/ဆက်)**



### အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# နမ္မတူမြစ်ကူးတံတားသစ် တည်ဆောက်မှု စက်တင်ဘာလကုန်ခန့်တွင် ပြီးစီးတော့မည်

**နမ္မတူ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူ မြို့နယ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မြို့လယ်နမ္မတူမြစ်ကူး တံတားသစ်ကို စက်တင်ဘာလကုန်ခန့်တွင် တည်ဆောက်ပြီးစီးတော့မည်ဟု တံတားဦးစီးဌာန တံတားအထူးအဖွဲ့- ၄ မှ သိရသည်။

အဆိုပါ မြို့လယ်နမ္မတူမြစ်ကူး တံတားသစ်မှာ သီပေါ- နမ္မတူ- မန်တုံလမ်းမနှင့် လားရှိုး- နမ္မတူ- မန်တုံလမ်းမပေါ်တွင် တည်ရှိပြီး နမ္မတူမြို့နယ် မြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ္မတူမြစ်ပေါ်တွင် နမ္မတူရပ်ကွက်နှင့် ပန်ဟိုက်ရပ်ကွက်ကိုဆက်ကာ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။

မြို့လယ်နမ္မတူမြစ်ကူးတံတား အမျိုးအစားမှာ တံတားအပေါ်ထည် Steel Plate Girder၊ သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်တိုင်ကိုယ်ထည်၊ ရေလမ်းကင်းလွတ်အကျယ် ၁၂၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၃ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၃ ပေ နှစ်ဖက်၊ ခွင့်ပြုယာဉ်အလေးချိန် HL-93 Load Class ဖြတ်သန်းသွားလာခွင့်ရမည်ဖြစ်ပြီး ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၈၇ ဒသမ ၆၅ သန်းဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့- ၄ က တာဝန်ယူ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယခု စက်တင်ဘာလကုန်ပိုင်းခန့်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားသစ်ကြီး တည်ဆောက်ပြီးစီးပါက ဒေသတွင်းကုန်စည်စီးဆင်းမှု ချောမွေ့ကောင်းမွန်လာစမည့်နည်းတူ မန်တုံမြို့နယ်တင်မက မုံးဝိုးလမ်းကြောင်းပါ အလွယ်တကူ သွားလာနိုင်တော့မည် ဖြစ်သည်။

**လှမော် (ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ် စပါးစိုက်ခင်းများအတွင်း မျိုးရိုးဗီဇမြှင့် ငါးခုံးမကြီးသားပေါက်များ စိုက်ထည့်

**ကျောက်ဆည် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ ငါးစားသုံးခြင်းဖြင့် ကိုယ်လက်ကြံ့ခိုင်သန်မာရေး ရည်ရွယ်ကာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးရိုးဗီဇမြှင့်တင်ထားသော ငါးခုံးမကြီး သားပေါက်ကောင်ရေ ၇၅၀၀၀ ကို ယနေ့နံနက်ပိုင်းက စိုက်ထည့်ပေးသည်။

ကျောက်ဆည်မြို့နယ် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေရန်၊ ဒေသတွင်း ငါးသယံဇာတ ပေါများလာစေရန်နှင့် စပါးခင်းများ ကောင်းမွန်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းကာ ဝင်ငွေပိုမို တိုးတက်စေရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၏ ကြီးကြပ်မှုဖြင့် ကူမဲငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစောအောင်ကိုလတ်၊ ဒုတိယဦးစီးမှူး ဒေါ်စပယ်လှိုင်နှင့် ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် ဒေသခံတောင်သူများ ပူးပေါင်းကာ ငါးလုံးကုန်းကျေးရွာ တောင်သူ ဦးခင်မောင်ထွန်းနှင့် တောင်သူ ၂၀ တို့၏ စပါးစိုက်ခင်း ဧက ၅၀ တွင် ငါးမျိုးများ စိုက်ထည့်ပေးကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၉ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၉ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၂ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၁ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၄၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၆၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၃၆ | ၂၃၆၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၈၂၀ | ၃၀၃၉၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၅၄၂ | ၁၂၄၃၅၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆၄၂ | ၁၇၃၀၈၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၁၀ | ၃၀၀၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ချြူးစန္ဒီမွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း၊




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း၊




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း၊




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ **Help Line** ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။

# ဂျုံနှင့် ကုလားပဲသီးနှံ သုတေသနလုပ်ငန်း နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဂျုံနှင့် ကုလားပဲသီးနှံ သုတေသနလုပ်ငန်း နှစ်ပတ်လည် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က Virtual meeting စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သုတေသနတွေ့ရှိချက်များမှတစ်ဆင့် အသုံးချနည်းပညာအဖြစ် ဆောင်ရွက်ရာတွင် တောင်သူများ၏ လက်တွေ့မြေပြင် အခက်အခဲများနှင့် ကွာဟချက် ကျဉ်းနိုင်သမျှ ကျဉ်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်း ဂျုံနှင့် ကုလားပဲမျိုးများ ဖူလုံစွာ သုံးစွဲနိုင်ရေး၊ သက်ရောက်လာလျက်ရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေမှု ရှိသောမျိုးသန့်များ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရန်နှင့် တောင်သူများ၏ လိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက်၊ ကြုံတွေ့နိုင်သည့် ပြဿနာ အခက်အခဲများကို မျက်ခြည်မပြတ် စောင့်ကြည့်ဖြည့်ဆည်း ပေးကြစေလိုကြောင်း၊ ဂျုံ၊ ကုလားပဲသီးနှံများအပြင် သီးနှံအမယ်သစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးသစ်များ သုတေသနပြုထုတ်လုပ်ခြင်း၊ သီးနှံပုံစံသစ်များ စမ်းသပ်သုတေသနပြုလုပ်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**



မြန်မာနိုင်ငံတွင် ဂျုံသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံး စိုက်ပျိုးကြောင်း၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံနှင့် ကုလားပဲ စိုက်ပျိုးနိုင်သည့် ဧရိယာလျော့နည်းလာသော်လည်း တစ်ဖက်တွင် ရှမ်းပြည်နယ်အနေဖြင့် ဂျုံစိုက်ပျိုးနိုင်သည့် အလားအလာများ ရှိကြောင်း၊ အစည်းအဝေးတွင် စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သက်ဆိုင်ရာ တိုင်းဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် သုတေသနခြံတာဝန်ခံများက ဂျုံသီးနှံနှင့် ကုလားပဲသီးနှံ သုတေသနများ၊ သရုပ်ပြကွက်များ ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြကြောင်း သိရသည်။ ပြည်တွင်း စားသုံးမှုလိုအပ်ချက်အရ ဂျုံသီးနှံကို နှစ်စဉ်ပြည်ပမှ တင်သွင်းရလျက်ရှိရာ နိုင်ငံခြား အသုံးစရိတ် လျှော့ချနိုင်ရေးနှင့် ပြည်တွင်းထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးကောင်း ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ရေငတ်ဒဏ်ခံနိုင်သော အပူဒဏ်ခံနိုင်သည့် အရည်အသွေးကောင်းသောမျိုးစေ့များ သုံးစွဲနိုင်ရေး၊ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် ဝန်းကျင်ကောင်းအဖြစ် ဖန်တီးဖော်ဆောင်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

**မေမိုးသဲ**

# မြိတ်မြို့တွင် သုံးစွဲရန်မသင့်သည့် တားမြစ်အလှကုန်များ၊ စံမညီဆေးဝါးများရောင်းချခြင်းရှိ မရှိ ရှောင်တခင်စစ်ဆေး

**မြိတ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ဈေးကြီးတွင် ပြည်သူများ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များကို ရောင်းချခြင်းမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယနေ့နံနက်ပိုင်းက မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီမှ ရှောင်တခင်စစ်ဆေးသည်။ စစ်ဆေးဆောင်ရွက်ရာတွင် ဈေးအတွင်းရှိ ကုန်စုံဆိုင်များနှင့် အလှကုန်ဆိုင်များ၊ ဆေးဝါးအရောင်းဆိုင်များ၌ ရောင်းချလျက်ရှိသော စားသောက်ကုန်များ၊ ဆေးဝါးများကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသည့် အလှကုန်ပစ္စည်း၊ စံမညီဆေးဝါးများ၊ အစားအသောက်များတွင် တားမြစ်ဓာတုပစ္စည်းများ ပါဝင်ခြင်း ရှိ မရှိကို မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး ပညာပေး ဆောင်ရွက်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဗန်းမော်မြို့၌ ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးနှင့် ကြောင်များ ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ဗန်းမော် စက်တင်ဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် (၁၄)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ခွေးနှင့် ကြောင်များကို ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး



ဒေါက်တာဇော်နိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းထွန်းမင်းနှင့် ဝန်ထမ်းများက ဗန်းမော်မြို့ဒေသခံ ပြည်သူများ မွေးမြူထားသည့် ခွေးနှင့်ကြောင် ၇၀ ကို ကာကွယ်ဆေး အခမဲ့ ထိုးနှံပေးသည်။ **(ဝဲပုံ)**

"ကျွန်တော်တို့ ဌာနအနေနဲ့ နှစ်စဉ် စက်တင်ဘာ ၂၈ ရက် ရောက်တိုင်း ခွေး၊ကြောင်တွေကို ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးတာနဲ့ အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးတာတွေ ဆောင်ရွက်ပါတယ်။ ဒီနှစ်မှာတော့ ကိုဗစ်- ၁၉ ကာလဖြစ်တဲ့အတွက် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေတာနဲ့ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးတာတို့ကိုသာ ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ လူမှာ ခွေးရူးရောဂါကူးစက်ခံရမှုရဲ့ ၉၉ ရာခိုင်နှုန်းက ခွေးကိုက်ခံရတာကနေတစ်ဆင့် အများဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့် ခွေးတွေမှာ ခွေးရူးရောဂါကာကွယ်ဆေးထိုးတာက လူ့အသက်ပေါင်းများစွာ ကယ်တင်တာလည်း ဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ (၁၄)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်တဲ့ " ခွေးရူးရောဂါအဆုံးသတ်ရေးကာကွယ်ဆေးထိုးကာ ပူးပေါင်းပေး" ဆိုတဲ့အတိုင်း ပိုင်ရှင်တွေအနေနဲ့ မိမိတို့ရဲ့ ခွေး၊ကြောင်တွေကို ခွေးရူးရောဂါကာကွယ်ဆေး နှစ်စဉ်ပုံမှန် ထိုးနှံပေးကြပါလို့ တိုက်တွန်းလိုပါ တယ်" ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

# မြဝတီမြို့၌ ခရီးသွားလုပ်ငန်း အခြေခံပညာသင်တန်းဖွင့်

**မြဝတီ စက်တင်ဘာ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြဝတီရုံးခွဲ၏ စီစဉ်ကြီးကြပ်မှု၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့၏ ပူးပေါင်းပါဝင်မှုတို့နှင့် Covid-19 Relife Package -1 ခရီးသွားလုပ်ငန်းအခြေခံပညာသင်တန်းကို မြဝတီမြို့ ငွေစကြာဟိုတယ်-၂ တွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန မြဝတီရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောကြည်ကြည်က " ခရီးသွားလုပ်ငန်း အခြေခံသင်တန်းကို စက်တင်ဘာ ၂၉ ရက်ကနေ အောက်တိုဘာ ၅ ရက်အထိ သင်တန်းပို့ချပေးသွားပါမယ်။ တက်ရောက်တဲ့ သင်တန်းသား သင်တန်းသူတွေကို တစ်ရက်ငွေကျပ် ၄၈၀၀ နှုန်းနဲ့ ထောက်ပံ့ပေးတယ်။ သင်တန်းပို့ချပေးတဲ့ ဆရာ ဆရာမတွေကို တစ်ရက်မှာ ငွေကျပ် ၁၀၀၀၀ နှုန်းနဲ့ ချီးမြှင့်ပေးတာတွေ လုပ်ပေးပါတယ်။ သင်တန်းပို့ချမယ့် ဘာသာရပ်တွေက အခြေခံအင်္ဂလိပ်စကားတွေ၊ အခြေခံ ထိုင်းဘာသာစကားတွေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာနဲ့ပတ်သက်တဲ့ အခြေခံဗဟုသုတတွေ၊ ရှေးဦးသူနာပြုသင်ခန်းစာ၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၊ ခရီးသည် လုံခြုံရေးဝန်ဆောင်မှုများ စတဲ့သင်ခန်းစာတွေ ပါဝင်ပါတယ်"ဟု ပြောသည်။

**မန်းသန်းရွှေမြင့်**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်များရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခြင်များ ခိုအောင်းနိုင်မှု မရှိစေရေးအတွက် ရေဝပ်သည့်နေရာများကို မြေဖို့ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။

အေးသန်း(စိန်တုံးကြီး)

# သရေခေတ္တရာနှင့် ခင်ဘကုန်း

## မောင်သာ (ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်ဖြစ်သည့် ပျူမြို့ဟောင်းသုံးမြို့တွင် သရေခေတ္တရာသည် အကြီးဆုံးဖြစ်ကာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အရှေ့ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ သရေခေတ္တရာသည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအရပ်ဟု အဓိပ္ပာယ်ရှိ၍ တည်နေရာ မြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၇၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ် ဖြစ်သည်။ ပျူယဉ်ကျေးမှု ထွန်းကားခဲ့သည့် သရေခေတ္တရာမြို့ဟောင်း၌ စေတီပုထိုးများအပါအဝင် များစွာသော ပျူခေတ်အထောက်အထားများ ကျန်ရှိခဲ့ရာ ခင်ဘကုန်းနှင့် မသီးကျကုန်းတို့လည်း ပါဝင်သည်။**

### ခင်ဘကုန်း

ခင်ဘကုန်းသည် သရေခေတ္တရာမြို့ဟောင်းအတွင်း၌ နန်းတော်ရာ၏ အရှေ့တောင်ဘက်၊ ကုလားကန်ကျေးရွာမှ အနောက်တောင်ဘက်သို့ ပေ ၂၀၀ ခန့်အကွာ၊ သာယာဝတီ တံခါးပေါက်အနီးတွင် တည်ရှိပြီး ကုန်းပိုင်ရှင် ဦးခင်ဘကို အစွဲပြုလျက် ခင်ဘကုန်းဟု အမည်တွင်ခဲ့သည်။

ကျောက်စာဝန် မစ္စတာဒူရွိုင်ဇယ်နှင့် အဖွဲ့သည် ခင်ဘကုန်းရှိ လေးထောင့်ပုံ ဌာပနာတိုက်ကို ၁၉၂၆ ခုနှစ်တွင် တူးဖော်ခဲ့ရာ ရွှေပေလွှာအချပ် ၂၀ အပါအဝင် ရှေးဟောင်းပစ္စည်း ၆၈ မျိုး၊ အရေအတွက် ၅၀၀ ကျော် ရရှိခဲ့သည်။ ယင်းတို့တွင် ဌာပနာတိုက်အဖုံး ကျောက်ပြားအကောင်း နှစ်ချပ်၊ သုံးပိုင်းကျိုးနေသော ကျောက်ပြားတစ်ချပ်၊ ဗောဓိပလ္လင်ပုံစံ ငွေခေါင်းပွကြုတ် အဝိုင်းတစ်ခု၊ ရွှေ၊ ငွေ၊ ကြေး ဗုဒ္ဓဆင်းတုတော်များ အပါအဝင် ရှေးဟောင်း ရုပ်ဝတ္ထုပစ္စည်းများ ပါဝင်ခဲ့သည်။ တူးဖော်မှုမှ ရရှိခဲ့သည့် ပစ္စည်းအချို့ကို သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် ပြသထားသည်။

ဌာပနာဖုံးကျောက်ပြားနှစ်ချပ်ပေါ်တွင် ထွင်းထုထားသည့် စေတီတော်နှင့် ဆင်းတုတော်တို့သည် တစ်ခုနှင့်တစ်ခု လက်ရာကွာခြားကြသည်။ ပထမကျောက်ချပ်တွင် ထီးတော်များသည် ပျော့ပျောင်းကွေးညွတ်နေကာ ဆင်းတုတော်ငါးဆူ၏ ခန္ဓာကိုယ်များက သွယ်လျနေကြသည်။ ဒုတိယကျောက်ချပ်တွင် ဆင်းတုတော်များက ပြည့်ဖြိုးနေကြသဖြင့် ကျောက်ချပ်နှစ်ခုသည် ခေတ်ချင်းမတူညီကြောင်း တွေ့ရှိကြရသည်။

ပထမကျောက်ချပ်သည် ခင်ဘကုန်းအဆောက်အအုံကို စတင်တည်ဆောက်ခဲ့စဉ်က အဖုံးဖြစ်၍ ဒုတိယကျောက်ချပ်သည် အေဒီခြောက်ရာစုနှင့် ခုနစ်ရာစုအတွင်း၊ အဆောက်အအုံကို ပြန်လည်ပြုပြင်ချိန်က ထည့်သွင်းခဲ့သည့် အဖုံးဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန သရေခေတ္တရာဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက သုံးသပ်ခဲ့သည်။

ခင်ဘကုန်းအဆောက်အအုံကို ပြန်လည်တည်ဆောက်ပြီးနောက် ဌာပနာများကိုလည်း ထပ်မံထည့်သွင်းခဲ့သည်။ မူလစေတီတော်အပေါ်ပိုင်းသည် ပထမကျောက်ချပ်ပေါ်မှ စေတီပုံဖြစ်၍ ပြန်လည်တည်ဆောက်ခဲ့သည့် စေတီပုံကို ဒုတိယကျောက်ချပ်တွင် ထွင်းထုခဲ့သည်။ ယင်းဌာပနာတိုက်ဖုံး ကျောက်ပြားနှစ်ချပ်ကို သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် လေ့လာနိုင်ကြပေသည်။

ရှေးဟောင်းသုတေသနဦးစီးဌာနသည် ၁၉၆၄ ခုနှစ်တွင် ခင်ဘကုန်းကို ပြန်လည်တူးဖော်သုတေသနပြုခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အီတလီနိုင်ငံမှ Lerici Foundation နှင့် ပူးပေါင်းလျက် ခင်ဘကုန်းထိန်းသိမ်းရေးလုပ်ငန်းနှင့် အသေးစိတ်မှတ်တမ်းပြု ပုံဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခင်ဘကုန်းကို တူးဖော်မှုများ ထပ်မံပြုလုပ်ခဲ့ရာ ပျူခေတ်ယဉ်ကျေးမှု အထောက်အထားသစ်များကို တွေ့ရှိခဲ့သည်။

ခင်ဘကုန်းကို ၁၉၂၆ ခုနှစ်တွင် ပထမဆုံးတူးဖော်ခဲ့စဉ်က မြေကြီးများကို ကုန်းပတ်လည်တွင် စုပုံထားခဲ့သဖြင့် နှစ်ကာလ ကြာရှည်လာချိန်တွင် ခင်ဘကုန်းနေရာသည် ချိုင့်ကြီးတစ်ခု ဖြစ်လာခဲ့ကာ မိုးရာသီ၌ ရေအိုင်ကြီးတစ်ခုအဖြစ် မြင်ခဲ့ကြရသည်။ ၂၀၁၆ ခုနှစ်တွင် ယင်းမြေကြီးများကို အဆင့်လိုက်ဖယ်ရှား၍ ခင်ဘကုန်းကို ထပ်မံတူးဖော်ရာ မူလအဆောက်အအုံပန္နက်ရာကို ဖော်ထုတ်နိုင်ခဲ့သည်။ ခင်ဘကုန်းအဆောက်အအုံ၏ တောင်ဘက်ဝင်ပေါက်နေရာရှိ အုတ်ရိုးပေါ်တွင် ဝိုင်းစက်စွာ ထွင်းထားသည့် တိုင်ကျင်းရာများကို တွေ့ရှိခဲ့သည်။ ယင်းအဝိုင်းပေါက်များသည် တစ်ချိန်က ခင်ဘကုန်းတွင်ရှိခဲ့သည့် အဆောက်အအုံ၏ မုခ်ဦးတိုင်နေရာများဖြစ်နိုင်ကြောင်း တူးဖော်သူ ပညာရှင်များက ယူဆခဲ့ကြသည်။ ထို့အပြင် ခင်ဘကုန်းအဆောက်အအုံပန္နက်၏ လှေကားများသည် ယခင်က ခန့်မှန်းခဲ့သကဲ့သို့ အတွင်းပိုင်းတွင် ရှိမနေဘဲ ပင်မအဆောက်အအုံ၏ အပြင်သို့ ထွက်နေကြောင်း တွေ့ရှိခဲ့သည်။

တူးဖော်မှုမြေလွှာများအနက် လှေကားများ၏ အောက်ခြေတွင် အုတ်ကျိုးရောမြေလွှာကို တွေ့ရှိရသည်။ လှေကားများကို ပင်မအဆောက်အအုံနှင့် ချိတ်ဆက်ထားခြင်း မရှိသဖြင့် ပထမဆုံး တည်ဆောက်ခဲ့စဉ်က လှေကားများသည် အဆောက်အအုံလေးဘက်လုံး၌ ပါရှိရန် မသေချာကြောင်း ပညာရှင်များက ယူဆခဲ့ကြသည်။

ခင်ဘကုန်း အဆောက်အအုံကို အနည်းဆုံး နှစ်ကြိမ်ခန့် တည်ဆောက်ခဲ့ကာ ပထမအကြိမ် တည်ဆောက်ခဲ့စဉ်က အိန္ဒိယနှင့် နီးစပ်သူများက တည်ဆောက်ခဲ့၍ ဒုတိယအကြိမ်တွင် ပျူများကိုယ်တိုင် တည်ဆောက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဦးကျော်မျိုးဝင်းက ရေးသားခဲ့သည်။



ခင်ဘကုန်းရွှေပေလွှာ အချပ် ၂၀

### ရွှေပေလွှာ အချပ် ၂၀


ခင်ဘကုန်းဌာပနာတိုက်မှ ရရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀ သည် တစ်ချပ်လျှင် အလျား ၆ ဒသမ ၅ လက်မ၊ အနံ ၁ ဒသမ ၂၅ လက်မစီရှိ၍ ယင်းတို့ကို တစ်ချပ်စီထပ်ကာ အပေါ်နှင့်အောက်မှ အရွယ်တူ ရွှေပေလွှာ နှစ်ချပ်ဖြင့် ညှပ်၍ ရွှေကြိုးဖြင့် စည်းနှောင်ထားသည်။ ရွှေပြား၂၂ ချပ်၏ စုစုပေါင်းအလေးချိန်သည် ၂၃ ကျပ် ၁၄ ပဲ နှင့် နှစ်ရွေး ဖြစ်သည်။

ရွှေပေလွှာများပေါ်တွင် ပိဋကတ်တော် ကောက်နုတ်ချက်များကို ပျူဘာသာစကားဖြင့် ရေးသားထားသည်။ သရေခေတ္တရာမှ ရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများတွင် မြင်တွေ့ရသည့် ကမ္ပည်းစာများကို အကြမ်းအားဖြင့် ပျူစာပေနှင့် ပိဋကတ်စာပေဟု ခွဲခြားနိုင်ကြောင်း၊ ပိဋကတ်စာပေဆိုသည်မှာ မြတ်စွာဘုရား ဟောကြားခဲ့သည့် သုတ္တ၊ ဝိနယ၊ အဘိဓမ္မာဟူသည့် ပိဋကတ်သုံးပုံမှ ကောက်နုတ်ချက်များဖြစ်ကြောင်း၊ ပျူစာပေဆိုသည်မှာ ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသောစာပေ ဖြစ်ကြောင်း သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ခဲ့သူ ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ရွှေပေလွှာများကို ပညာရှင်များက သုတေသနပြုလုပ်ခဲ့ကြပြီး ဦးလူဖေဝင်းက ခင်ဘကုန်း ရွှေပေလွှာများ သုတေသနပြုချက်စာတမ်းကို မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန အစီရင်ခံစာ(၁၉၃၈-၁၉၃၉) တွင် ရေးသားခဲ့သည်။ ယဉ်ကျေးမှု ညွှန်ကြားရေးဝန် ဦးသာမြတ်က ၁၉၆၃ ခုနှစ်တွင် သုတေသနပြုလုပ်ခဲ့ကာ မြန်မာစာပါမောက္ခ ဒေါ်သန်းဆွေက ပျူစာခင်ဘရွှေပေချပ်ခတ်ပုံများ စာအုပ်နှင့် ပျူစာ ခင်ဘရွှေပေလေ့လာချက်စာအုပ်တို့ကို ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ရွှေပေလွှာ အချပ် (၁) မှ (၁၈) အထိ တစ်ချပ်စီတွင် စာကြောင်းရေ သုံးကြောင်းစီ ရေးသားထားပြီး အချပ် (၁၉) တွင် စာကြောင်း လေးကြောင်း၊ အချပ် (၂၀) တွင် စာကြောင်း နှစ်ကြောင်း ပါရှိသဖြင့် ရွှေပေအချပ် (၂၀) တွင် စာကြောင်းရေ စုစုပေါင်း ၆၀ ပါရှိသည်။

ရွှေပေလွှာများတွင် ဗုဒ္ဓဘုရားရှင်၏ ပါဠိတော်ကောက်နုတ်ချက် ရှစ်ခုပါဝင်ပြီး ပထမအပိုဒ်သည် သံယုတ္တ နိကာယ်၊ ဝိနည်း မဟာဝါနှင့် ဝိဘင်းပါဠိတော်တို့တွင် ပါရှိသည့် ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်၊ ဒုတိယအပိုဒ်သည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း ၊ တတိယအပိုဒ်နှင့် စတုတ္ထအပိုဒ်သည် မဇ္ဈိမနှင့် အင်္ဂုတ္တရ နိကာယ်၊ ပဉ္စမအပိုဒ်သည် ခုဒ္ဒကနိကာယ်၊ ဆဋ္ဌမအပိုဒ်သည် ဓမ္မပဒ၊ သတ္တမအပိုဒ်သည် ဇာတကအဋ္ဌကထာ



ခင်ဘကုန်းတူးဖော်မှုမှ ရရှိခဲ့သည့် ဌာပနာတိုက်ဖုံး ကျောက်ပြား

နှင့် အဋ္ဌမအပိုဒ်သည် ဝိနည်းမဟာဝါ ပါဠိတော်များမှ ကောက်နုတ်ထားသော စာပေများဖြစ်ကြကာ နဝမအပိုဒ်သည် ဗုဒ္ဓဂုဏ်တော်ကိုးပါး ပါဠိတော် စာသားများဖြစ်ကြောင်း ဆရာကြီးဦးသာမြတ်က ထုတ်နုတ်ပြခဲ့သည်။

ရွှေပေလွှာတွင် ရေးသားထားသည့် လက်ရေးများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ရှေးဟောင်း တေလဂူကနဒီ အက္ခရာများနှင့် ပုံသွင်တူညီကြောင်း ဦးစိန်မောင်ဦးက မှတ်ချက်ပြုခဲ့ကာ ရွှေပေလွှာများ ရေးသားခဲ့သော ခေတ်ကာလကို ခရစ်နှစ် လေးရာစုနှင့် ငါးရာစုအကြားဟု ခန့်မှန်းသတ်မှတ်နိုင်ကြောင်း သီရိပျံချီ ဦးမြက ရှေးဟောင်းမြန်မာအက္ခရာစာတမ်းတွင် သုံးသပ်ခဲ့သည်။

ခင်ဘကုန်းတွင် စိုက်ထူထားသော မှတ်တမ်းတွင်မူ ရွှေပေလွှာပေါ်တွင် ရေးသားထားသောအက္ခရာများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း ဣက္ခွာကုမင်းဆက်သုံး ဗြဟ္မီအက္ခရာမှ ပြောင်းလဲတီထွင်ထားသော ပျူအက္ခရာများဖြစ်ကြောင်း ဖော်ပြထားသည်။

### ငွေဗောဓိပလ္လင်ကြုတ်

ခင်ဘကုန်းမှရရှိခဲ့သည့် ၇၂ ဒသမ ၅ စင်တီမီတာ (၂ ဒသမ ၃၇ ပေ) မြင့်သည့် ဗောဓိပလ္လင်ပုံ ခေါင်းပွငွေကြုတ်အဝိုင်းပေါ်ရှိ ဗောဓိပင်ပတ်လည်မှ ကြာပလ္လင်များပေါ်တွင် ထိုင်တော်မူ ဗုဒ္ဓဆင်းတုလေးဆူကို ဖောင်းကြွထုလုပ်ထားသည်။ ယင်းငွေကြုတ်သည် ရွှေပေလွှာများထက် ခေတ်အနည်းငယ်နောက်ကျကြောင်း ပညာရှင်များက ယူဆခဲ့သည်။ ရုပ်ပွားတော်များသည် ဘူမိဖဿမုဒြာ (လက်တော်မြေထိဟန်) ဟန်ဖြစ်ပြီး ရုပ်ပွားတော်တစ်ဆူနှင့် တစ်ဆူကြားတွင် သာဝက တစ်ပါးစီက မတ်တတ်ရပ်နေကြသည်။

ကြုတ်အဖုံးအပေါ် နှုတ်ခမ်းပတ်လည်တွင် ပွင့်တော်မူပြီးခဲ့သော ဘုရားရှင်လေးဆူ၏ ဘွဲ့တော်များကို ရေးထိုးထားကာ ကြုတ်၏ အောက်နှုတ်ခမ်းတွင် သာဝက အမည်များနှင့် အလှူရှင်အမည်များကို ရေးထားသည်။

ရွှေပေလွှာများတွင် ရေးသားထားသည့် ဗုဒ္ဓဂုဏ်တော်များအနက် ကျန်ရှိနေသည့် ဂုဏ်တော်နှစ်ပါးကို ငွေဗောဓိပလ္လင်ကြုတ်တွင် ဂေါတမဗုဒ္ဓဘွဲ့တော်နောက်၌ ရေးသား၍ အဆုံးသတ်ထားသည်။ ထို့ကြောင့် ခင်ဘကုန်းမှ ရရှိခဲ့သည့် ဌာပနာပစ္စည်းနှစ်ခုဖြစ်သည့် ရွှေပေလွှာများနှင့် ငွေဗောဓိပလ္လင်ကြုတ်တို့သည် ပျူလူမျိုးများ၏ ဗုဒ္ဓဘာသာဆိုင်ရာ ယုံကြည်ကိုးကွယ်မှု အထောက်အထားများ ဖြစ်ကြပေသည်။

၁၉၉၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်၌ ကျင်းပခဲ့သည့် ပညာရှင်များနှီးနှောဖလှယ်ပွဲက ခင်ဘကုန်း ရွှေပေလွှာများသည် အေဒီ ငါးရာစု အစောပိုင်း သို့မဟုတ် အလယ်ပိုင်း လက်ရာများဖြစ်ကြောင်း လက်ခံခဲ့ကာ ကမ္ဘာပေါ်တွင် တွေ့ရှိထားသော ပါဠိစာပေ အထောက်အထားများတွင် ရှေးအကျဆုံး ဖြစ်လာခဲ့သည်။

ပါမောက္ခ ဒေါ်သန်းဆွေက “ခင်ဘကုန်းရွှေပေလွှာများက ခရစ်နှစ် ငါးရာစုက ပျူလူမျိုးများ၏ ဘာသာရေးအမြင် နှံ့စပ်ကြွယ်ဝနက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်းကို ဖော်ပြနေသည်” ဟု သုံးသပ်ခဲ့သည်။ ရွှေပေလွှာများပေါ်မှ ပါဠိတော်များသည် ပိဋကတ်သုံးပုံဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များမှ ကောက်နုတ်ချက်များဖြစ်သောကြောင့် ပျူတို့သည် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် နားလည်သိရှိထားကြောင်း ယူဆခဲ့ကြသည်။ ယင်းအချက်က မြန်မာနိုင်ငံတွင် ပုဂံခေတ်မတိုင်မီ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ချိန်မှစ၍ ထေရဝါဒ ပိဋကတ်စာပေများ ရှိနေကြောင်း ဖော်ညွှန်းလျက်ရှိသည်။

ခင်ဘကုန်း ရွှေပေလွှာများကဲ့သို့ပင် ပိဋကတ်စာကောက်နုတ်ချက်များကို ရှေးဟောင်းစာလုံးများဖြင့် ရေးသားထားသည့် ရွှေပေလွှာနှစ်ချပ်ကို ကျောက်စာဝန် ဒေါက်တာ အီးအမ်ဖော်ချားမားက ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် သရေခေတ္တရာ မြို့ဟောင်း လယ်ပေါ်ရွာအနီးရှိ မောင်ကန်ကုန်းမှ တွေ့ရှိခဲ့ရာ မောင်ကန်ရွှေပေလွှာဟု ထင်ရှားခဲ့သည်။

မောင်ကန်ရွှေပေလွှာနှစ်ချပ်တွင် စာကြောင်းသုံးကြောင်းစီ ပါဝင်ကာ နှစ်ချပ်လုံးကို “ယေဓမ္မာ ဟေတုပ္ပ ဘဝါ” အစချီသော ပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားသည်။ ယင်းရွှေပေလွှာများကို ငါးရာစုအတွင်း ရေးထိုးခဲ့ခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။ မောင်ကန်ရွှေပေလွှာ နှစ်ချပ်ပေါ်တွင် ရေးသားထားသော အက္ခရာများသည် ခင်ဘကုန်း ရွှေပေလွှာများပေါ်တွင် ရေးထိုးထားသော အက္ခရာစာလုံးများနှင့် တူညီနေသည်ဟုဆိုသည်။

*စာမျက်နှာ ၂၂ သို့*

❐ **ခင်ဘကုန်းရွှေပေလွှာများက ခရစ်နှစ် ငါးရာစုက ပျူလူမျိုး များ၏ ဘာသာရေးအမြင် နှံ့စပ်ကြွယ်ဝနက်ရှိုင်းပုံနှင့် စီစဉ်တင်ပြသည့် အစီအမံသည် အံ့မခန်းဖြစ်ကြောင်းကို ဖော်ပြနေသည်” ဟု သုံးသပ်**

❐ **ရွှေပေလွှာများပေါ်မှ ပါဠိတော်များသည် ပိဋကတ် သုံးပုံဖြစ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များမှ ကောက်နုတ်ချက်များ ဖြစ်သောကြောင့် ပျူတို့သည် ပိဋကတ်စာပေများကို နှံ့နှံ့စပ်စပ် နားလည်သိရှိထားကြောင်း ယူဆ**

❐ **ယင်းအချက်က မြန်မာနိုင်ငံတွင် ပုဂံခေတ် မတိုင်မီ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ချိန်မှစ၍ ထေရဝါဒပိဋကတ်စာပေများ ရှိနေကြောင်း ဖော်ညွှန်းလျက်ရှိ**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် သဘာဝဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်




**ဘုတ်ပြင်း စက်တင်ဘာ ၂၈**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စု ချောင်းကရက်ကျေးရွာ၊ ကလန်းချောင်းကျေးရွာနှင့် နို့ငွါးကျေးရွာအုပ်စု ချောင်းကဖီးကျေးရွာတို့ရှိ သဘာဝဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများ သွားရောက်ပေးအပ်သည်။ (ယာပုံ)

စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး ပင်လယ်ဒီရေလှိုင်းရိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေအိမ်များမှ မိသားစုဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်က တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ချောင်းကရက်ကျေးရွာ၌ သဘာဝဘေးကြောင့် နေအိမ်ပျက်စီးသည့် နေအိမ် သုံးလုံး၊ ကလန်းချောင်းကျေးရွာ၌ နေအိမ်တစ်လုံးကို တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းကဖီးကျေးရွာရှိ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသည့် နေအိမ် ၁၂ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းစီနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် နေအိမ် ၁၈ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးကြောင်း သိရသည်။

**သန်းထွန်းဦး (ပြန်/ဆက်)**

## လိပ်သိုမြို့ စိန့်ဒေါမိနစ်ကျောင်းတိုက်၊ စိန့်ဖရန့်စစ် ဆေးလ်ဗီယာ သီလရှင်ကျောင်းနှင့် သံမိုးတောင်ကျေးရွာ ကက်သလစ် ဘုန်းကြီးကျောင်းတိုက်တို့အား ထောက်ပံ့ငွေများ ပေးအပ်



**လိပ်သို စက်တင်ဘာ ၂၈**
ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ စိန့်ဒေါမိနစ်ကျောင်းတိုက်၊ စိန့်ဖရန့်စစ် ဆေးလ်ဗီယာ သီလရှင်ကျောင်းနှင့် သံမိုးတောင်ကျေးရွာ ကက်သလစ်ဘုန်းကြီးကျောင်းတိုက်တို့အား ထောက်ပံ့ငွေများကို ယမန်နေ့က ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ လိပ်သိုမြို့ အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်နှင့် လိပ်သိုတိုက်နယ်ဆရာဝန် ဒေါက်တာ ဖေယျာဦးတို့က ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ထောက်ပံ့ငွေများကို ကျောင်းထိုင်ဘုန်းတော်ကြီးများထံ ပေးအပ်ခြင်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း လိပ်သိုဒေသအတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် အခြေခံလူတန်းစားအိမ်ထောင်စုများအား ထောက်ပံ့ကြေးငွေများနှင့် လှူဖွယ်ပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း သိရသည်။

**နွယ်နွယ်ခိုင် (ပြန်/ဆက်)**

## ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ် ဆောင်ရွက်နေသော ဒေသခံများဝင်ငွေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**ဒီးမော့ဆို စက်တင်ဘာ ၂၈**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်နေသော ဒေသခံများ ဝင်ငွေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်ချောစုထံမှ သိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများ ဝင်ငွေရရှိရေး စီမံကိန်းကို ဒေါဖု၊ ဒေါပွဲ၊ ဒေါပွဲဒူ၊ ဒေါလော်ခူ၊ ဒေါကော့၊ ဒေါဖာ၊ ဒေါတချ၊ ပန်ပက်ရှမ်းကူ၊ ပန်ပက်ကတဲကူ၊ ဆောင်လူးကနား၊ ထီးသဲကလိုး၊ ဒေါခူလီ၊ ဒေါတဒါး၊ ဒေါဗျားကူး၊ ဒေါခူသွဲ့၊ ဖဲလျား၊ ဒေါလျားခူ၊ ဟိုဝမ်အထက်၊ ခူးပရာအထက်၊ ခူးပရာရွာသစ်၊ သာဒေးခို၊ လိုပူနာယောင်လာ၊ ဒေါရောက်ခူတောင်၊ လေမအန်းခူ၊ ဒေါဝယ်ကူး၊ ငံရိုး၊ ကွိုင်ငံ၊ ကွိုင်ငံရွာသစ်၊ ဆော်ပထန်၊ အေနောင်ပုလဲ၊ ဒေါတဝီ၊ ခူးပရာပတိုင်၊ ဒိုင်းလင်းအေးသာ၊ ဒေါစဲ၊ ဒေါတမြေးနှင့် တနီးလာလဲကျေးရွာ စသည့်ကျေးရွာများတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ခုနစ်ခု၊ ကျေးရွာခန်းမဆောင် ပြုပြင်ခြင်းလုပ်ငန်း တစ်ခု၊ ကျေးရွာခန်းမ ခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်း တစ်ခု၊ စာသင်ကျောင်း ခြံစည်းရိုးပြုပြင်ခြင်းလုပ်ငန်း သုံးခု၊ မြေထိန်းနံရံပြုပြင်ခြင်းလုပ်ငန်း နှစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာများရှိ ဒေသခံပြည်သူများအား အကျိုးပြုလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်က ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်းဖြင့် ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အဦဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်နေပြည်သူများ ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခပေးချေခြင်းဖြင့် ဝင်ငွေရရှိစေရန်နှင့် ကျေးရွာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့ပေးအပ်ကာ စီမံကိန်းလုပ်ငန်းတွင် လုပ်အားခ ၇၁ ရာခိုင်နှုန်း၊ ပစ္စည်းတန်ဖိုး ၂၉ ရာခိုင်နှုန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ရီရယ် (ပြန်/ဆက်)**

## ကောလင်းမြို့နယ် ရွှေမင်းဝံလမ်းမကြီး၌ LED မီးတိုင်အသစ် ၁၇ တိုင် စိုက်ထူ

**ကောလင်း စက်တင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရွှေမင်းဝံလမ်းမကြီး၌ နှစ်ဖက်လင်းမီးတိုင် ၁၇ တိုင်ကို စက်တင်ဘာ ၂၆ ရက်က စတင် စိုက်ထူသည်။ (ယာပုံ)

နှစ်ဖက်လင်းမီးတိုင်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ သာမန်အသုံးစရိတ်ရန်ပုံငွေကျပ် ၁၂ ဒသမ ၆ သန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့နယ်သို့ ထောက်ပံ့ထားသည့် ယာဉ်ယန္တရားများ ငှားရမ်းခ ရရှိသည့် ရန်ပုံငွေကျပ် ၁၈ သန်းတို့ဖြင့် နှစ်ဖက်လင်းမီးတိုင် ၁၇ တိုင် စိုက်ထူခြင်းဖြစ်သည်။

ယခုကဲ့သို့ နှစ်ဖက်လင်းမီးတိုင်များ စိုက်ထူခြင်းဖြင့် မှောင်မိုက်မှုနှင့် ညအချိန်များ၌ ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၂၁ မှ*

ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာသည် ရှင်အဿဇိက ရှင်သာရိပုတ္တရာဖြစ်လာမည့် ဥပတိဿအား ဗုဒ္ဓဘုရားရှင်၏ တရားတော်အနှစ်ချုပ်ကို ဟောပြခဲ့သည့် ဂါထာဖြစ်သဖြင့် ပျူလူမျိုးများသည် ထေရဝါဒဗုဒ္ဓဘာသာအပေါ် ကြည်ညိုသက်ဝင်မှုရှိခဲ့ကြောင်း သုံးသပ်နိုင်ပေသည်။

ပိဋကတ်ကောက်နုတ်ချက်များ ရေးထားသော ရွှေပေလွှာတစ်ချပ်ကို ၁၉၂၈ ခုနှစ်တွင် ကျွန်းတောစုရွာမှ မောင်ကျော်ငြိမ်းက သရေခေတ္တရာမှပင် တွေ့ရှိခဲ့သည်။ ယင်းရွှေပေလွှာတွင် ဣတိပိသောဘဂဝါ အစချီသည့် ဘုရားဂုဏ်တော်များကို ရေးထားကာ ရွှေပေလွှာသည် အပိုင်းပိုင်းကျိုးပြတ်နေပြီး ညာဘက်ထိပ်ပိုင်းကိုလည်း မတွေ့ရှိရချေ။ ရွှေပေလွှာတွင် ရေးသားထားသည့် အက္ခရာ ပုံပန်းသဏ္ဍာန်သည် လှပသေသပ်ခြင်းမရှိဟု ဆိုသည်။

### ခင်ဘကုန်း မြေမီးဖုတ်ရုပ်ကြွ

သရေခေတ္တရာဌာနစုမှ အင်ဂျင်နီယာဝန်ထမ်းများသည် ၂၀၁၅ ခုနှစ်တွင် ခင်ဘကုန်းမှ ချောမောလှပသော အမျိုးသမီး ဦးခေါင်းပုံ မြေမီးဖုတ်ရုပ်ကြွအကျိုးတစ်ခုကို ရရှိခဲ့သည်။ ယင်းရုပ်ကြွကို အီတလီနိုင်ငံမှ ပညာရှင်များက သန့်စင်မှုပြုလုပ်ပေးခဲ့ပြီးနောက် ရုပ်ကြွ၏ ဦးခေါင်းပတ်လည်တွင် ရောင်ခြည်တော် စက်ဝန်းတစ်ခုနှင့် မကိုဋ်သရဖူ၊ နဖူးသင်းကျစ်တော်တို့ကို ထင်ရှားစွာ မြင်တွေ့နိုင်ခဲ့ကြသည်။ ရုပ်ကြွ၏မျက်မှောင် နှစ်ဖက်အကြားတွင် ဥဏ္ဏာလုံ မွေးရှင်တော်အရာကို တွေ့ ရှိခဲ့ကြရသော်လည်း မည်သည့်ရုပ်တုကို ဖော်ညွှန်းကြောင်း မသိရှိခဲ့ပါချေ။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်မှစ၍ ခင်ဘကုန်းကို တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ် တူးဖော်မှုကုန်းတောင်ဘက် အုတ်ရိုးတန်းအနီးမှ မြေမီးဖုတ်ရုပ်ကြွအကျိုးများကို ထပ်မံရရှိခဲ့သဖြင့် ယခင်ရရှိခဲ့သော ဦးခေါင်းပုံရုပ်ကြွနှင့် ဆက်စပ်ကြည့်ရာ ထင်ရှားသော ရုပ်ကြွတစ်ချပ်အဖြစ် ပုံပေါ်လာခဲ့သည်။ အုတ်ပေါင်ခတ်ထားသည့် ရုပ်ကြွ၏ အရွယ်အစားသည် အလျား တစ်ပေကိုးလက်မနှင့် အနံ ၂ ပေ ၁၀ လက်မရှိသည်။

မတ်တတ်ရပ်နေသည့် အမျိုးသမီး၏ ရင်သားများသည် ဖြိုးမောက်နေခြင်းမရှိဘဲ လက်မောင်းနှစ်ဖက်လုံးတွင် လက်ကြပ်များ ဝတ်ဆင်ထားပြီး ယာဘက်လက်မောင်းတွင် လက်ကြပ်ပုံကို ရှင်းလင်းစွာမြင်ကြရသည်။ ရုပ်ကြွသည် ခါးစည်း စည်းထားကာ ရှေ့တွင် အမြိတ်ချထားသည်။ ရုပ်ကြွသည် ယင်း၏ လက်ယာဘက်ရှိ မျက်စိမှိတ်ထားသူကို တစ်စုံတစ်ခုပေးနေပြီး ရှေ့ဘက်မှ ကလေးငယ်တစ်ယောက်က လက်ဝါးဖြန့်ကာ တစ်စုံတစ်ခုတောင်းနေသည့်ပုံဖြစ်သည်။ မြေမီးဖုတ်ရုပ်ကြွတွင် နားရွက်များသည် ပခုံးသို့ ထိနေခြင်းမရှိသဖြင့် ပျူခေတ်လက်ရာဟု ယူဆနိုင်ခဲ့သည်။

ခင်ဘကုန်းတူးဖော်မှုမှပင် မြေမီးဖုတ် ကြာပန်းဝိုင်း တစ်ခုကို ရရှိခဲ့သည်။ ၁၉၂၆ ခုနှစ်က ခင်ဘကုန်းကို တူးဖော်ခဲ့စဉ် ကြာပန်းပုံထုလုပ်ထားသည့် ငွေထည်ပစ္စည်းတစ်ခုကို ရရှိခဲ့ရာ ကြာပန်းဝိုင်းနှစ်ခုသည် ပုံသဏ္ဍာန် တူညီကြပြီး မြေမီးဖုတ်ထားခြင်းနှင့် ငွေဖြင့် ပြုလုပ်ထားခြင်းသာ ကွာခြားသည်။

ခင်ဘကုန်းတွင် ကမ္ဘာ့အမွေအနှစ် နေရာဒေသ သတ်မှတ်ချက်တစ်ခုဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး (OUV) အမှတ် (၂) ဖြစ်သော ဘာသာရေးဆိုင်ရာ အဆောက်အအုံအတွင်း ယုံကြည်ကိုးကွယ်မှုအရ ဖန်တီးပြုလုပ်ထားသော ရုပ်လုံးရုပ်ကြွဝတ္ထုပစ္စည်းများ မြုပ်နှံမှု ဓလေ့ရှိကြောင်း အထောက်အထားကို တွေ့ရှိခဲ့ရသည်။

သရေခေတ္တရာသည် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သော မြို့ဟောင်းဖြစ်ကာ များစွာသော ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ စာပေနှင့် ရုပ်ဝတ္ထုအထောက်အထားများကို တွေ့ရှိခဲ့သည့် နေရာဖြစ်သည်။ ပုဂံဘုရင်အနော်ရထာသည် ပိဋကတ်သုံးပုံကို သထုံမှ ပုဂံသို့ ပင့်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားလာခဲ့ကြောင်း ယေဘုယျအားဖြင့် လက်ခံထားကြသော်လည်း ခင်ဘကုန်းမှ ရရှိခဲ့သည့် ဗုဒ္ဓစာပေ ကောက်နုတ်ချက်များ ရေးထိုးထားသည့် ရွှေပေလွှာ အချပ် ၂၀ နှင့် ငွေဗောဓိပလ္လင်ကြုတ်တွင် ရေးသားထားသည့် ပိဋကတ်ကောက်နုတ်ချက်များက သရေခေတ္တရာတွင် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုရှိခဲ့ကြောင်း သက်သေပြနေသည်။

ထို့ကြောင့် ပျူယဉ်ကျေးမှု အထောက်အထားများစွာကို တွေ့ရှိခဲ့ရသည့် သရေခေတ္တရာနှင့် ခင်ဘကုန်းသည် ပညာရှင်များနှင့် သုတေသီများ အထူးစိတ်ဝင်စားကြသည့် နေရာများ ဖြစ်လာခဲ့ကြပေသည်။

**ကိုးကား**
ပျူစာ ခင်ဘရွှေပေလေ့လာချက် (ဒေါ်သန်းဆွေ)
ပျူဖတ်စာ(ဦးသာမြတ်)
ပုဂံခေတ်မတိုင်မီက မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာကိုးကွယ်မှု ခင်ဘကုန်းတွေ့ရှိချက်များ
(ဦးကျော်မျိုးဝင်း)

# ကမ္ဘာ့နှလုံးနေ့

## ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၉ ရက်နေ့ဟာ ကမ္ဘာ့နှလုံးနေ့ (World Heart Day) နေ့ ဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ဆောင်ပုဒ်ကတော့ "Use heart to beat Cardiovascular Disease" ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်ရဲ့ အရေးကြီးဆုံးအင်္ဂါတစ်ခုဖြစ်တဲ့ နှလုံးကို ဂရုပြုထိန်းသိမ်းကြဖို့ နှလုံးရောဂါ၊ သွေးတိုးနဲ့ လေဖြတ်ခြင်းတို့ကို လူသားများအသိ သတိရှိရှိ နီးကြားစွာ ကာကွယ်နိုင်ကြစေဖို့ နှိုးဆော်တဲ့အနေနဲ့ ဒီလိုနေ့တစ်နေ့သတ်မှတ်ပြီး ကျင်းပကြတာ ဖြစ်ပါတယ်။**







The World Heart Federation ကမ္ဘာ့နှလုံးအသင်းကြီးဆိုပြီး ဖွဲ့စည်းထားကာ လူသားများရဲ့ နှလုံးကျန်းမာရေးအတွက် အဘက်ဘက်က အထောက်အကူပြုလျက်ရှိပါတယ်။ The World Heart Federationရဲ့ လေ့လာမှုများအရ နှလုံးရောဂါများနဲ့ လေဖြတ်ခြင်းတို့ဟာ ကမ္ဘာ့နံပါတ် ၁ လူသတ်ရောဂါများ ဖြစ်ကြပြီး တစ်နှစ်လျှင် လူပေါင်း ၁၈ သန်းခန့် သေဆုံးနေရကြောင်း သိရပါတယ်။ ၂၀၃၀ ပြည့်နှစ်ခန့်မှာ အဲဒီသေဆုံးနှုန်းဟာ၂၃ သန်းခန့် ရှိလာနိုင်မယ်လို့ ခန့်မှန်းပါတယ်။ အသက် ၃၀ နဲ့ ၇၀ အကြားရှိသူများမှာ သေဆုံးသူ ၁၀ ဦးလျှင် အနည်းဆုံး တစ်ဦးခန့်နဲ့ သေဆုံးသူပေါင်းရဲ့ ၃၀ ရာခိုင်နှုန်းကျော်ဟာ နှလုံးနဲ့သွေးကြောဆိုင်ရာရောဂါများကြောင့် ဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ Premature Deaths ခေါ် အရွယ်မတိုင်မီ သေဆုံးရမှုများရဲ့ ၈၀ ရာခိုင်နှုန်းမျှ ရှိနိုင်တယ်လို့လည်း ခန့်မှန်းကြောင်း သိရပါတယ်။ ကင်ဆာ၊ ထိခိုက်မှုများ (Accidents)နဲ့ အခြားရောဂါကြီးများကြောင့် သေဆုံးနေရမှုများထက် ပိုများနေဆဲဖြစ်ပါတယ်။

### အန္တရာယ်ရှိသော စားသောက်နေထိုင်မှုပုံစံများ

ဒီလိုဖြစ်ပွားနေရခြင်းဟာ ယနေ့ လူသားအများစုရဲ့ စားသောက်နေထိုင်မှုပုံစံများကြောင့် ဖြစ်ပါတယ်။ ဆေးလိပ်သောက်တာ၊ အဆီအဆိမ့်၊ အကင်စာ၊ အရက်အလွန်အကျွံ သောက်ကြ၊ စားကြတာ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးကြတာ၊ မိမိတို့နဲ့ ကိုက်ညီတဲ့ ကိုယ်အလေးချိန် မထိန်းနိုင်ကြတာ၊ စိတ်အလိုမကျ၊ စိုးရိမ်သောကတွေ ဖိစီးလာတာ၊ ဆီးချို၊ သွေးတိုးရောဂါတွေအဖြစ် များလာတာတွေကြောင့် ဖြစ်ပါတယ်။ လူ့နှလုံးဟာ လက်သီးဆုပ်အရွယ် ကြွက်သားအစုဖြစ်ပြီး တစ်မိနစ်ကို ပျမ်းမျှ ၇၂ ကြိမ်နှုန်းနဲ့ သက်တမ်း ၆၆ နှစ်ရှိသူအတွက် အကြိမ်ပေါင်း ၂ ဒသမ ၅ ဘီလီယံမျှ ခုန်နေတာ ဖြစ်ပါတယ်။ နှလုံးခုန်တယ်ဆိုတာ သွေးများကို တစ်ကိုယ်လုံးဆီ ညှစ်ထုတ်ပေးတာဖြစ်ပြီး တစ်မိနစ်ကို သွေး ၄ ဒသမ ၅ - ၅ ဒသမ ၇ လီတာမျှနှုန်းနဲ့ ညှစ်ထုတ်ပို့ပေးပါတယ်။ နှလုံးရဲ့ အလေးချိန်ဟာ အမျိုးသမီး ၂၅၀-၃၀၀ ဂရမ်၊ အမျိုးသား ၃၀၀-၃၅၀ ဂရမ်မျှ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားတွေကပိုပြီး နှလုံးကြီးကြလေ့ရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လူ့နှလုံးဟာ သန္ဓေအောင်ပြီး ၂၂ ရက်အကြာမှာ စတင်ဖြစ်ပေါ်ပါတယ်။ နောက်ဆုံးသွေးပေါ်ရက်ကနေဆို ငါးပတ်အကြာမှာ ဖြစ်နေပြီလို့လည်း ဆိုနိုင်ပါတယ်။

သန္ဓေသား နှလုံးကလေးဟာ ပထမကိုယ်ဝန်ဆောင်စဉ်ကာလမှာ တစ်မိနစ်ကို ၁၆၅ - ၁၈၅ နှုန်းခုန်နေပြီဖြစ်ပါတယ်။ နှလုံးကနေ သွေးလွှတ်ကြောနဲ့ သွေးပြန်ကြော စနစ်များကို တည်ဆောက်ပြီး တစ်သက်တာလုံးတာဝန်ထမ်းဆောင်ပါတော့တယ်။ အရွယ်ရောက်ပြီးသူတစ်ယောက်ရဲ့ နှလုံးဟာ တစ်နှစ်ကို အကြိမ်ပေါင်း ၄၀၀၀၀၀၀၀ မျှ ခုန်ရပါတယ်။ တစ်နာရီအတွင်းမှာ နှလုံးရဲ့ လုပ်အားကြောင့် စွမ်းအင်ထွက်မှုဟာ အလေးချိန် တစ်တန်လောက်ရှိတဲ့ ဝန်တစ်ခုကို မြေပြင်ကနေ တစ်ကိုက်လောက် မြောက်သွားအောင်လုပ်နိုင်တဲ့ စွမ်းအင်နဲ့ ညီပါတယ်။ ၈၀ ရာခိုင်နှုန်းသော နှလုံးရောဂါကြောင့် သေဆုံးရမှုများဟာ ကာကွယ်လို့ ရနိုင်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှု၊ ဆေးလိပ်ဖြတ်မှု၊ သွေးတိုး၊ ဆီးချိုရောဂါများကို စနစ်တကျကုသမှု၊ ကျန်းမာရေးစစ်ဆေးခြင်း မှန်မှန်လုပ်မှု စသည်များ ဆောင်ရွက်ခြင်းဖြင့် ကာကွယ်နိုင်ပါတယ်။ ကလေးငယ်များဆိုရင် Rheumatic Heart Disease ခေါ် လေးဖက်နာ နှလုံးရောဂါကိုလည်း ကောင်းစွာစစ်ဆေး ကုသနိုင်ရင် ကလေးများစွာရဲ့ အသက်များကို ကယ်တင်နိုင်ပါတယ်။

### ကျန်းမာစေကြောင်း ခြေလှမ်းတစ်သောင်း

တစ်နေ့ကို အနည်းဆုံးခြေလှမ်းတစ်သောင်း လျှောက်ပေးပါလို့ နှိုးဆော်ကြပါတယ်။ ဒါကြောင့် ကျန်းမာစေကြောင်း ခြေလှမ်းတစ်သောင်းလို့တောင် ပြောချင်ပါတယ်။ လမ်းလျှောက်သွားလို့ရတဲ့ ခရီးကို လမ်းပဲလျှောက်ပါ။ လှေကား တက်နိုင်သလောက် တက်ပါ။ အသက်ကြီးသူများလည်း ကိုယ်တတ်နိုင်သလောက် သွားလာလှုပ်ရှားပါ။ Walk for the heart ဆိုပြီး နှလုံးကျန်းမာ၊ လူ့ကျန်းမာရေးအတွက် တပ်လှန့်ဆောင်ရွက်နေကြပါပြီ။

ယခုနှစ်ရဲ့ ဆောင်ပုဒ် "Use Heart to Beat Cardiovascular Disease" အရ Your Head သင့်ရဲ့ ခေါင်းကို သုံးပါတဲ့။ နှလုံးကျန်းမာအောင် ပြုစုပျိုးထောင်အသိပညာ ဗဟုသုတများကို လေ့လာမှတ်သား ကျင့်သုံးဖို့ ဆိုလိုတာဖြစ်ပါတယ်။ နောက်တစ်ခုက Your Influence လူတစ်ယောက်စီဟာ သူ့မိသားစု အပါအဝင် သူ့ရဲ့ လူ့အဖွဲ့အစည်း၊ ချစ်ခင်သူများအတွက် အရေးပါသူများ ဖြစ်ကြပါတယ်။ မိမိကိုယ်တိုင်က နှလုံးကျန်းမာရေးကို အလေးထားစောင့်ရှောက်မယ်ဆိုရင် မိမိအနီးက သူတွေအပေါ်မှာလည်း လွှမ်းမိုးမှုရှိလာမှာဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်သူ တစ်ဦး ဖြစ်ရင်လည်း မိမိလူနာများရဲ့ နှလုံးကျန်းမာမှုတို့ အတွက် ဆောင်ရွက်ပေးနိုင်မယ်။ အလုပ်ရှင်ဖြစ်ရင် မိမိလုပ်သားများအတွက်၊ နောက်ဆုံးနိုင်ငံရဲ့ အစိုးရဖြစ်ရင် တစ်နိုင်ငံလုံးက နိုင်ငံသားအားလုံးအတွက် ကျန်းမာသော နှလုံးပိုင်ရှင်များ ဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်မယ့်အကြောင်း ဆိုလိုပါတယ်။ ပြီးတော့ Your Compassion မိမိရဲ့ ကရုဏာတရားနဲ့ နှလုံးရောဂါဝေဒနာရှင်များ အခုလို ကိုဗစ်-၁၉ ရောဂါကာလမှာ ထိခိုက်လွယ်တဲ့ နှလုံးရောဂါရှင်များကို အထူးအလေးထား ပြုစုစောင့်ရှောက်ဖို့၊ အကောင်းဆုံးဆောင်ရွက်နိုင်ဖို့ တိုက်တွန်းလိုတာလည်း ဖြစ်ပါတယ်။

The World Heart Day မှာ နိုင်ငံပေါင်း ၂၀၀ ကျော်ခန့်က အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ကြပါတယ်။ လှုပ်ရှားမှုများအနေနဲ့ ကျန်းမာရေး စစ်ဆေးခြင်းများ၊ အားကစား လှုပ်ရှားမှုများ၊ ပြိုင်ပွဲများကျင်းပခြင်း၊ လူထုကို ကျန်းမာရေး ပညာပေးခြင်းများ၊ အနုပညာဖျော်ဖြေပွဲ များ ကျင်းပခြင်း၊ ဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပြပွဲများ ကျင်းပခြင်း၊ လှည့်လည်ပွဲများ ကျင်းပခြင်းတို့ ပါဝင်လေ့ရှိပါတယ်။ အခုလို ကိုဗစ်-၁၉ ရောဂါကာလမှာတော့ သင့်တော် မယ့်နည်းလမ်းများနဲ့ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

### နောက်ဆက်တွဲ လေဖြတ်ခြင်း

နှလုံးရောဂါ၊ သွေးတိုးရောဂါများကြောင့် လေဖြတ်ခြင်းကလည်း ဖြစ်တတ်ပြီး လေဖြတ်မှုကြောင့် မသန်စွမ်းဖြစ်မှု၊ ဆေးကုသကုန်ကျစရိတ်များမှု၊ လုပ်အားဆုံးရှုံးမှု၊ မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှု စသည်များနဲ့အတူ သေဆုံးရတဲ့အထိ ဖြစ်တတ်ပါတယ်။ မကြာမီက ဆရာဝန်ကြီးတစ်ဦးပြောဆိုချက်အရ "မြန်မာနိုင်ငံမှာ စာရင်းဇယား အတိအကျမရလို့ ကျွန်တော်ထင်တာ ပြောရရင် လေဖြတ်လို့ သေကြတာ အများဆုံးဖြစ်မယ်" လို့တောင် ပြောပါတယ်။ ဒါကြောင့် Risk factors လို့ခေါ်တဲ့ နှလုံးရောဂါနဲ့ လေဖြတ်နိုင်ခြင်းတွေကို ဖြစ်စေနိုင်တဲ့ အောက်ပါအချက်များကို သတိပြုစေလိုပါတယ်။

၁။ သွေးတိုးခြင်း၊ သွေးအတွင်း အဆီဓာတ်မြင့်မားခြင်း၊ သွေးချိုမြင့်မားခြင်း။

၂။ ဆေးလိပ်သောက်ခြင်း။

၃။ သစ်သီး၊ ဟင်းသီးဟင်းရွက်များ စားသုံးမှုနည်းပါးခြင်း။

၄။ ကိုယ်အလေးချိန်တိုးခြင်း၊ အဝလွန်ခြင်း။

၅။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း စသည်တို့ကို အထူးဂရုပြု ပြုပြင်သင့်ပါတယ်။

နှလုံးကျန်းမာရေးအတွက် မိမိကိုယ်အလေးချိန်ကို သင့်တင့်တဲ့ အခြေအနေမှာ ထိန်းထားပါ။ ဟင်းသီးဟင်းရွက်၊ သစ်သီးများများ စားသုံးပါ။ အစေ့အဆန်များ ရွေးချယ် စားသုံးပါ။ မသင့်လျော်သော အဆီများနဲ့ အဆီဓာတ်များ လျှော့ချပါ။ အဆီဓာတ်နည်းသော အသားဓာတ်ကို ရွေးချယ်စားသုံးပါ။ ဆား လျှော့စားပါ။ နေ့စဉ်စားသုံးမှုကို စနစ်တကျ စီစဉ်ဆောင်ရွက်ပါ။ လိုအပ်ပါက ဆေးကုသမှု ခံယူပါ စသည်တို့ဖြစ်ပါတယ်။

### နှလုံးရောဂါနှင့် ကိုဗစ်-၁၉

အခုအခါ ကိုဗစ်-၁၉ ရောဂါကြီးကို တစ်ကမ္ဘာလုံး ရင်ဆိုင်နေကြရပါတယ်။ ဒီရောဂါဟာ လူ့ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေရာမှာ နှလုံးကိုလည်း ထိခိုက်စေနိုင်ပါတယ်။ The Texas University Science Centre at Houston ဟူစတန်မြို့ရှိ တက္ကဆက်စ်တက္ကသိုလ်သိပ္ပံဌာနမှ သုတေသီတို့ရဲ့ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ တို့သည် နှလုံးကိုလည်း ထိခိုက်စေနိုင်ကြောင်း နဂိုက နှလုံးရောဂါအခံမရှိသူများမှာ နှလုံးထိခိုက်ခံရမှုများ ရှိနိုင်ကြောင်း သိရပါတယ်။ Dr. Mohammad Madjid လေ့လာသူအကြီးအကဲ ဒေါက်တာမိုဟာမက် မက်ဂျစ်ဆိုသူက "အရင်က နှလုံးရောဂါမရှိသူ၊ နှလုံးကောင်းပါတယ်ဆိုတဲ့ သူတွေမှာတောင် ကိုဗစ်-၁၉ ကြောင့် နှလုံးကြွက်သားတွေ ထိခိုက်ပျက်စီးနိုင်တာ တွေ့ရခြင်းဖြစ်ပါတယ်။ ဒါကြောင့် နှလုံးရောဂါ တစ်မျိုးမျိုးရှိပြီးသူတွေဆို ပိုသတိထားရပါမယ်" လို့ ဆိုပါတယ်။

ကမ္ဘာကျော် မေယိုကလင်းနစ် နှလုံးရောဂါဌာနမှ ဌာနမှူး ဒေါက်တာလက်စလီကူးပါးက "နှလုံးရောဂါအခံရှိသူများအနေနဲ့ ကိုဗစ်- ၁၉ ပိုး ကူးစက်ထိခိုက်မှုကို အထူးသတိထားကြရပါမယ်။ သူတို့မှာ ဖြစ်ရင် သိပ်ပြင်းထန်နိုင်ပါတယ်" လို့ ဆိုပါတယ်။ ကိုဗစ်-၁၉ ကြောင့် အသက်ရှူလမ်းကြောင်း ထိခိုက်ပျက်စီးနေပြီဆိုရင် နှလုံးရဲ့ စွမ်းဆောင်မှုတွေလည်း ကျဆင်းလာပါတယ်။ Systemic Inflammatory response ခေါ်တဲ့ ကူးစက်ရောဂါကို ခန္ဓာကိုယ်ရဲ့ အင်္ဂါစနစ်အသီးသီးက ခုခံတုံ့ပြန်မှုကြောင့် နှလုံးအပါအဝင် အရေးကြီးကိုယ်တွင်းအင်္ဂါများရဲ့ ကြံ့ခိုင်မှုများ ကျဆင်းလာတတ်ပါတယ်။ ဒီဖြစ်ရပ်ရဲ့ နောက်ဆက်တွဲအဖြစ် နှလုံးထိခိုက်နိုင်တာဖြစ်ပါတယ်။ တချို့ဆို direct viral infection to heart နှလုံးဆီ ဗိုင်းရပ်စ်ပိုးက တိုက်ရိုက် ဝင်ရောက်နိုင်တာလည်း ဖြစ်တတ်ပါတယ်။

"ကိုဗစ်-၁၉ နဲ့ နှလုံးတို့နဲ့ ပတ်သက်ပြီး အောက်ပါအချက် (၂) ချက်ကို သတိပြုစေလိုပါတယ်" လို့လည်း ပြောကြားပါတယ်။

၁။ Heart Failure နှလုံးပျက်စီးခြင်းရောဂါ။

ဒီရောဂါဟာ နှလုံးကြွက်သားများ အားပျော့ပျက်စီးတာဖြစ်ပါတယ်။ နှလုံးကနေ သွေးတွေကို အလုံအလောက် ညှစ်ထုတ်မပို့ပေးနိုင်လို့ ခန္ဓာကိုယ်ကို ထိခိုက်ပျက်စီးစေတာ ဖြစ်ပါတယ်။

၂။ Abnormal Heart Rhythms နှလုံးခုန်မှုမှန်ခြင်း။

နှလုံးဟာ စည်းချက်ကျကျ၊ နရီ rhythm မှန်မှန်ခုန်နေမှ ဇီဝယန္တရားကလည်း ပုံမှန်လည်ပတ်နေမှာ ဖြစ်ပါတယ်။

### နှလုံးကျန်းမာစေရာ၊ အိမ်မှာနေပါ

ဒီလိုဖြစ်နေတဲ့ အခြေအနေမျိုးမှာ ကိုဗစ်-၁၉ ကူးစက်ခံရရင် ပိုမိုထိခိုက်စေနိုင်ပါတယ်လို့ သိရပါတယ်။

ကိုဗစ်-၁၉ ကြောင့် အဆုတ်ပျက်စီးကာ အဆုတ်အတွင်း အတွင်းဖိအားများလာခြင်း၊ ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုကြောင့် နှလုံးကြွက်သား ရောင်ရမ်းခြင်း myocarditis ဖြစ်လာ နိုင်ပါတယ်။ နှလုံးမကောင်းတဲ့သူများ ကိုဗစ်-၁၉ ကြောင့် ပိုမိုထိခိုက်နိုင်ခြေ ရှိနိုင်တာကိုတော့ သတိပြုရပါမယ်လို့ ဒေါက်တာကူးပါးက ဆိုပါတယ်။

အသက်ကြီးသူများမှာ နှလုံးသွေးကြောဆိုင်ရာ ပြဿနာများ (ဥပမာ-နှလုံးသွေးကြောကျဉ်းခြင်း) သို့မဟုတ် သွေးတိုးရောဂါရှိနေပါက အလားတူ ထိခိုက်နိုင်တာမို့ သတိပြုကြရပါမယ်။ တချို့လူငယ်များမှာလည်း နှလုံးကိုဗိုင်းရပ်စ်ပိုး တိုက်ရိုက်ကူးစက် တိုက်ခိုက်တာ ဖြစ်နိုင်ပါတယ်လို့ သိရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ နှလုံးရောဂါ ဆက်စပ်နိုင်မှုများကို အရေးတကြီး လေ့လာဖို့ လိုအပ်နေပြီမို့ American Heart Association and National Institutes of Health တို့က ဆောင်ရွက်နေပြီလို့လည်း သိရပါတယ်။

ဒီ ကိုဗစ်-၁၉ ရောဂါဟာ ၂၁ ရာစု လူသားများ တစ်ကြိမ်တစ်ခါမှ မကြုံကြဖူးသေးတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ ခေတ်လူသားများ အရှိန်အဟုန်ပြင်းစွာ လှုပ်ရှားသွားလာနေကြမှုများကို လုံးဝရပ်တန့်လိုက်လို့ ထိခိုက်ဆုံးရှုံးရမှုများစွာ ကြုံတွေ့ကြရပါတယ်။ လူတစ်ဦးချင်းကအစ နိုင်ငံအဆင့်အထိ ဆုံးရှုံးရမှုများ ရင်ဆိုင်ကြရပါတယ်။ လွတ်လပ်ခြင်းနဲ့ လုံခြုံမှုကင်းမဲ့ခြင်းတို့ရဲ့ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရပါတယ်။ စိတ်ဖိစီးမှုများစွာ ခံစားကြရပါတယ်။ ဒါကြောင့် risk for all sorts of stress-related illnesses ဆိုတဲ့ စိတ်ဖိစီးမှုနဲ့ ဆက်စပ်တဲ့ ကိုယ်စိတ်ထိခိုက်မှုဝေဒနာများ ရင်ဆိုင်နိုင်ကြပါတယ်။ သွေးတိုး၊ နှလုံး၊ ဆီးချို စသည်ဖြင့် အဖြစ်များနေတဲ့ Non-communicable diseases မကူးစက်နိုင်သော်လည်း ကျယ်ပြန့်စွာဖြစ်ပွားနေတဲ့ ရောဂါဖြစ်ပွားနေသူများအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို အထူးဂရုပြုသင့်ပါတယ်။ Staying heart-healthy နှလုံးကို သတိပြုထိန်းသိမ်းပါ၊ အိမ်မှာနေပါဆိုတဲ့အတိုင်း နှလုံးကျန်းမာဖို့ ဂရုပြုကြ၊ ကိုဗစ်- ၁၉ ကို ကာကွယ်ဖို့ အိမ်မှာနေကြ လိုက်နာရမယ့် အချက်တွေကို လိုက်နာကြဖို့ လိုအပ်လှပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ကျရောက်တဲ့ "World Heart Day" ကမ္ဘာ့နှလုံးနေ့မှာ နှလုံးကျန်းမာရေးကို စောင့်ရှောက်ကြဖို့နဲ့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် နှလုံးကိုလည်း ထိခိုက်စေတာမို့ "Staying heart-healthy, stay at home"နှလုံးကျန်းမာစေရာ၊ အိမ်မှာနေပါလို့နဲ့ ဂရုပြုကြဖို့ တိုက်တွန်း နှိုးဆော်အပ်ပါတယ် ခင်ဗျာ။ ။

## ဗဟန်းမြို့နယ်မှ ပိတ်ထားသောလမ်းအချို့ရှိ ပြည်သူများအတွက် အခြေခံစားသောက်ကုန်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားသည့် အတည်ပြုလူနာ တွေ့ရှိခဲ့သော ရပ်ကွက်အချို့မှ လမ်းအချို့ကို အဝင်အထွက်ပိတ်ထားရာ အဆိုပါလမ်းများတွင် နေထိုင်ကြသည့် အိမ်ထောင်စုဝင်များ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် We Love Yangon အဖွဲ့နှင့် We Love Bahan အဖွဲ့တို့က စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်များကို အိမ်အရောက် လိုက်လံပေးအပ် လှူဒါန်းခဲ့ကြသည်။

ဗဟန်းမြို့နယ်အတွင်းရှိ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ ဆရာစံ(မြောက်/အနောက်)ရပ်ကွက်)၊ ဆရာစံတောင်ရပ်ကွက်နှင့် ကျိုက္ကဆံရပ်ကွက်တို့အတွင်းရှိ လမ်းအချို့ကို အဝင်အထွက်ပိတ်ထားပြီး အဆိုပါလမ်းများမှ ပြည်သူများမှာ နေအိမ်၌ အသွားအလာကန့်သတ်၍ နေထိုင်လျက်ရှိရာ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် We Love Yangon အဖွဲ့၊ We Love Bahan အဖွဲ့နှင့် ရပ်ကွက်အတွင်းနေ စေတနာရှင် ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးသေတ္တာဘူး၊ ငါးခြောက်ကြော်၊ ဘာလချောင်ကြော်၊ ရှူးရှဲလက်ဖက်၊ ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်ထုပ် စသည့် အခြေခံစားကုန်များနှင့်အတူ နှာခေါင်းစည်းများကို လိုက်လံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ We Love Yangon အဖွဲ့နှင့် We Love Bahan အဖွဲ့ ပူးပေါင်း၍ ကျန်ရှိသော ရပ်ကွက်များရှိ အဝင်အထွက်ပိတ်ထားသော လမ်းအချို့မှ မိသားစုများအတွက်လည်း အခြေခံစားကုန်များ ဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**




## လှိုင်မြို့နယ်မှ စည်ပင်သာယာဝန်ထမ်းနှင့် သန့်ရှင်းရေးဝန်ထမ်းများအား အလှူရှင်များက ဆန်၊ ဆီနှင့် မုန့်များ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်းမှ ကိုဗစ်-၁၉ သံသယရှိသူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနေသော စင်တာများတွင် တာဝန်ထမ်းဆောင်နေကြသည့် စည်ပင်သာယာမှ တာဝန်ရှိ ဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၁၆၀ နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၀ အတွက် ဆန်၊ ဆီနှင့် မုန့်များကို အလှူရှင်များက လှူဒါန်းခဲ့သည်။

အလှူရှင်များက လှူဒါန်းထားသော ဆန်ခြောက်ပြည်ပါ ဆန်အိတ် အလုံး ၂၀၀ နှင့် M-Pride ကုမ္ပဏီက လှူဒါန်းထားသော မုန့်မျိုးစုံနှင့် ဆီဘူး ၂၀၀ တို့ကို လှိုင်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက လှိုင်မြို့နယ် စည်ပင်သာယာရုံး၌ စည်ပင်ဝန်ထမ်းများထံ စက်တင်ဘာ ၂၇ ရက်က ပေးအပ်ခဲ့ခြင်းဖြစ်သည်။

လှိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းများ မဖြစ်ပေါ်စေရေး၊ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သည့် ရောဂါကူးစက်နိုင်ချေရှိသူများအား အသွားအလာကန့်သတ် စောင့်ကြည့်ရန် စင်တာများ ဖွင့်လှစ်ထားသလို လက်ရှိအချိန်တွင် လှိုင်မြို့နယ်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၄၄ ခုတွင် နေအိမ်၌သာ နေထိုင်ကြရန် အမိန့်ထုတ်ပြန်ထားရာ အဆိုပါကာလတွင် လှိုင်မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုသည့် စင်တာများ၌ တာဝန်ထမ်းဆောင်နေကြသည့် စည်ပင်သာယာ ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ နေ့စဉ် စားသောက်ရေးအတွက် တတ်နိုင်သမျှ အဆင်ပြေစေရန် ရည်ရွယ်လျက် အလှူရှင်များက တစ်ဖက်တစ်လမ်းမှ တတ်အားသရွေ့ ပါဝင်ကူညီ လှူဒါန်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

**ကြည်ဇေသော်(ပြန်/ဆက်)**



# အလိုရှိပါသည်

## ခင်မောင်ဌေး(ပညာရေး)

စောစောစီးစီးပဲ စိတ်ချမ်းမြေ့ဖွယ်ရာ ပို့စ်လေးတစ်ခု ဖတ်ရတယ်။ အဲဒါကတော့ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်တဲ့ ဘီလ်ဂိတ်ထက်ကို ပိုချမ်းသာနေသူတစ်ဦးအကြောင်းပါ။

အကျဉ်းမျှတင်ပြရရင် ဘီလ်ဂိတ် ငယ်စဉ်က မချမ်းသာပါဘူး။ ခရီးတစ်ခုသွားတော့ လေဆိပ်မှာ သတင်းစာတစ်စောင် ဝယ်ပါတယ်။ ဒါပေမယ့် အကြွေအနုတ် ပါမလာလို့ သတင်းစာကို မယူတော့ဘူးဆိုပြီး ပြန်ပေးလိုက်တယ်။ ဒါပေမယ့် သတင်းစာရောင်းသမားလေးက အလကား ပေးလိုက်တယ်။ အဲဒီလိုဖြစ်တာ တစ်ခါတည်းမဟုတ်ပါဘူး။ နောက်တစ်ခါ ကြုံပြန်တယ်။ အကြွေ ပါမလာဘူး။ သတင်းစာရောင်းသမားက ထပ်ပြီး အလကားပေးလိုက်တယ်။

နောက် ၁၉ နှစ်အကြာမှာ ဘီလ်ဂိတ်ဟာ ချမ်းသာသွားတယ်။ အဲဒီ သတင်းစာရောင်းသမားကို ပြန်ရှာတယ်။ တွေ့တယ်။ တွေ့တဲ့အချိန်မှာ သတင်းစာရောင်းသမားကလည်း ဘီလ်ဂိတ်ကို သိနေတယ်။ တစ်ချိန်က သူကူညီခဲ့တာကိုလည်း မှတ်မိတယ်။

ဘီလ်ဂိတ်က သတင်းစာရောင်းသမားကို တစ်ချိန်တုန်းက ကူညီပေးခဲ့တဲ့အတွက် ကျေးဇူးပြန်ဆပ်ချင်တယ်။ သင့်ဘဝမှာ လိုတာရှိရင် ပြောပါ။ ဖြည့်ဆည်းပေးပါ့မယ် ဆိုတော့ သတင်းစာရောင်းသူက ပြန်ပြောတယ်။ "ဆရာရယ် အဲဒီတုန်းက ကျွန်တော်ကူညီခဲ့တဲ့အရာကို သင်ပြန်ဆပ်နိုင်မယ်လို့ မထင်ပါနဲ့"တဲ့။ ဘီလ်ဂိတ်က ဘာကြောင့်လဲလို့ ပြန်မေးလိုက်တော့ သတင်းစာရောင်းသူက "ကျွန်တော်ဟာ ဆင်းရဲတဲ့ သတင်းစာရောင်းသူတစ်ဦး ဖြစ်နေတဲ့အချိန်မှာ သင့်ကို ကူညီခဲ့တယ်။ သင်ဟာ အခု ကမ္ဘာပေါ်မှာ အချမ်းသာဆုံးလူ ဖြစ်နေတဲ့အချိန်ကျမှသာ ကျွန်တော့်ကို ကူညီချင်နေတာ ဖြစ်တယ်။ ကျွန်တော့်ရဲ့ကျေးဇူးကို ဘယ်လိုပြန်ဆပ်နိုင်မှာလဲ"လို့ ဖြေတယ်။

> **"အလှူအတန်းစိတ်ဆိုတာ နှလုံးသားက ယိုစိမ့်လာတဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ စာနာမှုတရားတို့ကြောင့်သာ ပေါက်ဖွားလာနိုင်ခြင်းပါ။ ဘယ်လောက်ပဲ ကြွယ်ပိုးကြွယ်ဝ ချမ်းသာနေစေကာမူ လှူဒါန်းလိုစိတ် မယိုဖိတ်ခဲ့ရင် မလှူဒါန်းဖြစ်ပါဘူး။ လှူဒါန်းချင်စိတ်ရှိသူကတော့ အပြန်အတွက် ဘတ်စ်ကားခလေး ၂၀၀ လောက်ကျန်ရင် ရပြီ။ ကျန်တဲ့ အကြွေအနုတ်လေးကို ဝေငှနိုင်သေးတာပါပဲ"**

ဒီအချိန်မှာ ဘီလ်ဂိတ် ရလိုက်တဲ့ အသိတရားကတော့ "သတင်းစာရောင်းတဲ့သူဟာ သူ့ထက် ချမ်းသာတဲ့သူပဲ။ ဘာကြောင့်လဲဆိုတော့ သူဟာ တစ်ယောက်ယောက်ကို ကူညီဖို့ရာ ချမ်းသာတဲ့အချိန်အထိ မစောင့်ခဲ့လို့ပဲ။ အမှန်တကယ် ချမ်းသာသူဆိုတာ ငွေကြေးအမြောက်အမြား ပိုင်ဆိုင်တာထက် ချမ်းသာကြွယ်ဝတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတဲ့သူဖြစ်တယ်။ အဲဒီလို ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိဖို့ လိုပါတယ်"တဲ့။ အကြောင်းအရာ အချုပ်ကတော့ ဒါလေးပါပဲ။

ဒီကနေ့ လူ့အဖွဲ့အစည်းတွင်းမှာကိုပဲ ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိပါတယ်။ "မရှိလို့ မလှူ၊ မလှူလို့ မရှိ"ဆိုတဲ့ စကားပါပဲ။ တစ်ခါ အလှူဆိုတာ ထောင်သောင်း သိန်းသန်းချီပြီးလှူမှ အလှူမဟုတ်ဘူး။ စေတနာ သုံးတန် ပြဋ္ဌာန်းပြီး လှူရတယ်တဲ့။ လှူတတ်ရင် ညောင်စေ့လောက်လှူလည်း ညောင်ပင်ကြီးလောက်ရသလို မလှူတတ်ပြန်တော့လည်း ညောင်ပင်ကြီး လောက်လှူတာတောင် ညောင်စေ့လောက်ပဲ ရနိုင်ပါသတဲ့။

ဒီသဘောတရားတွေ၊ ဒီအသိတွေဟာ လူသားတွေရဲ့ နှလုံးသားထဲမှာ မရှိဘူးလား ဆိုတော့လည်း မဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက ဘာသာ သာသနာ အဆုံးအမတွေဆိုတာ မြန်မာလူမျိုးတို့ရဲ့ စိတ်ထဲမှာ ကိန်းအောင်းနေပြီးသားပါ။ ကြီးမြင့်လာတဲ့အခါမှာ အဲဒီ အဆုံးအမတွေကို အမြဲမပြတ် နှလုံးသွင်းနေသူတွေမှာတော့ အထူးပြောစရာ မရှိပေမယ့် ဘာသာတရားအသိနဲ့ ကင်းကွာလေလေ ပြုမူကျင့်ကြံ အားထုတ်မှုတွေဟာ အပြင်ဘက်ကို ရောက်မှန်းမသိ ရောက်ကုန်တတ်တယ်။ ဘယ်သူမပြု မိမိမှုတွေပါပဲ။

စာရေးသူတို့ အပြင်ထွက်တိုင်း တွေ့ရတတ်တဲ့ မြင်ကွင်းတစ်ခုက မီးပွိုင့်တွေမှာ အဘိုးအိုတွေ အဘွားအိုတွေဟာ အိုမင်းမစွမ်းနဲ့တောင်းရမ်းရင်း ဘဝနေဝင်ချိန်ကို စောင့်နေကြတဲ့ မြင်ကွင်းပါ။ မီးစာကုန် ဆီခန်းဆိုတဲ့ အရွယ်တွေ။ စာရေးသူအနေနဲ့ သူတို့ကို ဘယ်နေရာမှာတွေ့တွေ့ အကြွေအနုတ်လေး ငါးရာ၊ တစ်ထောင်မှ မပေးလိုက်ရရင် စိတ်မကောင်းဖြစ်မိတယ်။ ကိုယ်တွေပေးလိုက်တဲ့ ငါးရာ၊ တစ်ထောင်ဟာ ကိုယ့်တစ်ယောက်အတွက် ဘာမှ မထောင်းသာလှပေမယ့် ကိုယ်လိုပဲ ပေးသူတွေကြောင့် ဒီလိုဘိုးဘွားတွေအတွက် အထောက်အပံ့နည်းနည်း ဖြစ်နိုင်မှာပေါ့။

နိုင်ငံတွင်းမှာ ကိုဗစ်ဖြစ်လိုက်တော့လည်း ပရဟိတစိတ်ရှိသူတွေရဲ့ ချမ်းသာကြွယ်ဝတဲ့ နှလုံးသားတွေက အရင်ငုပ်လျှိုးနေခဲ့ရာကနေ ဘွားခနဲ ပေါ်လာတာပါပဲ။ အံ့အားသင့်စရာကောင်းလောက်အောင် အမြို့မြို့ အနယ်နယ် အရပ်ရပ်မှာ လှူဒါန်းကြတာ တွေ့ကြရတယ်။ အလှူရှင်တွေရဲ့ စေတနာဟာ တစ်သက်စာ မဟုတ်ပေမယ့် အဆင်မပြေသူတွေအတွက် တစ်ပတ်စာ နှစ်ပတ်စာ ရတယ်ဆိုရင်ကိုပဲ ရေနစ်သူအဖို့ မြက်ကလေးတစ်မျှင် ဆွဲလိုက်နိုင်သလိုပါပဲ။

ဒီနေရာမှာ အထူးပြုပြီး ပြောလိုတာကတော့ ဘယ်ခေတ် ဘယ်အခါကမှ မကြားခဲ့ဖူးတဲ့ လှူဒါန်းထောက်ပံ့မှုအကြောင်းပါပဲ။ ကိုဗစ်ဖြစ်လိုက်တဲ့အခါ လူတိုင်း အခက်အခဲဖြစ်ကြရတယ်။ အထူးသဖြင့် အခြေခံလူတန်းစားတွေ ပိုအထိနာတာပေါ့။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက တတ်နိုင်တဲ့ငွေကြေးနဲ့ ပစ္စည်း အထောက်အပံ့တွေကို ပံ့ပိုးပေးခဲ့တယ်။ တစ်နိုင်ငံလုံးက အခြေခံလူတန်းစား မိသားစုတွေကို ပထမဆုံးအကြိမ်မှာ အခြေခံစားကုန်တွေ ထောက်ပံ့ခဲ့ပြီး နောက်အကြိမ်တွေမှာ ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ပေးခဲ့တယ်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ခေတ္တရပ်တန့်သွားပြီး ပြန်စတင်ခဲ့တဲ့ ရခိုင်ပြည်နယ်အတွက်လည်း စားနပ်ရိက္ခာတွေ မပြတ်လပ်စေဖို့ အာမခံရင်း လက်တွေ့ကျကျ ဖြည့်တင်းပေးနိုင်ခဲ့တယ်။ ရခိုင်ပြည်နယ်က ဆရာ ဆရာမတွေကို ငွေကြေး ထောက်ပံ့ပေးခဲ့တဲ့အပြင် တစ်ပြည်လုံးက ဝန်ထမ်းတွေကို အတိုးမဲ့ နှစ်လစာ ချေးငွေထုတ်ပေးဖို့နဲ့ ခြောက်လပြည့်ပြီးမှသာ ၁၀ လ အရစ်ကျစနစ်နဲ့ ပြန်ဆပ်ဖို့ အစီအစဉ်ကို ပြုလုပ်ပေးနိုင်ခဲ့တယ်။ နိုင်ငံ့ဝန်ထမ်းတွေ အားလုံးအတွက် ချေးငွေသန်းပေါင်းများစွာ လျာထားသလို မိသားစုလိုက် ထောက်ပံ့မှုတွေကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိနေတာကို တွေ့မြင်နေရပါတယ်။

တစ်နိုင်ငံလုံးက ဆင်းရဲချမ်းသာမရွေး မိသားစုအားလုံးအတွက်ဆိုရင်လည်း လာမယ့် ဒီဇင်ဘာလအထိ အိမ်သုံးမီတာ ယူနစ် ၁၅၀ အထိကို ကင်းလွတ်ခွင့်ပေးနိုင်ခဲ့တယ်။ ဒါတွေဟာ လူသားချင်းစာနာတတ်တဲ့ အစိုးရတစ်ရပ်ရဲ့ ဂုဏ်သိက္ခာရှိတဲ့ သမိုင်းဝင် ပြယုဂ်တစ်ခုပါပဲ။ တစ်နည်းအားဖြင့် နှလုံးသားရှိသူတွေရဲ့ ချမ်းသာခြင်းတစ်မျိုးပါပဲ။

ခက်တော့ ခက်ပါတယ်။ အလှူအတန်းစိတ် ဆိုတာ မွေးမြူရယူနိုင်တဲ့အရာ မဟုတ်ပါဘူး။ နှလုံးသားက ယိုစိမ့်လာတဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ စာနာမှုတရားတို့ကြောင့်သာ ပေါက်ဖွားလာနိုင်ခြင်းပါ။ ဘယ်လောက်ပဲ ကြွယ်ပိုးကြွယ်ဝ ချမ်းသာနေစေကာမူ လှူဒါန်းလိုစိတ် မယိုဖိတ်ခဲ့ရင် မလှူဒါန်းဖြစ်ပါဘူး။ လှူဒါန်းချင်စိတ်ရှိသူကတော့ အပြန်အတွက် ဘတ်စ်ကားခလေး ၂၀၀ လောက်ကျန်ရင် ရပြီ။ ကျန်တဲ့ အကြွေအနုတ်လေးကို ဝေငှနိုင်သေးတာပါပဲ။

စာရေးသူမှာ တပည့်တစ်ဦး ရှိခဲ့ဖူးတယ်။ မိဘမျိုးရိုးစဉ်ဆက် ချမ်းသာခဲ့တာဆိုတော့ သားသမီးလက်ထက်မှာလည်း ချမ်းသာကြတာပါပဲ။ သူ အမြဲပြောလေ့ရှိတဲ့ စကားကို ကြားယောင်နေမိတယ်။ "ဆရာရယ် ဘဝမှာ ဆင်းဆင်းရဲရဲနေရမှာ ကျွန်တော်တော့ သိပ်ကြောက်တာပဲတဲ့။ ဒါကြောင့်လည်း အလုပ်ကြိုးစားတယ်။ ငွေကြေး စုဆောင်းတယ်။ မဖြုန်းတီးဘူး"တဲ့။ ဒါဟာ ကောင်းပါတယ်။ ဒါပေမယ့် သူ့ရဲ့ ဖြစ်ထွန်းလာတဲ့ စည်းစိမ်ဥစ္စာတွေ တည်မြဲနေဖို့ရာ ဘယ်လို ကောင်းမှုကုသိုလ်တွေ လုပ်ရမလဲဆိုတာ သိမှသိပ့်မလားရယ်လို့ ပူပန်မိခဲ့ဖူးပါတယ်။

လောကမှာ မရှိတာထက် မသိတာခက်လို့လည်း ဆိုကြပါတယ်။ တကယ်မတည်မြဲတဲ့အရာကို တကယ် တည်မြဲနေတယ်လို့ ထင်ကြတယ်။ မမြဲတဲ့ သင်္ခါရတရားကို အချိန်ဆွဲဆန့်ချင်တတ်ကြတယ်။ သံသရာဆိုတာ တစ်ပတ် ပြန်လည်နိုင်သေးတာပဲ။ အတိတ်ရဲ့ ကုသိုလ်ကံတွေဟာ အနာဂတ်အတွက် ပျိုးပင်ကောင်းတွေ ဖြစ်တယ်ဆိုတာ မမေ့ကြဖို့ လိုအပ်ပါတယ်။

တစ်မူးရလို့ တစ်ပဲလှူ ဒို့ရှမ်းတောင်သူ တုနိုင်ရိုးလား ဆိုတာဟာ ကြွယ်ဝချမ်းသာလှတဲ့ ရှမ်းတိုင်းရင်းသားတို့ရဲ့ နှလုံးသားကို ဖော်ကျူးနေတဲ့ စကားတစ်ခုပါပဲ။ ဒါဟာ ရှမ်းလူမျိုးအားလုံးရဲ့ နှလုံးသားထဲက အလှကို ကိုယ်စားပြုရာလည်း ရောက်ပါတယ်။ အတုယူလေးစားဖွယ်ရာစိတ်ထားလည်း ဖြစ်ပါတယ်။

တကယ်တော့ ဆူကြုံနိမ့်မြင့်ရှိတဲ့ ဘဝတွေထဲမှာ လိုအပ်ချက်အမျိုးမျိုးနဲ့၊ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရုန်းကန်ရှင်သန်နေရတဲ့လူတွေ အများကြီးပါ။ အကျည်းတန်လှတဲ့ အတ္တမျက်နှာဖုံးတွေကို ခွာချနိုင်ကြမယ်ဆိုရင် စာနာကြည့်ရမယ့် ဘဝတွေကို အလွယ်တကူ မြင်တွေ့နိုင်ကြမှာပါ။ မပြည့်စုံလှတဲ့ ဘဝတွေ၊ ချို့တဲ့နွမ်းပါးနေတဲ့ဘဝတွေ များစွာကိုလည်း တွေ့မြင်နေကြရမှာပါ။ ဒါကြောင့် လောကကြီးမှာ ပစ္စည်းဥစ္စာခန ကြွယ်ဝနေသူတွေထက် ကြွယ်ဝချမ်းသာတဲ့နှလုံးသားရှိသူတွေ၊ တစ်နည်းအားဖြင့်တော့ နှလုံးစိတ်ဝမ်း ချမ်းသာသူတွေကိုလည်း အများကြီး လိုအပ်နေလျက်ရှိကြောင်းပါ။

**(နိုင်ငံအတွက် အဘက်ဘက်က လှူဒါန်းပေးနေသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတ သူရဲကောင်းများအား လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။)**

## ရခိုင်ပြည်နယ်မှ ကျေးရွာ ၄၀ ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းအရ ချေးငွေများ ထုတ်ချေးပြီးစီး

**စစ်တွေ စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(COVID-19 Economic Relief Plan-CERP)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများမှ လုပ်ကွက်ငယ် တောင်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအတွက် ချေးငွေများထုတ်ပေးသည့် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးခုမှ ကျေးရွာပေါင်း ၄၀ တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ချေးငွေအားလုံး ရာနှုန်းပြည့် ထုတ်ချေးပြီးနေပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို အမျိုးအစားသုံးမျိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းတွင်ပါဝင်သည့် အိမ်ခြေ ၁၀၁ အိမ်နှင့်အထက် ကျေးရွာများကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ အိမ်မှ ၁၀၀ ကြားရှိ ကျေးရွာများကို ကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ အောက် ကျေးရွာများကို ကျပ်သိန်း ၁၀၀ ရန်ပုံငွေများ ထောက်ပံ့ပေး၍ ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်တင်မြှောက်သော ကျေးရွာရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီက စိစစ်၍ လုပ်ကွက်ငယ် တောင်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအား ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ကျပ်သိန်း ၃၀၀ ရရှိသော ကျေးရွာ ၁၅ ရွာ၊ ကျပ်သိန်း ၂၀၀ ရရှိသော ကျေးရွာ ၁၅ ရွာနှင့် ကျပ်သိန်း ၁၀၀ ရရှိသော ကျေးရွာ ၁၀ ရွာရှိပြီး ယခုအခါ ချေးငွေများအားလုံးကို ထုတ်ချေးပြီးစီးပြီဖြစ်၍ ပြည်သူများအနေဖြင့် ရရှိသော ချေးငွေ အရင်းအနှီးများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများကို လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ ပထမဆုံးအကြိမ် ဆန္ဒမဲပေးကြမည့် လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံများ အသိပညာပေး သင်ကြားပို့ချ

**ထားဝယ် စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာမှ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လာမည့် ရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ် မဲပေးခွင့်ရမည့် လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံ အသိပညာပေးခြင်းများကို စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးသင်တန်းတွင် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းက အမှာစကားပြောကြားပြီးနောက် ကလျာဏမိတ္တ ပရဟိတဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးအောင်သူရလင်းက ပထမအကြိမ် ဆန္ဒမဲပေးမည့် လူငယ်များအား ပြည်သူ့နီတိနှင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ လွှတ်တော်အဆင့်ဆင့် ရွေးချယ်တင်မြှောက်မှု၊ ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ မဲစာရင်းကြည့်ရှုခြင်း၊ ပယ်မဲ၊ ခိုင်လုံမဲနှင့် ကြိုတင်မဲများအကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မဲပေးခြင်းကို လက်တွေ့သရုပ်ပြခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အခြားအကြောင်းအရာများကို လက်တွေ့သရုပ်ပြမှုများနှင့်အတူ အသိပညာပေး ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ အသိပညာပေးသည့် အစီအစဉ်သို့ တက်ရောက်လာကြသူအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



လျှို့ဝှက်ဆန္ဒပြုပုံနှင့် မဲထည့်ပုံကို လက်တွေ့သရုပ်ပြ၍ အသိပညာပေးနေစဉ်

## နတ်မောက်မြို့ အဝင်အထွက် စစ်ဆေးရေးဂိတ်များသို့ PPE ဝတ်စုံ၊ နှာခေါင်းစည်းနှင့် ဆပ်ပြာများဖြန့်ဝေ

**နတ်မောက် စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနရုံးနှင့် မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းနှင့် ဆပ်ပြာခဲများကို စိတ်ခတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်းက စက်တင်ဘာ ၂၇ ရက်တွင် လိုက်လံဖြန့်ဝေပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း ရောဂါကာကွယ်ရေး ဆောင်ရွက်ရာတွင် အသုံးပြုရန် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ပေးအပ်ထားသည့် PPE ဝတ်စုံများ၊ နှာခေါင်းစည်းနှင့် ရွှေဝါဆပ်ပြာများကို နတ်မောက်မြို့ စိတ်ခတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်းမှ ဦးဆန်းထူး ဦးဆောင်သည့် အဖွဲ့ဝင်များက မြို့နယ် မီးသတ်တပ်ဖွဲ့ရုံးသို့လည်းကောင်း၊ မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များဖြစ်သည့် (၃)ဂိတ်၊ ရွာမွန်ကျေးရွာ စစ်ဆေးရေးဂိတ်နှင့် ရွာတော်ကျေးရွာ စစ်ဆေးရေးဂိတ်များသို့လည်းကောင်း လိုက်လံဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**လှဝင်း(နတ်မောက်)**



## ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် သာကေတမြို့နယ် ဖျားနာဆေးကုခန်းမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ဖျားနာဆေးကုခန်း(Fever Clinic)ကို မြို့နယ် ဘောလုံးကွင်းအတွင်း အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ဖွင့်လှစ်၍ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကုသပေးလျက်ရှိကာ ကိုဗစ်- ၁၉ သံသယ ဖျားနာလူနာများအပြင် ဆီးချို၊ သွေးတိုး လူနာများကို ကုသပေးသလို တီဘီရောဂါအတွက် ရှေ့လျားဓာတ်မှန်စက်များဖြင့် စစ်ဆေးပေးခြင်းကိုလည်း အင်္ဂါနေ့တိုင်း အခမဲ့ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးကုသပေးရာတွင် အခက်အခဲမရှိ အဆင်ပြေစွာ ကုသမှုပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် သာကေတမြို့နယ် ဖျားနာဆေးကုခန်းသို့ စက်တင်ဘာ ၂၇ ရက်က လာရောက်၍ ဆေးခန်းတွင် ဆေးကုသပေးနေသော စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ သူနာပြုများ၊ မြို့နယ် ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လက်ရှိ ဆေးဝါးကုသပေးရာတွင် လိုအပ်ချက်နှင့် အခက်အခဲများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် သာကေတမြို့နယ်အတွင်းမှ ကိုဗစ်-၁၉ သံသယလူနာများအား ထားရှိနိုင်မည့် မြို့နယ်အဆင့် စင်တာကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်နေကြောင်း လူမှုရေးဝန်ကြီးထံမှ သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်ဆက်)**



တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဆေးခန်းမှတာဝန်ရှိသူများ ဆွေးနွေးနေစဉ်

## ရန်ကုန်မြို့တွင်း မြို့နယ်ကျော်သွားလာမှု ကန့်သတ်ချက်နှင့်ပတ်သက်၍ အသိပေးမှုများဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပြည်သူများအနေဖြင့် နေအိမ်၌သာ နေထိုင်ရန် သတ်မှတ်ထားသည့်အပြင် စက်တင်ဘာ ၂၈ ရက်မှ စတင်၍ မလိုအပ်ဘဲ မြို့နယ်ကျော် ဖြတ်သန်းသွားလာမှုများကို စိစစ်ကြပ်မတ်ထားရာ အဆိုပါ ဖြတ်သန်းသွားလာမှု ကန့်သတ်သည့်အချက်များနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို ဆူးလေဘုရား ပတ်ဝန်းကျင်၊ ကမာရွတ်နှင့် အင်းစိန်မြို့နယ်တို့တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယာဉ်ထိန်းရဲ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့တွင်း၌ သွားလာလျက်ရှိသော ကားများကို ရပ်တန့်စေ၍ မြို့နယ်ကျော် ဖြတ်သန်းသွားလာခြင်းအတွက် ကန့်သတ်မှုများကို ရှင်းလင်းပြောကြားခြင်းနှင့် သတိပေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်မှစ၍ ရန်ကုန်မြို့တွင်း မည်သည့်နေရာသို့မဆို အလုပ်ကိစ္စဖြင့် မဖြစ်မနေ သွားလာရန်ရှိပါက ပြည်သူများအနေဖြင့် စောစောရှာ အက်ပလီကေးရှင်း(Sawsawshar application) မှတစ်ဆင့် မြို့နယ်ဖြတ်ကျော် သွားလာခွင့်အတွက် လုပ်ငန်းလိုင်စင် သို့မဟုတ် စည်ပင်လိုင်စင်နှင့်တကွ အသိပေးခွင့်ပြုချက် လျှောက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လှိုင်းဘွဲ့မြို့နယ်၌ ဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းမှ အသက် ၈၀ နှင့် ၈၅ နှစ်ကြား ဘိုးဘွားများအား လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက်တွင် ပိန္နဲတောကျေးရွာမှ ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ပိန္နဲတောကျေးရွာမှ အဘိုး ခုနစ်ဦးနှင့် အဘွား လေးဦးတို့အတွက် ထောက်ပံ့ငွေများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောချစ်ဦး၊ ပိန္နဲတောကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျောက်တိုင်နှင့် ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ခန္တီးမြို့နယ်မှ Cash For Work စီမံကိန်းအရဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ခန္တီး စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက Cash For Work စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန် ကျေးရွာ ၁၃ ရွာတွင် စီမံကိန်းလုပ်ငန်း ၁၈ ခုကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဖြူဟန်နွဲ့ထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ကျေးရွာ ၁၃ ရွာ၌ တစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရွာအတွင်း လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာတွင်းရေနုတ်မြောင်း တူးခြင်း၊ ကျောက်ရောမြေခင်းခြင်း၊ စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်းနှင့် ကျေးရွာဘောလုံးကွင်း ဖော်ဆောင်ခြင်း လုပ်ငန်းများကို ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရေးအတွက် လုပ်အားခပေးချေ၍ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် Cash For Work စီမံကိန်းဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ လဖက်ခင်း၊ ဖားမောင်၊ ကောင်းမှု၊ တိန်းအင်၊ လသာ၊ ကုန်းခေါင်၊ မက်ထောင်၊ မိုလွန်း၊ မောက်ခလောက်၊ မလန်ပိုင်၊ ချောင်းဝ၊ ကင်ကွန်နှင့် မောင်းတဲ ကျေးရွာများဖြစ်ကြောင်း ဦးစီးမှူးထံမှ သိရသည်။

**စနေမောင်မောင်(ခန္တီး)**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အွန်လိုင်းအစည်းအဝေးကျင်းပ

**ပဲခူး စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အွန်လိုင်းအစည်းအဝေးကို စက်တင်ဘာ၂၈ ရက် နံနက် ၁၀ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူး၊ သနပ်ပင်၊ ကဝမြို့နယ်များအား မိမိနေအိမ်၌ နေထိုင်ရေးကာလ သတ်မှတ်ထားပြီးဖြစ်၍ မြို့ဝင်/ထွက်များ အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်သလို ကျန်သည့်မြို့နယ်များလည်း ပေါ့ဆမှုမဖြစ်စေလိုကြောင်း၊ ယခုချိန်ကတည်းက ရပ်ကွက်၊ ကျေးရွာများအလိုက် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ တင်းကျပ်စွာ စိစစ်ဆောင်ရွက်မှသာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အဆင်ပြေနိုင်မည်ဖြစ်ပြီး စီမံဆောင်ရွက်မှုအပေါ် နှောင့်ယှက်ဟန့်တားမှုများ၊ မလိုက်နာမှုများရှိပါက ဥပဒေနှင့်အညီ တိကျစွာ အရေးယူဆောင်ရွက်ရန်၊ ဈေးရောင်းချသူနှင့် ဈေးဝယ်ယူသူများ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်မှု အားနည်းခြင်းများ ကြားသိနေရပြီး ဒဏ်ငွေသတ်မှတ်၍ အရေးယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူတစ်ဦးချင်းအလိုက် ကိုယ်စီတာဝန်တစ်ခုအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှသာ ပျောက်ကင်းသွားနိုင်မည်ဖြစ်ကြောင်း၊ မကြာမီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်၍ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းဆရာ၊ ဆရာမများ၊ အထူးရဲများ၊ ဝန်ထမ်းများအား ကြိုတင်စီစဉ်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက လူနာတင်ကားဖြင့် ခရီးသည်ပို့ဆောင်နေမှုများ ဂိတ်အလိုက် စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊ မကြာမီ စပါးရိတ်သိမ်းတော့မည်ဖြစ်၍ စက်ယန္တရားများ တစ်နေရာနှင့်တစ်နေရာ ပြောင်းရွှေ့ခြင်း၊ ဆန်/စပါး ကုန်စည်များ ဝယ်ယူခြင်းတို့ ဆောင်ရွက်တော့မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးမှုမဖြစ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်၊ ကုန်စည်ပို့ဆောင်သည့် ယာဉ်မောင်းများအား ကျန်းမာရေး စိစစ်ထောက်ခံချက် ရရှိနိုင်ရေးနှင့် ပဲခူးမြို့ မြို့တော်ခန်းမတွင် ဖွင့်လှစ်ထားသည့် (အခမဲ့ဆေးခန်း) အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူးများက မိမိတို့ခရိုင်အတွင်းရှိ မြို့နယ်အလိုက် ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကိုလည်းကောင်း တင်ပြဆွေးနွေးရာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များအပေါ် ဆေးပညာရှုထောင့်အရ ပါဝင်အကြံပြုဆွေးနွေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဈေးများ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချမှုရှိစေရေး ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ လိုက်လံစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဈေးများအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချမှုရှိစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် ကော်မတီဝင်များက ယနေ့ နံနက်ပိုင်းက လိုက်လံစစ်ဆေးကြောင်း သိရသည်။

"ကျွန်တော်ကတော့ မြောက်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ ဈေးတွေရဲ့ အခြေအနေကို သွားကြည့်ပါတယ်။ ဈေးရောင်းသူဝယ်သူ အခြေအနေ၊ ဈေးဆိုင်တွေ အခြေအနေသွားကြည့်တာပါ။ ဈေးစည်းကမ်းထိန်း လုပ်ငန်းတွေ အဲဒါတွေ သွားကြည့်တာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ပြောသည်။

ထိုသို့စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဈေးသည်များ စည်းကမ်းတကျရောင်းချမှုရှိစေရေး၊ သတ်မှတ်ထားသောဆိုင်များသာ ဖွင့်လှစ်ရောင်းချရေး၊ ဈေးအတွင်းလူစုလူဝေးမဖြစ်ပေါ်စေရန် အသံချဲ့စက်ဖြင့် အချိန်ပြည့်နှိုးဆော်နေမှု၊ သားငါးဟင်းသီးဟင်းရွက်နှင့် ကုန်စုံဆိုင်များ၊ ဆေးဆိုင်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချနေမှုတို့ကို လိုက်လံစစ်ဆေးခြင်းဖြစ်သည်။ **(ယာပုံ)**



ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဈေးများကို စက်တင်ဘာ ၂၇ ရက်မှ စတင်ကာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းတို့က ခရိုင်လေးခရိုင်သို့ အဖွဲ့များခွဲကာ လိုက်လံစစ်ဆေးနေခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယမြို့တော်ဝန်နှင့် စည်ပင်သာယာရေးကော်မတီဝင်များသည် လှည်းတန်းဈေး၊ ဆင်မလိုက်ဈေး၊ ကမာရွတ်ဘူတာရုံဈေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ စည်ပင်သာယာပိုင်ဈေးပေါင်း ၁၈၄ ဈေးရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - လင်းညွန့်**

# MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံဆုအတွက် နောက်ဆုံးပွဲမှ အဖြေထွက်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ နောက်ဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၀) ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ချန်ပီယံအသင်းမှာ ပြိုင်ပွဲနောက်ဆုံးနေ့မှ ထွက်ပေါ်မည်ဖြစ်သည်။

ပွဲစဉ် (၂၀) အဖြစ် စက်တင်ဘာ ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် စစ်ကိုင်းအသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်အသင်း၊ အောက်တိုဘာ ၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရှောဝတီအသင်း၊ YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၉) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၁ မှတ်ဖြင့် ထိပ်ဆုံးသို့ ရောက်ရှိလာပြီး ဟံသာဝတီအသင်းက ရမှတ် ၄၀၊ ရှောဝတီအသင်းက ၃၉ မှတ်၊ ရန်ကုန်အသင်းက ၃၄ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၇ မှတ်၊ မကွေးအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ မှတ်၊ Southern အသင်းက ခုနစ်မှတ် ရရှိထားသည်။ ပွဲစဉ် (၁၉) အပြီး ရပ်တည်မှုအရ ဇယားထိပ်ဆုံးသို့ ရောက်ရှိသွားသည့် ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုရယူနိုင်ရန် အကောင်းဆုံးအခြေအနေ ပိုင်ဆိုင်သွားပြီး နောက်ဆုံးပွဲတွင် အနိုင်ကစားရုံဖြင့် ချန်ပီယံဖြစ်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ် (၁၉) တွင် ဇယားထိပ်ဆုံးနေရာကို ပထမဆုံး ရယူနိုင်ခဲ့ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အကောင်းဆုံးအခြေအနေ ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ဇယားထိပ်ဆုံးတွင် တစ်လှည့်စီဦးဆောင်ခဲ့သည့် ဟံသာဝတီနှင့် ရှောဝတီအသင်းတို့မှာ ပွဲစဉ် (၁၉) တွင် မထင်မှတ်ဘဲ အရေးနိမ့်ခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက်အခွင့်အရေး နည်းသွားခြင်းဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် အနိုင်ရရန် လိုအပ်သလို ရှမ်းအသင်း နိုင်ပွဲပျောက်ဆုံးမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ချန်ပီယံဖြစ်နိုင်မည့် အသင်းများတွင် ရှမ်းယူနိုက်တက်အသင်းက အခွင့်အရေးအကောင်းဆုံးဖြစ်နေပြီး နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခြင်းရှိ မရှိ အောက်တိုဘာ ၁ ရက်တွင် အဖြေထွက်ပေါ်မည်ဖြစ်သည်။



ဇယားထိပ်ဆုံးသို့ရောက်ရှိလာပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေကောင်းနေသည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

ချန်ပီယံဖြစ်နိုင်သည့် အသင်းများတွင် ရှမ်းယူနိုက်တက်အသင်းက လက်ရှိချန်ပီယံဖြစ်သည်။ ချန်ပီယံဆုကို နှစ်ကြိမ်ရရှိထားဖူးရာ ယခုနှစ်တွင် ထပ်မံဗိုလ်စွဲပါက နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခြင်း ဖြစ်လာမည်ဖြစ်သလို သုံးကြိမ်မြောက် ဗိုလ်စွဲမှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။ ဟံသာဝတီနှင့် ရှောဝတီအသင်းတို့ ဗိုလ်စွဲပါက ပထမဆုံးအကြိမ် ဗိုလ်စွဲခြင်း ဖြစ်လာမည်ဖြစ်ပြီး ချန်ပီယံအသင်းသစ် ထွက်ပေါ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

စပါးအသင်းနှင့် ချယ်ဆီးအသင်းတို့ လိဂ်ဖလားပြိုင်ပွဲတွင် နောက်ဆုံးတွေ့ဆုံခဲ့သည်မှာ ၂၀၁၉ ခုနှစ် လိဂ်ဖလား ဆီမီးဖိုင်နယ်တွင်ဖြစ်ပြီး ထိုစဉ်က နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးစီတူညီနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ချယ်ဆီးအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် စပါးအသင်းကို အနိုင်ရရှိခဲ့သည်။ ချယ်ဆီးအသင်းသည် ယခုနှစ် ရာသီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ယူရိုသန်း ၂၂၀ ကျော် အသုံးပြုကာ အသင်းကို ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ထားသော်လည်း ထင်ထားသည်ထက် ခြေစွမ်းပြသထားနိုင်ခြင်းမရှိသေးပေ။ ထို့အပြင် ချယ်ဆီးအသင်းသည် ပရီမီယာလိဂ် နောက်ဆုံးသုံးပွဲတွင် ရဂိုးခြောက်ဂိုးရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးကလည်း ခြောက်ဂိုးအထိ ရှိနေသည့်အတွက် အသင်းခံစစ်ပိုင်းက မေးခွန်းထုတ်စရာအဖြစ်ရှိနေကြောင်း အားကစားကျွမ်းကျင်သူများက သုံးသပ်ထားသည်။ တစ်ဖန် စပါးအသင်းကလည်း ယခုနှစ် ရာသီအပြောင်းအရွှေ့ကာလ ကစားသမားဝယ်ယူမှုတွင် ယူရို ၁၂၆ သန်းကျော် အသုံးပြုထားကာ အသင်းကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်ထားသည့် အသင်းဖြစ်သည်။ စပါးအသင်း၏ ပရီမီယာလိဂ် နောက်ဆုံးသုံးပွဲကိုကြည့်လျှင် ရဂိုး ခြောက်ဂိုးရှိပြီး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့် ဂိုးက လေးဂိုးရှိသည်။ စပါးအသင်း၏ ခံစစ်ပိုင်းတွင်လည်း လိုအပ်ချက်အနည်းငယ် ရှိနေသည်ဟု မှတ်ချက်ပြုရပေမည်။

ယခုပွဲစဉ်မတိုင်မီ စပါးနှင့်ချယ်ဆီးအသင်းတို့ ပရီမီယာလိဂ်တွင် သုံးပွဲစီယှဉ်ပြိုင်ကစားထားသည်။ အဆိုပါသုံးပွဲတွင် စပါးအသင်းက ပရီမီယာလိဂ် ပွဲစဉ် (၁) တွင် အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ပွဲစဉ် (၂) တွင် ဆောက်သမ်တန်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပွဲစဉ်(၃) တွင် နယူးကာဆယ်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် ရမှတ် လေးမှတ်ရရှိကာ ချယ်ဆီးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယား အဆင့် (၇)တွင် ရပ်တည်နေသည်။ ချယ်ဆီးအသင်းက ပွဲစဉ် (၁)တွင် ဘရိုက်တန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး ပွဲစဉ် (၂)တွင် လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ ပွဲစဉ် (၃) တွင် ဝက်စ်ဘရွန်းအသင်းကို သုံးဂိုးစီ သရေကျထားသည့်အတွက် အမှတ်ပေးဇယား၌ အဆင့် (၈) နေရာတွင် ရပ်တည်နေသည်။ **အောင်ဇော်**



## စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၀)ကျင်းပ

**မုံရွာ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စက်တင်ဘာ ၂၇ ရက်အထိ ပိုးတွေ့လူနာ ၃၉ ဦးရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အနက် ရန်ကုန်မှ ပြန်လည်ဝင်ရောက်လာသူ ၂၆ ဦး၊ မန္တလေးမှ ပြန်လာသူတစ်ဦး၊ ပြည်ပပြန်လာသူတစ်ဦးနှင့် ဒေသတွင်း ကူးစက်မှုဟု ယူဆရသူ ၁၁ ဦးရှိပြီး မြို့နယ် ၁၇ မြို့နယ်တွင် ဆေးရုံတက်ရောက်သူ ၃၉ ဦး၊ ကုသမှုခံယူဆဲ ၃၀၊ ဆေးရုံဆင်း ကိုးဦး ရှိပြီဖြစ်သည့်အတွက် ဒေသတွင်း ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများမှာ လွန်စွာအရေးကြီးသောလုပ်ငန်းဖြစ်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားသောဒေသ၊ Stay At Home သတ်မှတ်ထားသော ဒေသများမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝင်ရောက်လာသူများအားလုံးကို လစ်ဟာမှုမရှိစေဘဲ အသွားအလာကန့်သတ် ထားရှိနိုင်ရေး အရေးကြီး၍ တိုင်းဒေသကြီးအတွင်းရှိ မြို့အဝင်/အထွက်ဂိတ်များတွင် စစ်ဆေးမှုများကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Stay At Home နှင့် ရောဂါဖြစ်ပွားရာဒေသမှ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာဌာနများပူးပေါင်း၍ စနစ်တကျ အသွားအလာကန့်သတ်မှု လုပ်နိုင်ရေးနှင့် ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍ လည်းကောင်း ပြန့်ပွားမှု ဖြစ်ပွားလာပါက ယင်းဒေသရှိ ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် အသွားအလာ ကန့်သတ်ခြင်း ပြုလုပ်ရန်နှင့် လိုအပ်ပါက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကူးစက်မှုသည် ယခုထက်ပိုမို ကျယ်ပြန့်များပြားလာပါက ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် ရောဂါဖြစ်ပွားသည့်နယ်မြေ၊ ဒေသအလိုက် လုံခြုံရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများကို ကြိုတင်စီမံထားရန် လိုအပ်ပါကြောင်း၊ အဆိုပါနယ်မြေဒေသအတွင်း အခြေခံဝန်ဆောင်မှုများ ပုံမှန်ပေးနိုင်ရေး၊ အစားအစာနှင့် အခြေခံ လူသုံးကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရေး၊ အထောက်အပံ့လိုအပ်သူများအတွက် အစားအစာနှင့် အခြေခံလိုအပ်ချက်များ ထောက်ပံ့ပေးနိုင်ရေး၊ အခြေခံကုန်စည်ပို့ဆောင်ရေး၊ အရေးပေါ်လူနာများ သယ်ယူပို့ဆောင်ရေး၊ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွဲ့စည်းထားရှိရေး၊ ဆေးဝါးကုသရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် အဆောက်အအုံများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်များ အနေဖြင့် ယခုကတည်းက စီမံချက်များအတိုင်း ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တက်ရောက်လာကြသည့် လုပ်ငန်းဆပ်ကော်မတီများအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ပူတာအိုခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသည့် အွန်လိုင်းဆွေးနွေးပွဲပြုလုပ်

**ပူတာအို စက်တင်ဘာ ၂၈**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့ ပူးပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာများ အသိပညာပေးသည့် ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သူဇာက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလဖြစ်၍ အွန်လိုင်းမှတစ်ဆင့် ပြည်သူများ ဗဟုသုတဖြစ်စေရန် ဆွေးနွေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဖီရမ်က ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို စံ(၅)ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်အိအိဖြိုးကလည်း မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် မဲပေးခြင်းဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးသည်။

ပူတာအိုခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်စု ၉၈ ခုတွင် မဲရုံပေါင်း ၁၃၈ ရုံ ဖွင့်လှစ်မည်ဖြစ်ပြီး ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာချက်အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၀၂၅၇ ဦးရှိကြောင်း၊ နိုင်ငံရေးပါတီ ရှစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်အလိုက် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးမှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အစီအစဉ် ရိုက်ကူးထားသည့် ဗီဒီယိုကလစ်များကို ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် IPRD Putao တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**




## ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တောင်ကြီး စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ် ၂၁ မြို့နယ်တွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ၂၁ မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကုန်ထုတ်လမ်း ၄၃ လမ်း(အရှည် ၇၆ မိုင် ၇ ဖာလုံ)နှင့် တံတား ၄၃ စင်း(အရှည် ၃၃၆ ပေ) တည်ဆောက်ခြင်း၊ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများအဖြစ် ကျေးရွာပေါင်း ၂၆၀ အတွက် ရေရရှိရေးလုပ်ငန်း ၂၄၁ ခု အကောင်အထည်ဖော်ခြင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ၇၅ ယူနစ်ကို ကျေးရွာပေါင်း ၉၆ ရွာ၌ ဆောင်ရွက်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများကို ကျေးရွာပေါင်း ၃၁၀ ၌ ဆောင်ရွက်၍ လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေးနှင့် ကျေးရွာခန်းမဆောင် တည်ဆောက်ရေး စသည့် လုပ်ငန်းပေါင်း ၃၇၅ ခုကို ကျေးရွာနေ ပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်စေခြင်း၊ Cash for Work စီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာ ၁၁၃ ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း ၁၄၁ ခု ဆောင်ရွက်ခြင်း၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးရွာပေါင်း ၁၃၆ ရွာတွင် ချေးငွေများထုတ်ပေးခြင်း၊ ကျေးလက်ဒေသ မီးလင်းရေးအဖြစ် ကျေးရွာ သုံးရွာတွင် ဆိုလာမီးလင်းရေးစနစ်သုံးခု တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးသွားခြင်းဖြစ်သည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၈၇၈ ဒသမ ၇၆ သန်းနှင့် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ် ၃၀၆၁ ဒသမ ၈၁၆ သန်း၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၉၄၀ ဒသမ ၅၇၆ သန်းကို အသုံးပြုခဲ့ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**ငြိမ်းသူ**

## ကန်ကြီးထောင့်မြို့ အဝင်/အထွက်၌ ကိုဗစ်-၁၉ ကာကွယ်ရေး စစ်ဆေးမှုများဆောင်ရွက်

**ကန်ကြီးထောင့် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့အဝင်အထွက် ဂိတ်နှစ်ခုတွင် ဖြတ်သန်းဝင်ရောက်မည့် ကားများ၊ ဆိုင်ကယ်များကို ရပ်တန့်စေ၍ ခရီးသွားမှတ်တမ်း စနစ်တကျရယူခြင်း၊ ခရီးသွားထောက်ခံစာ ပါ/မပါ စစ်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ရန် စစ်ဆေးခြင်းများနှင့်နေအိမ်ပြင်ပ ထွက်တိုင်း မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရန် အသိပေးနှိုးဆော်ခြင်းများကို မြို့နယ်အဆင့် ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးအဖွဲ့(ကန်ကြီးထောင့်)နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

## ကွတ်ခိုင်မြို့၌ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေး

**ကွတ်ခိုင် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ဦးဆောင်၍ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို စက်တင်ဘာ ၂၈ ရက်က မြို့မဈေးနှင့် ယာယီပျံကျဈေးအတွင်း ပြုလုပ် ခဲ့ပြီး ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အိမ်ပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ရန် အသိပညာပေး၍ နှာခေါင်းစည်းအခုရေ ၁၅၀၀ ကို အခမဲ့ ဝေငှပေးသည်။

ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ကြိုတင် ကာကွယ်နိုင်ရေးတွင် ဒေသခံပြည်သူများအနေဖြင့် သတ်မှတ် စည်းကမ်းချက်များကို သိရှိလိုက်နာရန် အထူးလိုအပ်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေး ပရဟိတ အသင်းအဖွဲ့များကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်က ပြောသည်။

ကွတ်ခိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးမှုများကို ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေး ပရဟိတ အသင်းအဖွဲ့များ ပူးပေါင်း၍ လူစည်ကားသည့် နေရာများ၌ အရှိန်အဟုန်မပျက် လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် အခြား ပြည်တွင်းဒေသများမှ ကွတ်ခိုင်မြို့နယ်အတွင်းသို့ ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ကာကွယ်ရေး PPE ဝတ်စုံများ လှူဒါန်း

**သုံးခွ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် အတွက် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ရောဂါကာကွယ်ရေး ဝတ်စုံများကို အလှူရှင်များက စက်တင်ဘာ ၂၇ ရက်က လှူဒါန်းခဲ့သည်။

သုံးခွမြို့ အမှတ်(၆)ရပ်ကွက်နေ ဦးမောင်အေး-ဒေါ်ခင်မျိုးလှ မိသားစုက ဝတ်စုံအစုံ ၁၀၀၊ ဦးရဲအောင် (Yess သကြားလုံးစက်ရုံ) က အစုံ ၁၀၀၊အမှတ် (၁၂) ရပ်ကွက်နေ ဦးအောင်ဝင်း(Ten အထည်ဆိုင်)က အစုံ ၅၀၊ အမှတ် (၁၂) ရပ်ကွက်နေ ကိုမိုးသူ မိသားစုက အစုံ ၅၀ နှင့် အမှတ် (၄) ရပ်ကွက်မှ ဒေါက်တာသိန်းကျော်- ဒေါက်တာတင်မိုးဝေတို့က အစုံ ၂၀ ကို မြို့နယ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် အတွင်းရေးမှူး ဒေါက်တာဇော်ဝင်းသန်းတို့ထံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် **နီးလမ်းကျော်** ဂျာနယ် **ထွက်ရှိ**

၁-၁၀-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၁၉)တွင်
- စပါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရာဝယ် သတိပြုဖွယ်
- ရာသီနှင့် ကိုက်ညီသော ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးပါ
- စပါးမျိုးကွဲမပါအောင် ဘယ်လိုကာကွယ် ထိန်းသိမ်းမလဲ
- လက်ဆင့်ကမ်းပညာ လိမ္မာကျွမ်းကျင် နံ့စပ်စေချင်
- သဘာဝရေပြင်တွင် မပြန့်ပွားစေရန် ဂရုပြုရမည့် ငါးမျိုးများ
- ကျွဲ နွား သိုး ဆိတ် မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု (၆)
- အရိုးပွခြင်းနှင့် ခန္ဓာသန့်စွမ်းမှု
- အချဉ်အရသာရှိသော အစားအစာများဖြင့် ကိုဗစ်-၁၉ ကို ကာကွယ်ပေးနိုင်
- ရွှေကောက်ပွဲကာလ လုံခြုံရေးကဏ္ဍနှင့် နိုင်ငံတကာ စံနှုန်းတချို့

အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။



**တစ်စောင် (၂၀၀) ကျပ်** အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ချင်းပြည်နယ်ပညာရေးမှူးရုံး ဟားခါးမြို့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟားခါးမြို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (စက် ပစ္စည်း+ပရိဘောဂ)ခွင့်ပြုရန်ပုံငွေမှာ ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း/ရုံး၏ ကျောင်းဆောင်နှင့်ရုံးများအတွက် (စက် ပစ္စည်း+ပရိဘောဂ) ပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအားသတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၁၀-၂၀၂၀ရက် (ရုံးချိန်)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၁-၁၁-၂၀၂၀ရက် (ရုံးချိန်)
တင်ဒါတင်သွင်းရမည့်နေရာ - ပြည်နယ်ပညာရေးမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ချင်းပြည်နယ်ပညာရေးမှူးရုံး၊ ဟားခါးမြို့၊
ဖုန်း-၀၉-၂၆၅၂၄၅၉၅၅၊ ၀၉-၂၅၉၀၄၅၂၉၀
အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ နည်းပညာတက္ကသိုလ် (ကလေး) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(ကလေး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | နည်းပညာတက္ကသိုလ် (ကလေး) | တက္ကသိုလ်အဝင်လမ်း(ကွန်ကရစ်ခင်းခြင်း) (၂၇၅၀'x၂၃'x၈") |
| ၂။ | | အလုပ်ရုံ(၁၂၅'x၆၀')(Mazzanine Floor အပါအဝင်) (၉၆၀၀စ/ပေ)၊ အဝင်လမ်း (၁၀၀'x၁၂'x၈")၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၃။ | | ဘက်စုံသုံးအားကစားခန်းမ (၁၂၀'x၈၈'x၂၇')(ရေမီးအပါအဝင်)၊ အဝင်လမ်း (၁၀၀'x၁၂'x၈") ဆောက်လုပ်ခြင်းလုပ်ငန်း Steel Structure |
| ၄။ | | (၄)ခန်းတွဲ (၄)ထပ် ဆရာ/ဆရာမဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း (၁၀၀'x၁၂'x၈") ပြင်ပရေ(၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Submersible Pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ရက် ရုံးချိန်မှစ၍ နည်းပညာတက္ကသိုလ်(ကလေး)တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၁၁-၂၀၂၀ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
နည်းပညာတက္ကသိုလ်(ကလေး)

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကွန်ပျူတာတက္ကသိုလ်(ကလေး) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (ကလေး)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ကွန်ပျူတာတက္ကသိုလ် (ကလေး) | ပင်မသုံးထပ်ဆောင်အဆောက်အအုံ၏ ဘေးဘက်ခြမ်းတောင်ပံ(၂)ဖက် (၁၇၅'x၃၈') (RC) ဆောက်လုပ်ခြင်း |
| ၂ | ကွန်ပျူတာတက္ကသိုလ် (ကလေး) | ၄ ခန်းတွဲ လေးထပ်ဆရာ/ဆရာမဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း(၁၀၀'x၁၂'x၈")၊ ပြင်ပရေ(၄လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Summersible Pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်(၁)လုံး ဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ရက် ရုံးချိန်မှစ၍ ကွန်ပျူတာတက္ကသိုလ်(ကလေး)တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၁၀-၂၀၂၀ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၄၂၇၀၇၃၅၆၅၊ ၀၉-၂၅၇၉၅၁၈၁၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ကွန်ပျူတာတက္ကသိုလ်(ကလေး)

## ၁၀-၉-၂၀၂၀ရက် (ကြာသပတေးနေ့) မြန်မာ့အလင်းသတင်းစာပါ ရွှေမိုက်လေလံဈေးပြိုင်ခေါ်ယူခြင်းအား ပြင်ဆင်ခြင်း

(၁) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းများကပ်လှူခဲ့စဉ်က ကျန်ရှိခဲ့သည့်ရွှေမိုက်ဆိုင်ရာပစ္စည်းများ၊ အောက်ပစ္စယာရှိ ရွှေစစ်ရေကန်များမှ ကန်ဇာမိုက်များအား ဈေးပြိုင်လေလံကြော်ငြာခေါ်ယူခြင်းအတွက် ၁၀-၉-၂၀၂၀ ရက် (ကြာသပတေးနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ-၂၉ကော်လံ (၁)၊ (၂)၌ ဖော်ပြပါရှိခဲ့ပြီးဖြစ်ပါသည်။

(၂) ယနေ့အချိန်အခါတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ COVID-19 ရောဂါကူးစက်မှုများပြားလာ၍ အရှိန်အဟုန်မြင့်ကာ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေခြင်းနှင့် Saty at Home ချမှတ်သည့်ကာလကြောင့် ဈေးပြိုင်လေလံကြော်ငြာထားသည့်ရက်တွင် ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ပြန်လည်ဆောင်ရွက်မည့်ရက်နှင့်အချိန်အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဂေါပကအဖွဲ့၏ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၄၂-၂၄၂၇၇/၂၅၂၉၈
၀၉-၇၆၃၀၀၀၅၅၄/၇၈၉၃၉၀၃၁၈

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ ပုသိမ်မြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄)၊ အသံ/အနံ့စက်မှုဇုန်၊ မြေကွက်အမှတ် (၅၄၈)၊ ဧရိယာပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိသူ ဦးဇော်ဝင်းနိုင် ၁၂/အလန(နိုင်)၀၁၉၆၁၀ထံမှ ကျွန်တော် ဦးသန်းလှ ၁၁/စတန(နိုင်)၁၃၆၇၀၇သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးသန်းလှ ၁၁/စတန(နိုင်)၁၃၆၇၀၇
ဖုန်း-၀၉-၉၇၁၂၄၄၄၅၂

## ဒေါ်စိုးသန်းကြူနှင့် အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း (၁)ရပ်ကွက်၊ (၇)လမ်း၊ မြေကွက်အမှတ် (၇၄၉)၊ အိမ်အမှတ် (၁၄/၄၂၄) ရှိ အလျားပေ ၄၀ x အနံပေ ၆၀ မြေပေါ်တွင် ဆောက်လုပ်ထားသော (၄x၄)ပင် ပတ်လည် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိုးကြူ (ဘ) ဦးစောအေးကြူ ၉/မရမ(နိုင်)၀၂၉၀၂၀မှ ကျွန်မ ဒေါ်ယဉ်ယဉ်ကြည် (ဘ) ဦးအောင်သိန်း ၈/မသန(နိုင်)၀၈၆၄၆၆အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၅/၂၀၂၀) ဖြင့် ၂၁-၂-၂၀၂၀ ရက်တွင် လွှဲအပ်ခဲ့ပါသည်။ ယင်းကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ ယနေ့အချိန်အထိ ဒေါ်စိုးသန်းကြူမှ ကျွန်မ ဒေါ်ယဉ်ယဉ်ကြည်အား ကိုယ်တိုင်လာရောက်ခေါ်ဆောင်၍ အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းမရှိသေးသကဲ့သို့ ကျွန်မ ဒေါ်ယဉ်ယဉ်ကြည် ကိုယ်တိုင်မှလည်း တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းမှုမရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်ကြည်
၈/မသန(နိုင်)၀၈၆၄၆၆

## မီးသတိပြု

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်-

(က) JICA ODA Loan Regional Infrastructure Improvement Project (MY-P30) ဖြင့် ဆောင်ရွက်မည့် ချင်းပြည်နယ်၊ ကလေး-သိုင်းငင်-တီးတိန် ၆၆ ကေဗွီ Double Circuit လိုင်း (၃၂.၁၂)မိုင် တည်ဆောက်ရန် ၆၆ကေဗွီလိုင်း တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန်

(ခ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် ကျိုင်းတုံ-မိုင်းခတ် 66 kV Single Circuit လိုင်း (၄၁.၅)မိုင်၏ ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများဝယ်ယူရန်

(ဂ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ၆၆ ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောကွန်ကရစ်တိုင်နှင့် Steel Pole များအား Lot အလိုက်ဝယ်ယူရန်

တင်ဒါပိတ်မည့်ရက် - ၃-၁၁-၂၀၂၀ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ပျော်ဘွယ်သိုက်လမ်းနေ ဦးစိုးနိုင်-ဒေါ်အေးအေးခိုင်တို့၏သား မောင်သန်းလင်း ၏အမည်မှန်မှာ မောင်ရဲသူဟိန်း ၇/ရတရ(ဧည့်)၀၀၀၀၉၇ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၃-၇-၁၉၈၉ ဖြစ်ပါကြောင်း။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) (၄)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း(RC) (၁၀၂' x ၃၀' x ၂၂') - ပြည်နယ်ရုံး(Lot-1)၊ လွိုင်ကော်ခရိုင် (Lot-2) လွိုင်ကော်မြို့နယ်(Lot-3) လောပိတ(Lot-4)

(ခ) (၂)ထပ်ရုံးသစ်ဆောက်လုပ်ခြင်း(RC) (၁၄၀ ' x ၃၀' x ၂၂') - ဒီးမော့ဆိုမြို့နယ်(Lot-5)၊ လောပိတ(Lot-6)

(ဂ) (၂)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း(RC) (၅၀' x ၃၂' x ၂၂') - ပြည်နယ်ရုံး(Lot-7)

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၉-၉-၂၀၂၀ ရက်မှ ၂၈-၁၀-၂၀၂၀ ရက်အထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၈-၁၀-၂၀၂၀ ရက်၊ ၁၆: ၀၀ နာရီ

၄။ **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၅-၁၁-၂၀၂၀

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အချက်အလက်များအား အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ဖုန်း-၀၈၃-၂၂၂၀၈၃၊ ၀၈၃-၂၂၂၀၁၃

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၉-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉)တွင် ပါရှိသော PETRO TECH COMPANY LIMITED မှ ကြေညာရာတွင် ဦးအောင်ကိုကိုလင်းသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဟု မှားယွင်းစွာဖော်ပြမိပါသဖြင့် ဦးအောင်ကိုလင်းသည် ကုမ္ပဏီ၏ကိုယ်စား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဟုသာ ပြင်ဆင်ဖတ်ရှုရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြု ချက်မရရှိဘဲဟု မှားယွင်းစွာဖော်ပြမိပါသဖြင့် PETRO TECH COMPANY LIMITED ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲဟုသာ ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ရွှေမင်းဂံ(၁)ရပ်ကွက်၊ ကွင်းအမှတ် (၅၄၂) ဘုရားကြီးကွင်း၊ ဦးပိုင်အမှတ် (၅၂/၁)၊ မြေကျယ်အဝန်း ဧရိယာ ၁ဒသမ၃၀ဧကရှိမြေအား ဦးလှသိန်းထံမှ ကျွန်မ ဒေါ်ခင်စန္ဒာက အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိခဲ့သောမြေအား ကျွန်မ ဒေါ်ခင်စန္ဒာအမည်ဖြင့် မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အထက်ဖော်ပြပါမြို့နယ် မြို့ကွက်မြေနေရာစိစစ်ရေးကော်မတီ ပဲခူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်စန္ဒာ ၁၂/ဒဂန(နိုင်)၀၂၃၄၂၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရွှေဘိုတက္ကသိုလ်

**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ရွှေဘိုတက္ကသိုလ်၏လုပ်ငန်းများဖြစ်သော ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည် -

(က) ၁၆၀ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း (၂၁၂' X ၃၄' X ၂၄') စားဖိုဆောင်+ထမင်းစားဆောင် (၁၂၂' X ၃၈') R.C (ရေ/မီး အပါအဝင်) ၄'' ⌀ ရေတွင်း၊ ဂါလန် (၁၅၀၀၀)ဆံ့ ရေလှောင်ကန်၊ ဂါလန်(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင်၊ ခြံစည်းရိုး (၁၅၀၀' X ၇') ပြင်ပလျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်း

(ခ) ၃ထပ်စာသင်ဆောင် ၁လုံးဆောက်လုပ်ခြင်းလုပ်ငန်း (၂၁၆' X ၃၈') ရေမီးအပါအဝင်၊ ကွန်ကရစ်လမ်း (၂၅၀' X ၁၆')

(ဂ) စာသင်ဆောင်များအတွက် ၈'' ရေတွင်း(၈၀၀') တူးဖော်ခြင်းနှင့် ဂါလန် (၃၀၀၀၀)ဆံ့ Ground Tank၊ ဂါလန် (၁၀၀၀၀) ဆံ့ ကွန်ကရစ်ရေစင်၊ ရေစက်ရုံ (၁၂' X ၈') တည်ဆောက်ခြင်း၊လမ်း၏အနောက်ဘက်ခြမ်း (၂၀ HP Pump & Motor Standby Pump & duty Pump With pump in main & distrlbution Pipe Line) ပြင်ပလျှပ်စစ်မီးအပါအဝင်

(ဃ) ဖူဆယ်ကွင်းတည်ဆောက်ခြင်း(၁၂၀' X ၉၀')

(င) (၄)ခန်းတွဲ (၄)ထပ်ဆရာ/မဆောင်(၁)လုံးတည်ဆောက်ခြင်း R.C (၁၀၀' X ၃၀') ပြင်ပရေ (၄'' ⌀အဝီစိတွင်း၊ ဂါလန် (၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန် (၅.၅ HP Summersible Pump နှင့် အဆောက်အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၀ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၃-၁၁-၂၀၂၀ရက်(အင်္ဂါနေ့) (၁၆: ၃၀) နာရီ

၄။ **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - အင်ဂျင်နီယာဌာန၊ ရွှေဘိုတက္ကသိုလ်

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန၊ ရွှေဘိုတက္ကသိုလ်

၆။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ရွှေဘိုတက္ကသိုလ်ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၃၃၇၁၆၅၇၇၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ရွှေဘိုတက္ကသိုလ်**

---

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း ရေနှင့်သန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါဖြင့်ခေါ်ယူမည့်ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အိမ်သွယ်ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ
(၂) ရေဝေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ
(၃) Submersible Pump (Tube well type)
(၄) ရေပေးရေးဆိုင်ရာလုပ်ငန်းသုံးစက်ကိရိယာများ
(၅) ရေဓာတ်ခွဲခန်းသုံးပစ္စည်းများ

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** - အမှတ်စဉ်(၁)၊ (၂)၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၃၀ ရက်
အမှတ်စဉ်(၃)(၄)(၅)၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း** - အမှတ်စဉ် (၁)၊ (၂)၊ (၃) တစ်စောင်လျှင်-၁၀၀၀၀/-နှုန်း
အမှတ်စဉ် (၄)၊ (၅) တစ်စောင်လျှင်-၂၀၀၀/-နှုန်း

တင်ဒါပုံစံများအား (၁-၁၀-၂၀၂၀)ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍သော်လည်းကောင်း၊ online မှသော်လည်းကောင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန၊ ဖုန်း-၀၉-၇၇၈၇၁၆၀၃၇၊ email-mcdc.wsdprocurement@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

နောင်လေအုပ်စု၊ ထီတဖြေရွာ၊ (၆)မိုင်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဦးစိုင်းအိုက်ဆိ ၁၃/သပန(နိုင်)၀၅၃၄၅၂ သည် ATP အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကိုစိုင်းအိုက်ဆိ**
**ဖုန်း-၀၉-၈၅၁၄၇၇၂၉၆**

---




---

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ၊ မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး၊သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာနများတွင် ဝယ်ယူနိုင်ပြီး ၂၆-၁၀-၂၀၂၀ ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား နိုင်ငံပိုင်သတင်းစာမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၆၂၁၊ ၀၆၇-၃၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | 1-3(T)/MESC(D-R)/ 2020-2021 | ကွန်ကရစ်တိုင်9M(1000Nos)10M(650 Nos) 12M(65Nos)ဝယ်ယူခြင်း |
| ၂ | 1-4(T)/MESC(D-R)/ 2020-2021 | ဓာတ်အားလိုင်းပစ္စည်းများဝယ်ယူခြင်း |
| ၃ | 1-5(T)/MESC(D-R)/ 2020-2021 | ဓာတ်အားလိုင်းကြိုးများဝယ်ယူခြင်း |
| ၄ | 1-6(T)/MESC(D-R)/ 2020-2021 | ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူခြင်း |
| ၅ | 1-7(T)/MESC(D-R)/ 2020-2021 | ဓာတ်အားခွဲရုံသုံးဓာတ်ကြိုးများဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၃၀-၉-၂၀၂၀)ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး(၃-၁၁-၂၀၂၀)ရက်(၁၄:၀၀)နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၂၇လမ်း×၇၇×၇၈ကြား၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၄၀၆၉၁၂၂

---

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ် (၃၉)၊ မြေဧရိယာ ၀ဒသမ၁၈၅ ကေကို ဒေါ်နန်းစိန်ကြည်သည် လွန်ခဲ့သော (၁၅)နှစ်ခန့်မှ စတင်နေထိုင် အသုံးပြုလျက်ရှိခဲ့ရာ အဆိုပါမြေကွက်ကို ဒေါ်နန်းစိန်ကြည် ၁/ဗမန (နိုင်)၀၄၅၈၇၃ အမည်ဖြင့် မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းစိန်ကြည် ၁/ဗမန(နိုင်)၀၄၅၈၇၃၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**-နေပြည်တော်

(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**- နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**-နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး။

(ဃ) **အကျဉ်းဦးစီးဌာန**-နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

(င) **မီးသတ်ဦးစီးဌာန**- နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၁-၁၀-၂၀၂၀ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၇-၁၀-၂၀၂၀ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို သက်ဆိုင်ရာတပ်ဖွဲ့/ ဦးစီးဌာန(ရုံးချုပ်)များတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၁၂ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းဈေးအနောက်ဘက်၊ ပိုးဇာရပ်တွင် ဦးအောင်နိုင်ဝင်း ၅/စကန(နိုင်)၂၄၁၃၀၂ သည် နန်းမြို့အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဝင်း**
**ပိုးဇာရပ်၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၄၄၂၀၃၀၇၁၁**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျောက်ရစ် စံပြကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးချမ်းသာထွန်း ၅/ရဥန(နိုင်)၀၈၀၀၉၆ သည် ချမ်းဟိန်းအမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်မည်ဖြစ်ပြီး အဆိုပါအမည်အား အမှတ်တံဆိပ်မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာပါရက်စွဲမှ တစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးချမ်းသာထွန်း**
**ဖုန်း-၀၉-၇၈၁၄၄၀၇၂၈**

---

သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# တွဲဖက်ပါမောက္ခ ဒေါက်တာတင်ဆွေ

## လည်ပင်းကြီးနှင့်အထွေထွေရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း)

## အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ (၃)လမ်း၊ အမှတ် (၇၆)နေ ဦးပေါသန်း-ဒေါ်ခင်ရီတို့၏သား၊ ဒေါ်ခင်အေးရီ၏ခင်ပွန်း၊ Capt.ဝေဖြိုး-ဒေါ်အေးမို့မို့ခင်၊ ဒေါ်ဆွေရည်သိမ့်သိမ့်ထက်တို့၏ဖခင်၊ မသီရိထက်ထက်အောင် ၏အဘိုးသည် ၂၇-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

# တွဲဖက်ပါမောက္ခ ဒေါက်တာတင်ဆွေ

## လည်ပင်းကြီးနှင့် အထွေထွေရောဂါအထူးကုဆရာဝန်ကြီး(ငြိမ်း)

## အသက် (၆၃)နှစ်

၂၇-၉-၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာတင်ဆွေ နာမကျန်းဖြစ်၍ ဆေးရုံတက်ရောက်ကုသနေစဉ်အတွင်း အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ခုတင်(၅၀၀) အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အသည်းရောဂါဆေးကုဌာနမှ ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်တကွ ဝန်ထမ်းများ၊ Gleneagles Global Health City, Perumbakkam, Chennai မှ အသည်းအထူးကုဆရာဝန်ကြီးများနှင့်တကွ ဝန်ထမ်းများ၊ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေကုသရေးဌာနမှ ဌာနမှူးများနှင့်တကွ၊ ဝန်ထမ်းများ၊ သီတာအေးမြဆေးကုခန်းမှဆရာဝန်များ၊ ဝိသုဒ္ဓိမဂ်ဓမ္မလမ်း ဝိပဿနာအဖွဲ့မှ ဓမ္မမိတ် ဆွေများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ အီးမေး(လ်)နှင့် လူမှုကွန်ရက်စာမျက်နှာများမှ သတင်းမေးအားပေးနှစ်သိမ့်ကြသူများ၊ အမည်နာမအားဖြင့်ဖော်ပြ၍မရနိုင်လောက်အောင်များပြားသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
### နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလုပ်ငန်းများ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း/တံတားဆောက်လုပ်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန်အလို့ငှာ နိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၂၈-၉-၂၀၂၀ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၇-၁၀-၂၀၂၀ ရက် ၁၆ : ၃၀ နာရီ နောက်ဆုံးထား ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချ/တင်သွင်းရမည့်လိပ်စာမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး ဟိုပုံးမြို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၄၆၀၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ Aye Thar Aung Co.,Ltd. ၏ မတည်ရင်းနှီးငွေ ကျပ်သိန်း(၁၀၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

Aye Thar Aung Co.,Ltd.
U MYINT SOE AUNG
ဖုန်း-၀၉-၉၅၁၇၉၉၇၉၉

### မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ Nat Thit Ywart Co.,Ltd ၏ မတည်ရင်းနှီးငွေကျပ်သိန်း(၃၀၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

Nat Thit Ywart Co.,Ltd
U WAI PHYO AUNG
ဖုန်း- ၀၉-၂၅၀၁၀၃၈၅၆

### မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ Myanmar New Aye Yar Co.,Ltd. ၏ မတည်ရင်းနှီးငွေကျပ်သိန်း(၁၀၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

MYANMAR NEW AYE YAR COMPANY LIMITED
U SHIN SIN@ MAIPHU GAM @ U MYINT SHWEG
ဖုန်း-၀၉-၉၇၆၀၁၄၀၃၃

### မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ Myanmar Super Ray Co.,Ltd. ၏ မတည်ရင်းနှီးငွေ ကျပ်သိန်း(၅၀၀၀)မှ ကျပ်သိန်း(၁၀၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

MYANMAR Super Ray Co., Ltd.
DAW WAR WAR HLAING
ဖုန်း-၀၉-၉၅၁၇၉၉၇၉၉

**အလိမ္မာ စာမှာရှိ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၄

| | | |
|---|---|---|
| ဒေါ်နန်းမူး | နှင့် | ဒေါ်နန်းကျန်လ |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၁)ရပ်ကွက်၊ တိုးချဲ့ကွက်သစ်၊ ကျိုင်းတုံမြို့နေ တရားပြိုင် ဒေါ်နန်းကျန်လ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမူးက ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်စံ)
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၁၅၂၆)ရှိ တိုက်၏(ပထမထပ်) (၂-လွှာ)(ညာဘက်ခြမ်း)တိုက်ခန်းအား ပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဦးမျိုးမြင့် ၁၂/လသန(နိုင်)၀၁၀၆၄၆ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သိန်း ၁၁/စတန(နိုင်)၀၁၇၈၄၁ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းတို့နှင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနုစိုး (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၂၁/၁၇)**
**အမှတ် ၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၁၃၅၈၈၊ ၀၉-၇၉၈၂၄၇၇၆၃**

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/မြို့မြောက်ရပ်)၊ မြေကွက်အမှတ် (ပ-၁၆၆၀)၊ အကျယ်အဝန်း(၈၀x၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဂရန်မြေကွက်၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဦးကိုကိုနိုင်(ဘ)ဦးအောင်သိန်း ၁၂/မဘန(နိုင်)၀၀၂၂၁၅ မှ ဒေါ်အေးမိုးမိုးလှိုင် (ဘ)ဦးကြွယ်ဌေး ၉/မနမ(နိုင်)၀၉၁၃၈၆ ထံသို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၂-၅-၂၀၁၆ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၄၉/၂၀၁၆)အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ချစ် ( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)**
**ဖုန်း-၀၉-၄၃၁၁၂၂၄၀**

### မတည်ရင်းနှီးငွေ လျှော့ချခြင်းအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ U S K COMPANY LIMITED ၏ မတည်ရင်းနှီးငွေကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၅၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

U S K COMPANY LIMITED
U SAW WIN NAING
ဖုန်း- ၀၉-၄၀၁၅၈၆၇၃၂

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### နည်းပညာတက္ကသိုလ်(စစ်ကိုင်း)
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | လေးခန်းတွဲလေးထပ် ဆရာ/မဆောင် R.C (၁၀၀' x ၃၀')၊ အဆောင်အဝင်လမ်း (၁၀၀ ' x ၁၂' x ၈'') ပြင်ပရေ (၄ လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 Hp Summersible Pump နှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၂)လုံးတည်ဆောက်ခြင်းလုပ်ငန်း |
| ၂ | ၁၆၀ ဦးဆံ့ ကျောင်းသား/သူအိပ်ဆောင်(၂)ထပ် RC (၂၁၂' x ၁၃၂') (၂၆၇၂၄ စ/ပေ) (၁)လုံး နှင့် ထမင်းစားဆောင် (၁၂၂' x ၄၈') (၅၈၅၆စ/ပေ) (ရေမီးအပါအဝင်)၊ အဆောင်အဝင်လမ်း (၂၀၀' x ၁၂ ' x ၈'')၊ ပြင်ပရေ (၄ လက်မအဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5 Hp Summersible Pump နှင့် အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၃ | ခြံစည်းရိုး (၁၆၀)ဦးဆံ့ အိပ်ဆောင်(၁)လုံးတွင် Chain link ခြံစည်းရိုးခတ်ရန် (၁၂၀၀ပေ) |

၂။ အိတ်ဖွင့်တင်ဒါနှင့်စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ ရက် ရုံးချိန်မှစ၍ ဤနည်းပညာတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၁၁-၂၀၂၀ ရက် (၁၆ ၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ (အဆိုပြုလွှာနှင့်စီမံကိန်းလုပ်ငန်း Drawing ကို တင်ဒါလျှောက်လွှာရောင်းချစဉ် ပူးတွဲပေးပါမည်။)

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် P.O (Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ဤတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ P.O(Payment Order)မူရင်းကို ဤတက္ကသိုလ်၏ ဘဏ္ဍာရေးဌာနသို့ အပ်နှံရမည်။ မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအလိုက် အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၆၆၈၆၄၆၅ ဘဏ္ဍာရေးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်မည့်အချိန်နှင့်နေရာများကို ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၃

| | | |
|---|---|---|
| ဒေါ်နန်းဖောင်း | နှင့် | ဦးမုန့် |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၅)ရပ်ကွက်၊ ကျိုင်းအင်းရပ်၊ ကျိုင်းတုံမြို့နေ တရားပြိုင် ဦးမုန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းဖောင်းက ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက် (၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်စံ)
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

**မွေးသက္ကရာဇ် အမှန်**

ပင်လောင်းမြို့၊ မင်္ဂလာကွက်သစ်ရပ်ကွက်နေ မူတင်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၁၉၉၃ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၅၂၈၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးဝေဖြိုး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၆၄/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးကျော်ထက်အောင်(ဘ)ဦးစစ်ရှိန် ၁၂/ ရကန(နိုင်)၀၆၆၀၁၃မှ ဒေါ်သီဂီဝင်း (ဘ)ဦးထွန်းစိန် ၁၂/ရကန(နိုင်)၀၅၉၄၀၇နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**ကြီးမြန် သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင် လည်းရ ပြည်လည်း လှ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ်**
**အသက် (၄၆) နှစ်**
**M.D., Htun ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (Federation of MLCA) မှ ဒုတိယဥက္ကဋ္ဌ(၁)ဖြစ်သူ ဦးလားဇယ် သည် စက်တင်ဘာလ ၂၇ ရက် (တနင်္ဂနွေနေ့)ညက ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ
မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**
**Vice Chairman, (B.O.D - M.L.C.P)**

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ Vice Chairman, (B.O.D - M.L.C.P) ဖြစ်သူ ဦးလားဇယ် သည် ၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Chairman of Founder,
Chairman of B.O.D, Board of Directors များ၊
Myanmar Licensed Contractors Public Co., Ltd.

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလားဇယ် (Htun Construction)**
**အသက်(၄၅)နှစ်**
**Vice Chairman, (B.O.D - M.L.C.P)**

မြန်မာလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ Vice Chairman, (B.O.D) ဖြစ်သူ ဦးလားဇယ် သည်၂၇-၉-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးကျော်သူ၊ MD.
Rain Forest Co., Ltd.

## မောင်အောင်သီဟကျော်(ခ)မောင်အောင်ကြီး

**ဝင်းထိပ်တန်းစတိုး(ကျောက်မြောင်း)**
**အသက် (၂၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ အမှတ် (၁၁)နေ ဦးနေစိုး-ဒေါ်မြင့်မြင့်ခင်(ဝင်းထိပ်တန်းစတိုး)တို့၏သား၊ ဦးသိန်းငွေး-ဒေါ်လှလှမြင့်(ရွှေညာသား ဆေးဆိုင်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါတိုင်းရင်းဆေး)၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ခင်ခင်စိန်၊ ဘားအံမြို့နေ ဦးသာဇံ-ဒေါ်မြကျင်၊ ဒေါ်ဝင်းမြင့်၊ ဦးဝင်းနိုင်တို့၏တူသည် ၂၆-၉-၂၀၂၀ရက် (စနေနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မီး ဘေး ရှောင် မ လောင် ခင် တား

## ဘုရား၊ ကျောင်း ဒါယကာ

**ဦးထိန်ဝင်း အသက် (၇၉)နှစ်**
**စီးပွား/ကူးသန်း(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ချစ်ရွှေ)တို့၏သားထွေး၊ မန္တလေးမြို့နေ (ဦးလှိုင်ဦး-ဒေါ်စောလှိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်းနေ ဒေါ်ခင်ငွေး[အထပြ ဆရာမ(ငြိမ်း)]၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးအုန်းမောင်-ဒေါ်ကြည်ကြည်တင်)၊ (ဦးတင်အောင်-ဒေါ်သန်းအေး)၊ (ဦးကိုကိုကြီး)၊ (ဦးညွန့်လှိုင်-ဒေါ်မြမြသိန်း)၊ (ဦးအုန်းစိန်)-ဒေါ်လှလှသိန်း၊ ဦးခင်စိုး၊ ဦးကြင်စိုး-ဒေါ်သန္တာစိုးတို့၏ညီ/မောင်၊ တူ ရှစ်ယောက်၊ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၇-၉-၂၀၂၀ရက် ည ၈နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာ

**ဦးထိန်ဝင်း အသက် (၇၉)နှစ်**
**စီးပွား/ကူးသန်း(ငြိမ်း)**

ရန်ကုန်မြို့နေ (ဦးဘသိန်း-ဒေါ်ချစ်ရွှေ)တို့၏သားထွေး၊ မန္တလေးမြို့နေ (ဦးလှိုင်ဦး-ဒေါ်စောလှိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်းနေ ဒေါ်ခင်ငွေး[အထပြ ဆရာမ(ငြိမ်း)]၏ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးဟန်ဝင်း၊ မန္တလေးမြို့နေ ဦးအောင်နိုင်-ဒေါ်မီမီဝင်း (Sky Group Construction)၊ ဦးအောင်ကျော်စွာဟိန်း (Mascot Co.,Ltd.)-ဒေါ်နုယဉ်ဝင်း (PAS Co.,Ltd.) တို့၏ချစ်လှစွာသောဖခင်၊ မောင်စွမ်းဝေလျှံနိုင်၊ မယွန်းရွှေရည်ဖူး၊ မောင်ရှိုင်းထက်မြက်အောင်တို့၏ဘိုးဘိုးသည် ၂၇-၉-၂၀၂၀ရက် ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတင်သောင်း(ငြိမ်း)

**ကြည်း-၁၁၄၅၄ OTS (38)**
**ဒု-ဥက္ကဋ္ဌ (ပုဇွန်တောင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)**
**ဒု-ဥက္ကဋ္ဌ (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်)**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**
**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၂၃)၊ (၅၄) လမ်းနေ ဒေါ်ခင်မမလေး (Annie)၏ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်မောင်လွင်-မခိုင်ဇာနည်တင်တို့၏ဖခင်၊ အောင်သူရိန်မောင်မောင်၊ မင်းခန့်ကျော်မောင်မောင်တို့၏ချစ်လှစွာသောအဘိုးသည် ၂၈-၉-၂၀၂၀ ရက်(တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးမိုးနိုင်**
**(ဒုတိယခရိုင်ဥပဒေအရာရှိ၊ မိုးညှင်းခရိုင်ဥပဒေရုံး)**
**အသက် (၃၈)နှစ်**

ဦးစိုးမိုးနိုင်(ဒုတိယခရိုင်ဥပဒေအရာရှိ၊ မိုးညှင်းခရိုင်ဥပဒေရုံး) သည် ၂၈-၉-၂၀၂၀ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥပဒေအရာရှိ (၁/၂၀၁၀)မှ သူငယ်ချင်းများ

## ဒေါ်ဝါဝါ အသက် (၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သန်း) - ဒေါ်သန်းငွေးတို့၏သမီး၊ ဦးအောင်ကျော်စိုး၊ ဒေါ်ခင်မေကြည်တို့၏ညီမ၊ ဦးအောင်ကျော်မိုး-ဒေါ်အေးအေးသန်း၊ ဦးခင်မောင်အေး-ဒေါ်နန့်သီသီ၊ ဦးအောင်ကျော်တိုး၊ ဒေါ်နှော်သင်းသင်းတို့၏အစ်မသည် ၂၈-၉-၂၀၂၀ရက် နံနက် ၄နာရီတွင် တောင်ဥက္ကလာပနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ၊ သူငယ်ချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်**
**ပဓာနနာယကဆရာတော်**
**အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမန**
**သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ သိမ်ဖြူလမ်း၊ ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမန မဟာထေရ်မြတ်သည် ၂၈-၉-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၂:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့် ဆွေမျိုးတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

နာယကဆရာတော်များ

## အထူးကျေးဇူးတင်ရှိခြင်း

၂၀-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသော ကျေးဇူးရှင် ဦးထွန်းငွေ သံအမတ်ကြီး (ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန နာမကျန်းဖြစ်စဉ် နှစ်ပေါင်းများစွာ မိသားစုသဖွယ် ပြုစုစောင့်ရှောက်ပေးပါသော အထွေထွေရောဂါကုသမားတော်ကြီး ပါမောက္ခ(ငြိမ်း) ဒေါက်တာဒေါ်ခင်ခင်သက်၊ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသန်းထိုက်အောင်၊ ပါရမီဆေးရုံ Home Care Service မှ ဒေါက်တာ ဦးခင်မောင်ကြည်နှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့သားများအားလည်းကောင်း၊ ဝမ်းနည်းကြောင်း ပြောကြားပေးပါသော ဦးအုန်းကျော် (နိုင်ငံခြားရေးဝန်ကြီး-ငြိမ်း)နှင့်ဇနီး မမကြည်၊ ဦးညွန့်ဆွေ(နိုင်ငံခြားရေးဒုတိယဝန်ကြီး-ငြိမ်း)နှင့်ဇနီး မမသက်၊ ဝမ်းနည်းကြောင်း သတင်းစာများတွင် ဖော်ပြပေးပါသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားဝန်ထမ်းဟောင်းများ၊ ဝမ်းနည်းကြောင်း ပန်းစည်းနှင့် စာလွှာပေးပို့ပါသော မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး MR.ICHIRO MARUYAMA တို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝကို လိုလေသေးမရှိကူညီဆောင်ရွက်ပေးပါသော ရတနာအိမ်ရာသာယာရေးကော်မတီမှ ဦးကျော်မြင့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ခင်ဝင်း၊ ဦးစောဝင်း၊ ဦးကျော်စိုးသန့်နှင့် နာရေးကူညီမှု အသင်း(ရန်ကုန်)တို့အားလည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးမြန်း၍ လှူဖွယ်ဝတ္ထုများ ပေးပို့ပါသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူ ဇနီးနှင့် မိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**Lazarus (ခ)ဦးလားဇယ်(ခ)လာဇရု**
**(MD) ရတနာရွှေထွန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**
**(Director) ထွန်းဆောက်လုပ်ရေး**
**(ဒု-ဥက္ကဋ္ဌ -၁) မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်**
**(ဒု-ဥက္ကဋ္ဌ) မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**
**အသက် (၄၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၃)လမ်း၊ အမှတ် (၈၃)၊ မြေညီထပ်နေ [ဦးရာဂျူး(ခ)ဦးစိုးမြင့်]-ဒေါ်ရာဂျီနာမေရီတို့၏သား၊ Mari Stella Lazarus(ခ)စံပယ်လှိုင်(ခ)စန်းစန်းမြင့်၏ချစ်လှစွာသော ခင်ပွန်း၊ Alvina Lazarus ၏ချစ်လှစွာသောဖခင်သည် ၂၇-၉-၂၀၂၀ရက် ည ၁၁:၂၅ နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၉-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

**ဟာဂျီမိုဟာမက်အစ္စမာအိလ်(ခ)ဦးခင်မောင်အေး**
**ယူနီဗာဆယ်မျက်မှန်**
**အသက် (၄၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် (၂၆၃၊ ၂၆၅)နေ ဟာဂျီအဗ္ဗဒွလ်ဂနီ(ခ)ဦးမောင်အေး (မောင်အေးနှင့်သားများ မျက်မှန်ဆိုင်)-(ဟာဂျီမ ဒေါ်အိုင်ရှာဘီ)တို့၏ သားငယ်၊ ဟာဂျီဦးယာဆင်(ခ)ဦးမြင့်လွင် (ယာဆင်မျက်မှန်)၊ ဟာဂျီမဒေါ်ခင်မာလာ(ခ)ဘီလ်ကစ်ဘီတို့၏သားသမက်၊ ဟာဂျီဦးမောင်ငယ်-ဟာဂျီမ ဒေါ်ရီရီချိုတို့၏ ညီ/မောင်၊ ဟာဂျီမ ဒေါ်ခင်လှလှမြင့်(ခ)ရဟ်မသ်ဘီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရှိန်းဝေယံ၊ မောင်ဟိန်းဝေယံ၊ မောင်ခန့်ဝေယံတို့၏ချစ်လှစွာသောဖခင်သည် ၂၅-၉-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၂၀နာရီ အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၉-၂၀၂၀ရက် (စနေနေ့)တွင် ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ် တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# COVID-19 ရောဂါ ခတ်ခွဲအတည်ပြု လူနာသစ် ၈၉၇ ဦး တွေ့ရှိ

(၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ခတ်ခွဲနမူနာ စုစုပေါင်း (၅,၅၉၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ခတ်ခွဲအတည်ပြု လူနာသစ် (၈၉၇)ဦး တွေ့ရှိ ရပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မှတ်ချက်။ သေဆုံးလူနာ (၃၀)ဦးအနက် ဆေးရုံသို့ သေဆုံးရောက်ရှိသူ (၁၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၂၈-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ခတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၈၉၇) ဦး | (၁၁,၆၃၁) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၂၁၁) ဦး | (၃,၀၇၃) ဦး |
| သေဆုံးလူနာ | (၃၀) ဦး | (၂၅၆) ဦး |

## ကိုဗစ်-၁၉ ကာလ အသွားအလာစိစစ်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း ရန်ကုန်-သန်လျင်တံတားပိတ်ထားခြင်းမရှိ

**သန်လျင် စက်တင်ဘာ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မိမိနေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at Home) ညွှန်ကြားချက်များနှင့်အညီ လမ်းမများ၌ ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များအား စိစစ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ စက်ရုံ၊ အလုပ်ရုံများသို့ မဖြစ်မနေသွားရောက်တာဝန်ထမ်းဆောင်မည့်သူများအား သယ်ယူပို့ဆောင်လျက်ရှိသည့်ယာဉ်များ၊ စားသုံးကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ကျန်းမာရေးအတွက် သွားလာရသည့် ယာဉ်များအား သန်လျင်မြို့အဝင်တံတားထိပ်တွင် စိစစ်ခွင့်ပြုဆောင်ရွက်ပေးခြင်းသာဖြစ်ပြီး ပြင်ပတွင်ဖြစ်ပေါ်နေသော ရန်ကုန်-သန်လျင်တံတားပိတ်လိုက်ပြီဆိုသည့် ကောလာဟလသတင်းမှာ သတင်းမှားသာဖြစ်ကြောင်း သန်လျင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး

စာမျက်နှာ ၇ ကော်လံ ၁ ❑

## ခေတ်သစ်ပြည်ထောင်စုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ဖော်ပြပါရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ခေတ်သစ်ပြည်ထောင်စုပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက် ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။ မြန်မာ့အလင်း

## ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားတိုးတက်ရေးပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ၊အမျိုးသားတိုးတက်ရေးပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၉ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့ တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ သတင်းစဉ်

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ-၉

## စစ်ကိုင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေး မြို့အဝင် စစ်ဆေးရေးဂိတ်၌ ခရီးသွားပြည်သူများအား ကြပ်မတ်စစ်ဆေး

**စစ်ကိုင်း စက်တင်ဘာ ၂၈**

စစ်ကိုင်းမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ စစ်ကိုင်းမြို့အဝင် စစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အကြောင်းမဲ့ခရီးသွားလာခြင်းမျိုးများ မဖြစ်ပွားရအောင် အရှိန်အဟုန်မြှင့်တင်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အဖွဲ့အနေနဲ့ အခုရက်ပိုင်းမှာ အင်တိုက်အားတိုက် စစ်ဆေးကြပ်မတ်

စာမျက်နှာ ၉ ကော်လံ ၁ ❖




## လိဂ်ဖလားစတုတ္ထအဆင့်ပြိုင်ပွဲတွင် ချယ်ဆီးကို စပါး အနိုင်ယူနိုင်မလား

လိဂ်ဖလားစတုတ္ထအဆင့် ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၃၀ ရက်တွင် စပါးနှင့် ချယ်ဆီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ လိဂ်ဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းက ရှစ်ကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းအဖြစ် စံချိန်တင်ထားပြီး လက်ရှိချန်ပီယံ မန်စီးတီးအသင်းက ခုနစ်ကြိမ်ဖြင့် ဒုတိယအောင်မြင်ဆုံးအသင်းအဖြစ် မှတ်တမ်းတင်ထားသည်။

စပါးအသင်းသည် လိဂ်ဖလားကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နောက်ဆုံးအကြိမ် ရရှိခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းနှင့် ဆုံတွေ့ခဲ့ကာ ဘာဘာတော့ဗ်၊ ဝုဒ်ဂိတ်တို့၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် စပါးအနိုင်ရရှိကာ လေးကြိမ်မြောက် လိဂ်ဖလားကို ဆွတ်ခူးထားနိုင်ခဲ့သည်။ ချယ်ဆီးအသင်းက လိဂ်ဖလားကို ငါးကြိမ်မြောက် ဆွတ်ခူးရရှိထားပြီး ၂၀၁၄-၂၀၁၅ ခုနှစ် လိဂ်ဖလားဗိုလ်လုပွဲတွင် စပါးအသင်းနှင့်ပင် ဆုံတွေ့ခဲ့ကာ တယ်ရီ၊ ကော်စတာတို့၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထူးခြားသည်မှာ စပါးအသင်းလိဂ်ဖလား နောက်ဆုံးအကြိမ်ရရှိခဲ့ခြင်းမှာ ချယ်ဆီးအသင်းကို အနိုင်ယူပြီး ရရှိခဲ့သလို ချယ်ဆီးအသင်းလိဂ်ဖလား နောက်ဆုံးအကြိမ်ရရှိခဲ့ခြင်းမှာလည်း စပါးအသင်းကို အနိုင်ယူပြီး ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၅ ●

## ရောဝတီမြစ်ရေ ကသာမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ